www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဧက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။
ဂ်နှာဖုံးနှင့်အတွင်းပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြ ၀၀၀၇၇)၊ အမှတ် (၁၄၅)၊ နှင်းဆီမြူလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ဦးအောင်မြင့် (မြ ၀၀ ၂၇၆)၊ အောင်မြင့်စာပေ။
န့်ချိရေး အောင်မြင့်စာပေ၊ အမှတ် (၁) အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁ )

BURMESE CLASSIC

အားလုံးရဲ့အကြည့်တွေက သူ့ဆီ စုပြုံကျရောက်လာမှန်း..မောင် အလိုအလျောက် သိနေသည်လေ...။

မျက်လုံးများကို မေးကျဉ်းလျက် တစ်မျိုး၊ မျက်လုံးအိမ်ထောင့်မှနေ၍ တစ်မျိုး..ကြည့်နေကြသော မျက်လုံးတွေထဲမှာ..သူ့ကို မကျေမနပ်ဖြစ်နေကြမှန်း သိသာလွန်းလှသည်။

မကျေနပ်ချင်စရာပဲလေ။

ဒီဝိုင်းမှာ စထိုင်ကတည်းက သူပဲ ဆက်တိုက်ကြီး အနိုင်ရနေသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ အရောင်အသွေးစုံငွေစက္ကူတွေက တောင်ပူစာလေးတစ်ခုပမာ စုပုံမို့မောက်လျက်။

ဒါတင်ပဲမဟုတ်...ရှိသေးသည်။

နာရီများ...လက်စွပ်များ...

သူ မျက်လုံးများ မှေးကျခဲ့လျက်...မသိမသာ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိသည်။

နိုင်ပြီ...။

လောလောဆယ်တော့..သူ ကောင်းကောင်းနေ..ကောင်းကောင်းစား..ကောင်းကောင်းသုံးရုံအပြင်..ကောင်းကောင်းလည်း ဖြုန်းနိုင်ပြီ။

နေလည်း ညိုပြီ၊ ငွေလည်း စိုပြီဆိုတော့..အဲ!..လေမပြိုခင် သူ ဆတ်ခနဲ ထရပ်လိုက်သည်။

"ကဲ...ကိုယ်တော့ လစ်ပြီဟေ့၊ အားလုံးပဲ...ဘိုင့်"

သူ ခပ်သွက်သွက် နှုတ်ဆက်လိုက်သည်။

လက်ဖြောက်ကာ နှုတ်ဆက်လိုက်လျှင် သူ့အင်္ကျီလက်ရှည်ခေါက်ထဲမှ ဖျောခနဲ ထွက်ကျလာသည်မှာ အပွင့်ပါသော စက္ကူချပ်ကလေးများ။

"ဟာ!..တွေ့လား..ဒီကောင်ညစ်ထားတာ၊ အစကတည်းက ဒီလောက်ကြီး ဆက်တိုက်နိုင်တာ မဖြစ်နိုင်ပါဘူးလို့ ထင်သားပဲ"

"အချဉ်ဖမ်းတာ"

"ဒါမျိုး လာလုပ်ပါးမဝနဲ့"

ကြိမ်းဝါးသံ ဝေဖန်သံတွေကြားထဲမှာ မောင့်လှုပ်ရှားမှုက



www.burmeseclassic.com

www.burmeseclassic.com



လေထက်မြန်သည်။ ဗိုင်းလယ်က ပစ္စည်းတွေ ပိုက်ဆံတွေအားလုံး ကျောပိုးအိတ်ထဲ ရောက်ပြီးသား...

အားလုံးဗိုင်းလိုက်ချိန်မှာ မောင် လုစ်ခဲ့နဲ့ ပြတင်းပေါက်က ခုန်ဆင်းသည်။ မောင်က စ,ထိုင်ကတည်းက ပြတင်းပေါက်ကို ကျောပေးထားတဲ့နေရာကို ရွေးထိုင်ခဲ့တာလေ။

အိမ်ပြင်မှာ ဆိုင်ကယ်က အဆင်သင့်။

မောင် တက်လိုက်တာနှင့် ဆိုင်ကယ်လေးက မြွေတစ်ကောင်လို လမ်းမပေါ် လျှောခဲ့။

"လိုက်...လိုက်...မလွတ်စေနဲ့"

"မိတာနဲ့ အသေပဲမှတ်"

မိလိုက်တာနှင့် တကယ်ကို အသေပဲဆိုတာ မောင် နားလည်ပြီးသား...

မောင်နှင့်ထပ်တူ နားလည်သည်က ဆိုင်ကယ်မောင်းနေသော ဇော်ကြီး။

လမ်းမကြီးပေါ် ဆိုင်ကယ်ကို လုံးဝမတက်။

လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားမှ ခဲခဲယဉ်းယဉ်း တွေ့လိမ့်ထွက်သည်။

အန္တရာယ်လွတ်ကင်းရာ နေရာရောက်တော့ နှစ်ယောက်စလုံး မောပိုက်နေပြီ။

ဆိုင်ကယ်လဲညွှဲ ပက်လက်...လူတွေလည်း တုံးလုံး...။

"ကျေးဇူးပဲကွာ ဇော်ကြီး"

မြက်ခင်းပေါ် မှာ ခြေပစ်လက်ပစ် လှဲအိပ်နေရာသို့ ဇော်ကြီး



www.burmeseclassic.com

www.burmeseclassic.com


ပခုံးကို မဒီမကမ်း လှမ်းပုတ်လျက် ပြောလိုက်သည်။

"လေနဲ့ ကျေးဇူးမတင်နဲ့လေကွာ"

"မင်းကလဲ…"

"မင်း အိတ်ဖောင်းလာတယ် မဟုတ်လား!"

"မိလိုက်ရင် အသေပဲဆိုတာလည်း ထည့်ပြောဦးလေ"

"အဲ့ဒီအန္တရာယ်က သက်စွန့်ဆံဖျား ခဲခဲယဉ်ယဉ်း ကယ်တင်လာခဲ့တာ ဘယ်သူလဲ၊ ဟောဒီ ငဖော် မဟုတ်ဘူးလား!"

သူ ငဖော့်ကို မျက်လုံးလေးမှေးလျက် ကြည့်လိုက်သည်။

ကိုယ့်ကိုယ်ကို လည်လှပြီ ထင်နေတာ။ ဒီကောင်နှင့်ကျမှ တတုံးပေါ်တက်ပြီး ထိပ်ကွက်တတ်သည့်ကောင်နှင့် တိုးရသည်။

"ဟေ့ကောင်…တကယ့် ဖဲဂျိုးကြီးတွေကို မရ,ရအောင် လိမ်ရိုက်တတ်ဖို့ ဒီပညာကို ငါ ဘယ်နှနှစ် သင်ယူလေ့ကျင့်ခဲ့ရသလဲ သိလား!"

သူလဲ အိပ်ပြီးပြောရတာ အားမရတော့သလို ဆတ်ခနဲ…ငုတ်တုတ်ထထိုင်ရင်းက ပြောလိုက်သည်။

"ငါးမိနစ်"

"ဘာကွ…"

"မကြီးကျယ်နဲ့ ဟေ့ကောင်၊ မအေဗိုက်ထဲက လိမ်စရာမရှိ ခြေချင်းလိမ်ပြီး ထွက်လာခဲ့တဲ့ မင်းလိုကောင်အဖို့..ဘယ်ကိစ္စမဆို လိမ်နည်းပညာကို ငါးမိနစ်အတွင်း မြင်တာနဲ့တတ်တာ ငါသိပြီးသား"

သူ ပြန်ချေပလို့ မရတော့။

အမှန်တရားဟာ ငြင်းဆန်လို့မရဘူး မဟုတ်လား။


www.burmeseclassic.com

www.burmeseclassic.com



မောင် ဇော်ကြီးကို မျက်စောင်းကြီး ထိုးလိုက်သည်။

"မျက်စောင်းမထိုးနဲ့ ဟော့ကောင်၊ လာထား...ခြေကြွခ"

ဇော်ကြီးက သူ့ရှေ့ လက်ညှိုးကွေးလေး လှုပ်ပြသည်။

သူ နှုတ်ခမ်းကြီး တွန့်ကာရွဲ့ကာ ကျောပိုးအိတ်ထဲမှ ငွေစက္ကူ တစ်အုပ် ဆွဲထုတ်လိုက်ရသည်။

"ရော့...မသထာရေစာ"

"ခွေးကောင်..."

ဇော်ကြီး သူ့ကို သွားစေ့လျက် ကျိန်ဆဲသည်။

သူ ဆတ်ခနဲ မြက်ခင်းပေါ် ပြန်လှဲအိပ်ချလိုက်သည်။ ကျောပိုး အိတ်ကို ခေါင်းအောက် ခုလိုက်သည်။ ငွေစက္ကူတွေက သူ့ခေါင်းကို ထိုးနက်တိုက်ခိုက်နေသလို ခံစားနေရသည်။

အရင်တုန်းက ငွေပုံပေါ် အိပ်ရလျှင် အတော်ဖီမ်ရှိမယ် ထင်ခဲ့ မိသည်။ ခုတော့ မြေစိုင်ခဲတွေပေါ် အိပ်ရတာလောက် အရသာမရှိ။ ကောင်းကင်ပေါ် မော့ကြည့်လိုက်တော့ ညနေခင်းကြယ် (Evening Star)ပင် ထွက်ပေါ်လာသည်။

"ဟော့ကောင်...ထ"

သူ ဆတ်ခနဲ ခုန်ထလိုက်ပြီး တပြိုင်နက်ထဲ ဇော်ကြီးကိုပါ ဆွဲထူလိုက်သည်။

"ဘာလဲ!..."

"ကြိတ်မယ်..ကြဲမယ်..ကဲမယ်"

သူ ကျောပိုးအိတ် ကောက်လွယ်ရင်း ရှိ့ရှိ့ဟု ဒန့်ခ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီညအဖို့တော့ သူနေချင်သောဘဝမျိုးကို စိတ်ကြိုက်ခံစားနိုင်ခွင့်ရှိပြီ။

မနက်ဖြန်ဆိုတာ အဝေးကြီး လိုသေးသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )

"မ ချောင်းသားရေအစစ်ပါအန်တီ၊ ခုမှ သွင်းကာစခင်ဗျ၊ ကျွန်တော်တို့ လမ်းကြောင်းရှိလို့ ခုလိုလေး လျှော့ရောင်းတာခင်ဗျ"

အန်တီကြီးက သူ့လက်ထဲက ပိုက်ဆံအိတ်ကို နှားပွဲစားများ မျက်လုံးမျိုးဖြင့် စေ့စေ့စပ်စပ် ကြည့်သည်။

"မင်းဟာက စစ်ရော စစ်ရဲ့လားကွယ်"

"ရော်..သုံးနေကျ...brand ကောင်းကောင်းကိုင်နေကျလူ ဟာ သုံးနေကျ brand ကို အနံ့လေးရတာနဲ့တင် သိပါတယ်"

အဘွားကြီး သူ့စကားကြောင့် ယောင်ကန်းကန်းနှင့် ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို တရှုပ်ရှုပ် နမ်းကြည့်သည်။

အဘွားကြီးမျက်နှာ တွေတွေဝေဝေဖြစ်သွားတာ သူ သတိထားလိုက်မိသည်။

သူ ကြိတ်ပြုံးလိုက်မိသည်။ Customer တွေဝေပြီဆို ကိုယ့်ဘက် 90% ပါလာပြီဆိုတာ သူသိပြီးသားလေ။

"မင်းဟာက အပေါင်းများလားကွယ်"

လေသံကတော့ နည်းနည်းပျော့လာပြီ။

မင်းဟာကရဲ့နောက်မှာ ကြေးများဦးတော့မယ်ဆိုတာ သူက ကြိုသိပြီးသားမို့ အကြောင်းပြချက်ကလည်း အဆင်သင့်...

"အို...အန်တီရယ် ပြောရက်လိုက်တာ၊ ဟော့သလို မျက်လုံးလေးများ မှိတ်ပြီး လက်ညှိုးထိပ်လေးနဲ့ ဟောဒီလက်ကိုင်ကြိုးလေးကို အသာလေး ထိတွေ့ကြည့်လိုက်ပါ၊ အန်တီက သူ့ရဲ့ ပထမဆုံး အရှင်သခင်ဆိုတဲ့..ကြမ်းရှရှ အထိအတွေ့လေးကို သတိထားလိုက်မိပါလိမ့်မယ်"

သူက မျက်လုံးမှိတ်ကာ..လက်ကိုင်ကြိုးနေရာကို ဖွဖွလေး လက်ညှိုးထိပ်နဲ့ နမူနာ ထိတို့ပြလိုက်သည်။

အဘွားကြီးမျက်နှာမှာ စူးစမ်းလိုသော အရိပ်အယောင်များ ပေါ်လာပြီး သူလုပ်သလို လိုက်လုပ်သည်။

အဘွားကြီး မျက်လုံးမှိတ်လိုက်စဉ် လက်ကိုင်ကြိုးကို ကော်ပတ်စလေး လျှပ်တပြတ် ပတ်တင်ပေးလိုက်သည်။

အဘွားကြီး မျက်လုံးပြန်အဖွင့် သူ လက်အရှပ် တစ်ထပ်တည်း...



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးမျက်နှာမှာ ကျေနပ်သော ယုံကြည်သော အရိပ်အယောင်များကို တွေ့လိုက်ရလျှင် အလုပ်ဖြစ်ပြီဟု သေချာသွားပြီ။

"ကဲ...အန်တီ"

သူက မေးဆတ်ပြလိုက်သည်။

အဘွားကြီးက ပြုံးတုံ့တုံ့ကြီး လုပ်ကာ...

"သားရယ်..ပစ္စည်းကိုတော့ စိတ်ချပါပြီ၊ ဒါပေမယ့် ဈေးက"

အင်း...ဆစ်တော့မယ်။

ပစ္စည်းကို ဘယ်လောက်ကြိုက်ကြိုက်..မိန်းမတို့သဘာဝ ငါးဆယ် တစ်ရာပဲဖြစ်ဖြစ် ဆစ်ဦးတော့မှာပင်။

"မများပါဘူး အန်တီရယ်၊ ကျွန်တော် ဘယ်လောက်မှ မတင်ထားပါဘူး။ ဟိုမှာတင် ဘယ်လောက်ရှိသလဲဆိုတာ အန်တီသိမှာပါ။ ဆိုင်မှာဆို လေးပုံးလောက်ခေါ်မှာ၊ ကျွန်တော်က အမှန်အတိုင်း ဝန်ခံရရင်..."

သူ ဘေးဘီကို ကြည့်လျက် လေသံကို နှိမ့်ကာ...

"ပစ္စည်းလေးတွေ ရွေးစရာရှိလို့ ဒီဈေးနဲ့ချရောင်းတာ အန်တီ ဆိုင်တွေမှာလည်း မသွင်းချင်လို့၊ သိတယ်မှတ်လား..သိပ်ပြီး ကိန်းခန်းကြီးကြတာ၊ ကဲ...အန်တီရယ် မိတ်ဖြစ်ဆွေဖြစ် ငါးခွက်လျှော့ပေးလိုက်မယ်"

သူ လက်ငါးချောင်း ဖြန့်ချည်ဆုတ်ချည် လုပ်ပြလိုက်သည်။

အဘွားကြီး မျက်မှောင်ကြုတ်သွားသည်။

"ငါးထောင်လျှော့ပေးမယ်ပြောတာ အန်တီရဲ့၊ ကျွန်တော့်အတွက် ဘီယာဖိုးလေးကျန်ရင် ရပြီ၊ အန်တီ့ကို ဖောက်သည်ဖြစ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ"

အဘွားကြီး တဟင်းဟင်း သဘောကျရင်း ချက်ချင်းငွေချေသည်။

ပြီးတော့..ခုနကိုင်လာသော လက်ကိုင်အိတ်အစစ်ကို သိမ်းလျက် သူရောင်းသောအတုကို ဟန်နှင့်ပန်နှင့် တံတောင်မှာ ချိတ်ကာ မျက်နှာကိုချိုလျက် ထွက်သွားလေတော့သည်။

အဘွားကြီး ကွယ်တော့မှ သူနှင့်ဖော်ကြီး တခွီးခွီး ကြိတ်ရယ်လိုက်မိကြသည်။

"ညက်တယ်ကွာ...မောင်တို့အခေါ် အပြောကတော့ ညက်တယ်နော်၊ လိမ်နေကျမှန်း သိသာလိုက်တာ"

"လိမ်တဲ့ပညာက လွယ်တယ်များ ထင်နေလား၊ ရှေ့နောက်စကားညီညွတ်အောင် မျက်နှာကလည်းဣန္ဒြေရအောင် ဘယ်လောက်ကြိုးစားရတယ် မှတ်သလဲ...၊

ကိုယ်လိမ်မယ့်သူရဲ့ အနေအထားနဲ့ လိမ်မယ့်ပစ္စည်း အကြောင်းကိုလည်း ဂဃနဏသိရအောင် လေ့လာစုံစမ်းရသေးတယ် ကွ နားလည်ရဲ့လား!"

"လေးစားပါတယ်"

သူ့စကားကို ဖော်ကြီးက လက်နှစ်ဖက်ဆုပ်လျက် လေးစားဟန်ပြုသည်။

ညနေစောင်းလောက်မှာ သူ အိတ်ငါးလုံးခန့် ရောင်းရပြီးဖြစ်သည်။ ငါးထောင်လောက်နှင့် ကောက်ခဲ့သောအိတ်တွေကို..တစ်ရက်ထဲနှင့် ငါးသိန်းလောက် ရလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရှိ..."

လေကလေးချွန်ကာ ဖော်ကြီးပခုံးကိုဖက်လျက်..သူတို့ စားသောက်ဆိုင်ကောင်းကောင်းလေးတစ်ဆိုင်ဘက် ခြေဦးလှည့်သည်။

"အထည်ကြီးပျက်တွေဆီမှာ ဒါမျိုးပစ္စည်းအကောင်းစားတွေ အများကြီး ရှိတတ်ကြတယ်ကွ၊ ပိုက်ဆံလိုလာတော့ မတန်တဆဈေးနဲ့ ထုတ်ရောင်းကြရော၊ သိတယ်မဟုတ်လား။ လူသိလည်း မခံရဲကြဘူး"

အိတ်တွေကို ရှာဖွေပေးခဲ့သူက ဖော်ကြီးပဲဖြစ်သည်။

အစစ်မဟုတ်သည့်တိုင် အတုထဲမှာတော့ နိုင်ငံခြားဖြစ်အတုပဲမို့ ဒီအိတ်တွေကလည်း ဈေးကွက်တော့ရှိသည်။

တဖြည်းဖြည်း ကိုင်တာကြာလာတော့မှ အရောင်ကျလာတာမျိုး၊ ဇစ်တွေ ခလုတ်တွေ ချောင်သွားတာမျိုး ဖြစ်တတ်တာ ဖြစ်သည်။

လောလောဆယ်တော့ ငါးသိန်းလောက် ရလိုက်ပြီမို့...သူကောင်းကောင်းဖြုန်းနိုင်ပြီပင်။

ဒီငါးသိန်းက ဘယ်နှစ်ရက် ဖြုန်းရမည်လဲ။

ဒီပိုက်ဆံကုန်သွားခဲ့လျှင်...





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၃ )

အိပ်မရသည့်ညမို့ ညတာက ပိုမိုရှည်လျားနေသည်ဟုထင်မိသည်။ ဗိုက်ထဲက ဆာလောင်မွတ်သိပ်လှသည်မို့ မျက်လုံးတွေကပါ အလိုလို ကြောင်၍နေသည်။

မနက်မိုးလင်းကတည်းက ဘာမှမစားရသေးသော အစာအိမ်ပေါင်းလောင်းက ဗိုက်နံရံကို ဖောက်ထွက်တော့မတတ် နှိပ်စက်နေသည်။ ရေသောက်လိုက်၊ ဗိုက်မှောက်အိပ်လိုက်၊ ဆာလျှင် ရေထသောက်လိုက်၊ ပက်လက်လှဲလိုက်၊ ဗိုက်ဆာလိုက်၊ ရေထသောက်လိုက်၊ ဘေးတစောင်းလေး ခွေလိုက်၊ ဗိုက်ဆာလိုက်နှင့် သူ့အဖြစ်က Hip Hop သီချင်းစာသားများလို လုံးလည်ချာလည်လိုက်ကာ ဗိုက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ပင်လယ်ရေလှိုင်း ရိုက်ခတ်သံလို ဆူညံလို့နေသည်။

မနေနိုင်လောက်အောင် ဗိုက်ထဲက ဆန္ဒပြလာချိန်မှာ..သူ ဝုန်းခနဲ ထလိုက်မိသည်။

"ဟဲ့...သောက်ပလုတ်တုတ်"

ဖော်ကြီး လန့်ကာ ထအော်သည်။

"အလန့်တကြားကွာ ဗိုက်ဆာရတဲ့ကြားထဲ"

"ခွီးတဲ့မှ...မင်းတစ်ယောက်ထဲ အစာအိမ်ရှိတာ မဟုတ်ဘူး ကွ၊ ငါလည်း ဆာလွန်းလို့ သေတောင် သေပစ်လိုက်ချင်ပြီ၊ တောက်!.. ငါးရာတစ်ထောင်တောင် မရှိတော့ဘူးကွာ"

"မိုးလင်းကတည်းက ဗိုက်ထဲမှာ ရေပဲရှိတယ်"

ဖော်ကြီး ဗိုက်ကိုနှိပ်ကာ ရှုံ့မဲ့ပြီး ထလာသည်။

"အဲ့ဒါ မင်းကြောင့်..၊ ပိုက်ဆံရလာရင် ဘယ်တော့မှ စုထား ဆောင်းထားတယ်ဆိုတာ မရှိဘူး၊ နေ့ဖို့ညစာလည်း မချန်တတ်ဘူး။ တစ်နပ်စားကြဲပြီး အကုန်ဖြုန်းပစ်တာပဲ"

"ဘာဖြစ်လဲကွာ...ငါရှာတဲ့ပိုက်ဆံ ငါသုံးတာ..၊ ငါကောင်း ကောင်းနေချင်..ကောင်းကောင်းစားချင်..ကောင်းကောင်းဇိမ်ခံချင် တယ်၊ တစ်ဘဝစာ မနေရဘူးဆိုရင်တောင် ရက်ပိုင်းလေး နေရရင် ငါကျေနပ်တယ်၊ အဲ့ဒါကြောင့် အန္တရာယ်များပေမယ့် ငွေရလွယ်တဲ့ အလုပ်တွေကို ငါလုပ်နေတာပဲ"

"လုပ်...ကောင်းတယ်၊ တစ်ချီကောင်း ကြဲလိုက်၊ ငွေတွေ ပက်ခနဲ ရလိုက်၊ သူဌေးဖြုန်း ဖြုန်းလိုက်၊ ကုန်သွားရင် ဝတ်လိုက်"

ဖော်ကြီး ပြောသမျှ အမှန်တွေချည်းပဲမို့ သူ ငြိမ်ဆိတ်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ သို့သော်...သူက အငတ်ခံ သေမယ့်သူမဟုတ်။

သူ အကြံထုတ် စဉ်းစားနေခြင်းသာဖြစ်သည်။

ဖော်ကြီးက သူ့အနား လာထိုင်သည်။

သူ့အကြောင်းကို A to Z သိနေသော ဖော်ကြီးက နှုတ်ခမ်းကြီးတွန့်၊ မျက်လုံးကြီး မှေးကြည့်ကာ...

"ပြောစမ်းပါဦး...ဘယ်သူ့ကိုလိမ်ဖို့ စဉ်းစားနေတာလဲ!"

သူစဉ်းစားလျှင် လုပ်နေကျအကျင့်ဖြစ်သော နဖူးကို လက်ညှိုးနှင့် ထောက်ကာ...

"မနက်ကျရင် မင်း ဘဲဥဆီသွား"

"ဘဲဥဆီ ဟုတ်လား!"

ဖော်ကြီး သူ့ကို မျက်လုံးကြီး ပြူးကာ ကြည့်သည်။

"မင်း အထည်ကြီးတွေ ကိုင်တော့မှာပေါ့ ဟုတ်လား!"

သူ ဆိတ်ဆိတ်နေလိုက်သည်။

"ဖြစ်ပါ့မလားဟေ့ကောင်ရ၊ အထည်ကြီးတွေက အန္တရာယ်"

သူ မျက်မှောင်ကြီးကြုတ်ကာ ကြည့်လိုက်သည်။ ဖော်ကြီး စကားမဆက်ဝံ့။ သူက ဆုံးဖြတ်ချက်ချပြီးလျှင် မဖြစ်ဖြစ်အောင် လုပ်တတ်သည့် လူစားမျိုးဖြစ်သည်။

ဘဲဥဆိုတာ ကျောက်မျက်ရတနာ အတုအပ ရောင်းဝယ်ဂုား ရမ်းသောလုပ်ငန်းလုပ်သည့် သူငယ်ချင်းတစ်ယောက်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၄ )

သူ ပြုံးနေသည်။ ပြုံးပုံပြုံးနည်း မြောက်မြားစွာ ရှိသည့်အနက် မောင့်အပြုံးက နူးညံ့ကြည်စင်ကာ ဖွဖွရွရွကလေး ပြုံးထားသော အပြုံးဖြစ်သည်။

သို့သော် အထက်တန်းလည်း ကျနေရမည်။ အဆင့်အတန်းရှိသော အကျိုးတော်ဆောင်တစ်ယောက်၏ အပြုံးမျိုး။ ပွဲစားပြုံး မဖြစ်စေရ၊ ဈေးသည်ပြုံး မဖြစ်စေရ။

လူခေါ်ခေါင်းလောင်းလေးကို အသာအယာ ဂျန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းလေး လှုပ်ရင်းမှ မဆီမဆိုင် အလုပ်ဖြစ်ပါစေဟု ဆုတောင်းနေမိသည်။

အင်း...အလုပ်ဖြစ်ရင်ဖြစ် မဖြစ်ရင် အလစ်ဖြုတ်ရမှာပဲ...။

"သူပြုံးနေသည်...မကြာခင် လိမ်တော့မည်"

မောင်..ဖော်ကြီးကို မျက်ခုံးနှစ်ခု ထိဆက်မတတ် တွန့်ချိုးကာ လှည့်ကြည့်လိုက်သည်။

"ခုချိန်မှာ မင်းကိုငါ အလိုမရှိဘူး ဖော်ကြီး။ ငါအလုပ်ပြီးတဲ့အချိန် မင်းရှိနေရင် ရပြီ၊ အလုပ်လုပ်တဲ့အချိန်မှာ မင်း ငါ့အနားရှိနေရင် လာဘ်ပိတ်တယ်၊ မင်းက ဘူကောင်.."

"အေး...မင်းပြောထားနှင့်ဦးပေါ့ကွာ၊ အံမယ်လေး ဆိုတော့မှ ငါ့ကို လာ,တ...ကြားလား"

ဖော်ကြီး မှုန်ကုတ်ကုတ်နှင့် ဆိုင်ကယ် စက်နှိုးကာ ထွက်သွားတော့သည်။

သူ ရှေ့ပြန်လှည့်ကာ အိမ်တံခါးဝဆီ ပြန်ကြည့်ကာ ခုနက အပြုံးအတိုင်း ပြန်ပြုံးလိုက်သည်။

မကြာခင် အမျိုးသမီးကြီးတစ်ဦး စူးစမ်းသောအကြည့်ဖြင့် သူ့ကိုကြည့်ရင်း အိမ်ထဲမှ ထွက်လာသည်။ အမျိုးသမီးကြီးနောက်က အမျိုးသားကြီးတစ်ယောက်ပါ ထွက်လိုက်လာသည်။

မျက်နှာထားတွေက ခပ်တင်းတင်းပေမယ့် တောကတက်လာကြသည့် သူ့ငွေးတွေမို့ ရိုးသားဟန် အပြည့်ပေါ်လွင်သည်။

"ဘာကိစ္စလဲကွယ့်"

ခပ်တင်းတင်း မေးသော်လည်း သူ့ဘက်က ရင်းနှီးမှုအပြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်...

"ဒေါ်ဒေါ် မမှတ်မိတော့ဘူးလား!"

အဘွားကြီး ဇဝေဇဝါဖြစ်သွားလျှင်...

"ကျွန်တော် မနွယ်နဲ့အတူ ပါလာဖူးသေးတယ်လေ"

သူ တမင် လေသံကိုနှိမ့်လျက် ပြောလိုက်သည်။

"အို...ဟုတ်လား"

အဘွားကြီး နည်းနည်း အားတုံ့အားနာဖြစ်သွားပုံရသည်။

"ပြီးခဲ့တဲ့တစ်ခေါက်က အပြန်မှာ ကားဖြူလေးနဲ့ မနွယ်နီကို လာကြိုတယ်လေ၊ ခုတော့ ကားမအားတာနဲ့ တက္ကစီနဲ့ပဲလာလိုက်တာ"

အဘွားကြီး သူ့မျက်နှာကို မှတ်မိသလိုလို မမှတ်မိသလိုလို သေသေချာချာ ကြည့်နေသည်။

မနွယ်နီ ဒီကိုလာတိုင်း ယောကျ်ားလေးအဖော် ပါလာနေကျ မဟုတ်လား...။

"ဒါနဲ့ အခု.."

"မနွယ် မအားလို့ ကျွန်တော်ပဲလာလိုက်တာ ဒေါ်ဒေါ်၊ ပစ္စည်းတွေကတော့ ထုံးရှယ်တွေချည်းပဲ၊ ဦးဦးဖျားဖျား လာပြတာ"

အဘွားကြီးမျက်လုံးများ တဖျတ်ဖျတ် အရောင်တောက်သွားကာ ခြံတံခါးသော့ကို အလျင်စလို ဖွင့်သည်။

"စိတ်မရှိပါနဲ့ တူကြီးရယ်..၊ ဒေါ်ဒေါ်က ဒီမြို့ကလူတွေကို မမှတ်မိတတ်လို့ပါ။ မနွယ်နီလောက်ပဲ သိတာ"

"ဟုတ်တယ် ဒေါ်ဒေါ်ရေ၊ မြို့မှာနေတယ်ဆိုတော့ စားသတိ သွားသတိနဲ့ နေနိုင်မှ...လူလိမ်တွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာပြော...သူ့ဘာသာ မသိမသာ ပခုံးတွန့်လိုက်မိသည်။

"ဒီမှာ ဒေါ်ဒေါ့်အတွက် ပါတိတ်၊ ဦးကြီးအတွက် ပလေကပ်၊ ပြီးတော့ မုန့်နဲ့ အချိုရည်ဗူးတွေ၊ ဒေါ်ဒေါ်တို့က အပြင်သိပ်မထွက်တတ်ဘူး မဟုတ်လား၊ အဲဒါကြောင့် အများကြီး ဝယ်လာခဲ့တယ်"

လက်ဆောင်ထုပ်ကို စားပွဲပေါ်တင်လိုက်တာနှင့် အဘိုးကြီး အဘွားကြီးနှစ်ယောက်လုံးရဲ့ မျက်လုံးများမှာ အငမ်းမရ ဖြစ်သွားကြတော့သည်။

"အားနာစရာကြီးကွယ်...နွယ်နီတို့ကတော့ လုပ်ပြီ"

"အေးလကွာ..ကဲ..ကဲ..ပစ္စည်းတွေလည်း ပြစ်မ်းပါဦး၊ ဦးကြီးမှာလိုက်တဲ့ နဝရတ်လက်စွပ်ရော ရရဲ့လား"

သူ အတာချိကော့စ်ကို လက်ချောင်းလေးများ ကော့ကာ ဖွင့်လှက် သေတ္တာငယ်ကို ထုတ်ယူလိုက်သည်။

"ပါ,ပါတယ် ဦးကြီးရယ်၊ အဲ့ဒီနဝရတ်လက်စွပ်ကို ကျွန်တော့်ပန်းတိမ်ဆရာက ကိုးရက်တိတိ ဥပုသ်စောင့်ပြီး လုပ်ပေးတာပါခင်ဗျာ၊ ဒါမျိုးက လုံးဝအများအယွင်း မခံဘူး မဟုတ်လား၊ ကြည့်ပါ...တရော်ကင်ပွန်းနဲ့ ဆေးပြီးသား"

တော်ပါသေးရဲ့...လိုရမယ်ရ ယူခဲ့သမျှ ကွက်တိဖြစ်နေလို့။ သူ နဝရတ်ကိုးသွယ်လက်စွပ်ကို အဘိုးကြီးဆီ တရိုတသေ ကမ်းပေးလိုက်သည်။

အဘိုးကြီးက လက်ညှိုးမှာ စွပ်ကြည့်သည်။

"အာ...ချောင်နေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ခလယ်မှာ စွပ်ကြည့်ပါခင်ဗျာ၊ နဝရတ်ကိုးသွယ်ဆိုတာ ကျောက်မျက်ထဲမှာ အမြင့်ဆုံးမို့ အမြင့်ဆုံးလက်ချောင်းမှာပဲ သူ့ကို နေရာပေးရပါတယ်ခင်ဗျာ"

"ဟေ...ဟုတ်လား"

အဘိုးကြီး ကပျာကယာ လက်ခလယ်ဆီ ပြောင်းဝတ်သည်။

"ရှင်ကလဲလေ...နံရန်ကော"

အဘွားကြီးက မြို့အထာဝင်လာပြီဆိုသည့် သဘောမျိုး... အဘိုးကြီးကို နှိပ်ကွပ်သည်။

"ဟေ...လက်ခလယ်နဲ့တော့ အတော်ပဲဟေ့"

အဘိုးကြီး လက်ခလယ်မှာ ပြောင်းဝတ်ထားပြီးသော လက်စွပ်ကို ထောင်ကြည့်သည်။

"မင်္ဂလာရှိလိုက်တာခင်ဗျာ...ဦးကြီးလက်နဲ့ လိုက်ဖက်တင့်တယ်လိုက်တာ၊ ဦးကြီးတော့ ကျက်သရေမင်္ဂလာရှိစွာနဲ့ ဘုန်းတန်ခိုး ပိုမိုတိုးတက်မယ့် နိမိတ်လက္ခဏာပဲ"

"ဟေ...ဟုတ်ရဲ့လားကွယ်"

"ဟုတ်ပါပြီကော ဦးရယ်၊ တိုင်းထားတဲ့အတိုင်း ဖြစ်နေတာ မထူးဆန်းပေဘူးလား"

"အေးကွယ်...ဟုတ်သား"

"ကဲ...ကိုလှဘော်၊ တော့်ချည်း ကျက်သရေတက်လို့ ဖြစ်ရောလား၊ တူမောင်...ဒေါ်ဒေါ့်အတွက်ရော ပြစမ်းပါဦး"

"ပါပြီးသားပါ ဒေါ်ဒေါ်ရဲ့...ပြပါ့မယ်၊ စိန်အသန့်စင်တွေ ယူလာခဲ့တယ် ဒေါ်ဒေါ်၊ မီးခိုးရောင်လေးပြေးလို့ လှလိုက်သမှ"



www.burmeseclassic.com

www.burmeseclassic.com



"စိန်...ဟုတ်လား!"

အဘွားကြီး မျက်လုံးပြူးသွားသည်။

"စိန်ကလည်း သူ့စျေးနဲ့သူ ရှိပါတယ် ဒေါ်ဒေါ်၊ အရမ်းကြီး စျေးမမြင့်ပါဘူး၊ ကြည့်ကြည့်ပါဦး ဒေါ်ဒေါ်ရဲ့"

သူ..လော့ကတ်များ လက်စွပ်များ နားကပ်များကို အဘွားကြီး ရှေ့ ချပြလိုက်သည်။

"ဒီဖိုင်းကတော့ နောက်ဆုံးပေါ် ချည်းပဲ ဒေါ်ဒေါ်"

"လှပါရဲ့ကွယ်..ဒါပေမယ့် စိန်လောက်တော့ ဒေါ်ဒေါ် မှီနိုင် မယ်မထင်ဘူး"

"မမှီ မရှိစေရပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော် မမှီ့မှီအောင် လုပ်ပေးမှာပေါ့"

"တူကြီးရယ်...ဒေါ်ဒေါ်တို့မှာက သားသမီးတွေ နိုင်ငံခြားက ပို့ ကဲ့ ပိုက်ဆံလေးနဲ့ နေနေရတာ၊ သားသမီးတွေက မြို့တက်နေဆိုလို့ တောက တက်လာရတာ၊ အမြင်ဖြင့် ဘာမှရှိတာမဟုတ်ဘူး၊ သူတို့ပို့တဲ့ ငွေလေးကို ချွေတာစားပြီး အဖတ်တင်အောင် ရွှေလေးကျောက်လေး စုဆောင်းပေးရတာ၊ သူတို့တွေအတွက် ရှေ့ရေးပါပဲ၊ စိန်လောက်တော့ ဖြင့်..."

"ဒီမှာ ဒေါ်ဒေါ်ရဲ့"

အဘွားကြီးရဲ့ ရှည်ရှည်လျားလျား စကားများကို သူ စိတ် ရှည်လက်ရှည် နားထောင်ပေးပြီး...မဆုံးခင်မှာတော့ ဖြတ်ပြီး လက် ကာပြလိုက်ရသည်။

"ဒေါ်ဒေါ့်သားသမီးတွေက နိုင်ငံခြားမှာဆိုတော့ အရမ်းကို



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကျယ်နေကြမှာပါ၊ ဒီမှာလဲ မြို့နေလူတန်းစားတွေက အမြင်ကျယ်နေကြပါပြီ၊ ဒေါ်ဒေါ်တို့ အဆင့်အတန်းက...ရိုတန်ဆာ မရှိဝမ်းစာဆိုတဲ့ အဆင့်အတန်းမှ မဟုတ်တာ၊ စုဆောင်းဖို့သက်သက်ဆိုရင်တော့ ဒီခေတ်ကြီးက ရွှေမဟုတ်တော့ဘူး ဒေါ်ဒေါ်ရဲ့၊ စိန်ခေတ်ခင်ဗျ... စိန်ခေတ်၊ စိန်က ဈေးကွက်လည်း ငြိမ်တယ်၊ အရှုံးလည်း မရှိတတ်ဘူး၊ ရွှေကို ငါးကျပ်သားလောက် အထူကြီး လူအမြင်ကတ်အောင် ဝတ်ထားမယ့်အစား အပွင့်လုလု နားကပ်လေး တစ်ရံလောက်ပဲ ဝတ်ထားလိုက်ကြည့်၊ လူလည်းရှိန်တယ်..ယဉ်လည်းယဉ်တယ်၊ ခေတ်မီပြီး ကျက်သရေရှိတာ စိန်ပဲ ဒေါ်ဒေါ်ရဲ့"

ရှည်ရှည်ဝေးဝေး ပြောနေရတာမို့ သူမောသွားသည်။ အဘိုးကြီး အဘွားကြီး မျက်လုံးတွေက စိန်ထည်တွေဆီမှာ တဖျက်ဖျက်လက် ကျရောက်သွားလေသည်။

"ကဲ...လောလောဆယ် ဒေါ်ဒေါ်တို့ အဆင်ပြေအောင် ကျွန်တော်က ဒီလိုလေး လုပ်ပေးပါ့မယ်၊ ဒေါ်ဒေါ် ငွေလိုတယ်ဆိုရင် ရွှေနဲ့လဲလိုက်လေ၊ မန္တလေးဆီက ဝယ်ထားတဲ့ပစ္စည်းတွေပဲ မဟုတ်လား။ လက်ရှိပေါက်ဈေးနဲ့ပဲ ရှင်းပေးလိုက်ပါ့မယ်..၊ ရွှေအတွက်လည်း ဒေါ်ဒေါ်တို့ မြတ်မယ်၊ စိန်လည်း ဝတ်ရမယ်..၊ ဒေါ်ဒေါ်တို့ဘက်က အသာစီးချည်းပဲ၊ ကိုယ့်ဖောက်သည်တွေဆိုတော့ ကျွန်တော်က မင်္ဂလာရှိစေချင်လို့ပါ"

"ဟင်...ရွှေနဲ့လဲပေးမယ် ဟုတ်လား!"

"ရွှေကို လက်ရှိပေါက်ဈေးပေးမယ် ဟုတ်လား!"

အဘိုးကြီး အဘွားကြီး လင်မယားနှစ်ယောက်လုံး မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံး မျက်ဆံပြူးနှင့် အထိတ်တလန့် အံ့ဩကုန်ကြသည်။

"ပြောပြီးပါကော...ကျွန်တော်က ဝယ်သူတွေကို အမြဲအသာစီး နေစေချင်တာ၊ ကျွန်တော့်အတွက် ကွမ်းဖိုးဆေးဖိုးလေး ကျန်ရင်ရပြီ၊ လောဘသဏ္ဍာယလည်း မတက်ပါဘူး ဒေါ်ဒေါ်ရယ်၊ ကုသိုလ်လည်း ရချင်ပါတယ်"

"ယုံပါတယ်ကွယ်..အို..ဒေါ်ဒေါ်တို့ဖြင့် သူတော်ကောင်းနဲ့တွေ့ရတယ်ပဲ အောက်မေ့ပါရဲ့"

"ဟုတ်ပါရဲ့ မောင်မင်းကြီးသားရယ်၊ ကိုယ့်ထက် ငယ်နေလို့သာပေါ့...ထိုင်တောင် ရှိခိုးဦးတင်ချင်ပါရဲ့"

"အို..အို..အဲ့လိုမလုပ်ပါနဲ့၊ ကျွန်တော့်ကို နွေခေါင်ခေါင်ကြီးမိုးကြိုးပစ်ချနေပါ့မယ်၊ ကျွန်တော်က ဖောက်သည်တွေကို စိတ်ချမ်းသာစေချင်လို့ပါ၊ ကိုယ့်ဒေါ်ဒေါ်တို့ ဦးကြီးတို့ စိတ်ချမ်းသာတယ် ကျေနပ်တယ်ဆိုရင်ဖြင့် ကျွန်တော် ထမင်းမစားဘဲ ဗိုက်ပြည့်ပြီ...တကယ်ပြောတာ"

ရွှန်းရွှန်းဝေအောင် ပြောလိုက်ပြီး မကြာခင်မှာပင် အဘွားကြီးအတွက် နားကပ်တစ်ရံ၊ လော့ကတ်တစ်ခုနှင့် အဘိုးကြီးအတွက် လက်စွပ်တစ်ကွင်းကို ရွှေငါးကျပ်သားနှင့် လဲလှယ်လိုက်နိုင်ပြီ။

"ကဲ...ဒီနေ့တော့ အားလုံးအတွက် ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ခညောင်းတဲ့နေ့ ဖြစ်ပြီပေါ့ခင်ဗျာ၊ ကျေးဇူးအများကြီး တင်ပါရဲ့၊ ကျွန်တော့်ကိုလည်း ခွင့်ပြုကြပါဦး"

"အို...ဒေါ်ဒေါ်တို့က ကျေးဇူးတင်ရမှာပါ"

"ထမင်းစားပြီးမှပြန်ပါ တူကြီးရာ၊ မင်းဒေါ်ဒေါ်လက်ရာ တော



www.burmeseclassic.com

www.burmeseclassic.com



ချက်ကလေးပေါ့"

"နေပါစေတော့ခင်ဗျာ...အလုပ်ကိစ္စလေးရှိသေးလို့"

လိမ်စားနေကျမို့လားမသိ၊ သူ မြန်မြန်စကားဖြတ်ကာ ပြန်ဖို့ ပြင်ရသည်။ နောက်ကျောက အလိုလို မလုံမလဲ ဖြစ်လာသည်လေ။

လမ်းသွယ်လေးတစ်ခုရဲ့အကွေ့ထဲမှာ ဇော်ကြီးက အသင့် စောင့်လျက်။

သူ အမြန်တက်ရင်း...

"မြန်မြန်မောင်း ဇော်ကြီး၊ ငါ အန္တရာယ်အနံ့ ရတယ်"

"အေး...ငါလည်း မျက်ခမ်းတွေ တဆတ်ဆတ်လှုပ်နေတယ်"

သူတို့အထွက် လမ်းထိပ်မှာ မနွယ်နီ စီးလာသောကားနှင့် ပက်ပင်းတိုးသည်။ မနွယ်နီ မျက်မှောင်ကြုတ်ပြီး ကြည့်သွားသည်ကို မသိဟန်ဆောင်နေလိုက်သော်လည်း...ရင်ထဲမှာတော့ တဒိန်းဒိန်း ခုန်ကာ တုန်လှုပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၅ )

**နောက်** တစ်နေ့...

သူနှင့်ဖော်ကြီး လမ်းလျှောက်လာစဉ်...

မြတ်စွာဘုရား...။

ပြေးစရာမြေ မရှိနိုင်တော့ဘူးလား။

သူ့ဆီက လက်ကိုင်အိတ်အတု ဝယ်ခဲ့ဖူးသော အဘွားကြီး အုပ်စုက အရှေ့တည့်တည့်မှာ...၊ အနောက်မှာ စိန်ထည်အတု ဝယ်ခဲ့သောအဘိုးကြီး အဘွားကြီး လင်မယား...မနွယ်နီနှင့် ရဲ့အုပ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်..။

"မောင် ဒီတစ်ခါတော့ မင်း ကံမကောင်းနိုင်တော့ဘူးထင်တယ်"

ဖော်ကြီးမျက်နှာက ပြုံးတော့မည့်မိုးလို အုံ့ဆိုင်းညို့မှိုင်းနေပြီ။ သူ မျက်လုံးကို တစ်ခဏမှိတ်ကာ စဉ်းစားလိုက်သည်...လွှတ်ရာလမ်း။

"မောင်...ငါတို့ နောက်မလုပ်တော့ပါဘူးလို့ တောင်းပန်ရအောင်"

သူ ဘာမှပြန်မပြောမိ။

"ငါတို့အပြစ်တွေကို ဝန်ခံလိုက်ရအောင် နောက်ကို ဘယ်တော့မှ လိမ်မစားတော့ပါဘူးလို့ ကတိပေးလိုက်ရအောင်"

သူ ဖျတ်ခနဲ မျက်လုံးများ ဖွင့်လိုက်သည်။ အရှေ့ဘက်မှာ တစ်အုပ်၊ အနောက်ဘက်မှာ တစ်အုပ်၊ သူ့ဗဟိုချက်မ တည့်တည့်ဆီသို့ အလွန်နီးကပ်လာနေပြီ။

သူ ဘာလုပ်ရမည်လဲ...။

ဖော်ကြီးကို တစ်ချက်ကြည့်လိုက်ကာ...

"ကဲ...သူငယ်ချင်း၊ ဘိုင့်...ငါနှုတ်ဆက်ခဲ့တယ်၊ သွားပြီ.."

"ဟော...ဟော့ကောင် မောင်"

ဖော်ကြီးကို လက်ပြပြုံးပြပြီးသည်နှင့် သူ ဘေးလမ်းကြားထဲ ချိုးကွေ့ကာ မနားတမ်းပြေးလေတော့သည်။

ဘယ်လောက်ကြာကြာ ပြေးနေမိသည်မသိ...မောလှ၍ မပြေးနိုင်တော့မှ ပလက်ဖောင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကို စုံမှိတ်ထားလိုက်ပြီး..နောက်ဆုံးအဖြစ် အာရုံထဲမှ တစ်စုံတစ်ယောက်သောသူကို သူ တမ်းတလိုက်မိသည်။

အမေ...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၆ )

**"သား"**

မြတ်စွာဘုရား...။

ဒါဘယ်လိုဖြစ်ရတာလဲ..ဘယ်လောက်ဆန်းကြယ်တဲ့ တိုက်ဆိုင်မှုလဲ၊ သူ ကိုယ့်နားကိုယ် မယုံကြည်နိုင်။ မျက်လုံးများကို ကပျာကယာ ဖွင့်ကြည့်လိုက်သည်။

အမေမှ အမေအစစ်...။

သူ့အတွက် ပူလောင်သောကများနှင့် မျက်ရည်များရစ်ဝဲစွာ သူ့ကို ငေးရီကြည့်နေသော အမေ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

သူ ဆို့ဆို့နင့်နင့် ခေါ်လိုက်မိသည်။

"ဘယ်လိုဖြစ်ရတာလဲ သားရယ်!"

သူ့ကို မေးလိုက်သော အမေ့အသံမှာ လှိုက်ခါနေသည်။ အမေ သူ့အတွက် ဘယ်လောက်တောင် စိတ်ဆင်းရဲသွားခဲ့ပြီလဲ။

"အမေ..မောင်..မောင်လေ"

သူ အမေ့ကို ဘယ်ကစလို့ ရှင်းပြရမှန်းမသိ။

အမေက ခေါင်းခါကာ လက်ကာပြသည်။

"အမေ ကားတားလာတယ်၊ လာ...သား"

အမေက သူ့လက်ကို ဖွဖွညင်ညင်သာ ဆွဲခေါ်သည်။

ပျော့ပျောင်းချိနဲ့သော အမေ့လက်ချောင်းလေးတွေနဲ့ ဆုပ်ယူဆွဲခေါ်နေတာကို သူ ဘာကြောင့်မရုန်းမိပါလိမ့်။ ဘာကြောင့် မငြင်းဆန်မိပါလိမ့်။

"အမေ မင်းဆီကိုအလာ..လမ်းပေါ်မှာပြေးနေတာတွေ့လို့ လိုက်လာတာ...မင်း ဘာတွေလုပ်နေသလဲ..သား!..."

အမေ စိတ်မချမ်းမြေ့စွာ မေးသည်။ အမေ့ အမေးစကားကို သူပြန်မဖြေနိုင်။ ငူငူကြီး ငြိမ်သက်နေမိသည်။

"မင်း ဒီလိုပဲ ပေါ့ပေါ့တိမ်တိမ်လေး ဘဝကို ဖြတ်သန်းတော့မှာလား၊ ရရစားစား စိတ်ကူးပေါက်တဲ့အချိန်လေး အလုပ်ထလုပ်လိုက် သုံးလိုက်ဖြုန်းလိုက်နဲ့ပဲ နေတော့မှာလား။ အလုပ်အကိုင်လေး အတည်တကျလုပ်ပြီး အခြေတကျ မနေချင်ဘူးလားဟင်..သား"

"သား ခုလည်း အလုပ်လုပ်နေတာပဲဟာ...အမေကလဲ"



www.burmeseclassic.com

www.burmeseclassic.com


အမေ သူ့မျက်လုံးတွေထဲကို စေစေ့စပ်စပ် စိုက်ကြည့်သည်။

"အမေ စိတ်အေးချမ်းရမယ့်အလုပ်၊ အမေ ကျေနပ်ဂုဏ်ယူရမယ့် အလုပ်မျိုးကို မင်း မလုပ်ချင်ဘူးလား သား၊ မင်း အမေ့အတွက် မလုပ်ပေးနိုင်ဘူးလား!"

အမေ့အသံမှာ ဆို့နစ်လိုက်ခါနေသည်။

သူ အမေ့မျက်လုံးများ ကို ရင်ဆိုင်မကြည့်ရဲ။

"မင်း ဘာတွေလုပ်နေသလဲဆိုတာ မင်းမပြောပေမယ့် အမေ အကုန်သိတယ် သား"

"ဗျာ!!.."

သူ အထိတ်တလန့်ဖြစ်ကာ ပါးစပ်အဟောင်းသား မျက်လုံး အပြူးသား ဖြစ်သွားရသည်။

"မင်းအတွက် အမေ နေ့တိုင်းစိတ်မအေးရဘူး၊ အမေ ဘယ်လောက်စိတ်ဆင်းရဲရသလဲ မင်းသိလား၊ မင်းမှာ အမေရှိသေးတယ်ဆိုတာ မင်းနည်းနည်းမှ သတိမရတော့ဘူးလားဟင်...မောင်"

အမေ့ အဖျားခတ်အသံ တုန်ခါ တိမ်ဝင်သွားသည်။

အမေ့မျက်ရည်စက်များကို သူ အထိတ်တလန့် မြင်တွေ့လိုက်ရတော့သည်။ အဖေ ဆုံးတုန်းကတောင် သူ့ကိုတင်းတင်းဖက်ကာ မျက်ရည်မကျခဲ့သောအမေ...။

အခု သူ့ကြောင့် ဘယ်လောက်များ စိတ်ဆင်းရဲ ပူလောင်နေပြီလဲ။ သူ့ရင်တစ်ခုလုံး နွမ်းလျကျွမ်းမြေ့လို့သွားရသည်။

"မင်း အမေနဲ့ ပြန်လိုက်ခဲ့နော် သား"

ခေါင်းကြီး ငိုက်စိုက်ချထားသောသူ့..အမေ့စကားကို ခေါင်း


www.burmeseclassic.com

www.burmeseclassic.com



မခါမိဘူးထင်သည်။

"မင်းလုပ်ချင်တာတွေ လုပ်ပြီးခဲ့ပြီ၊ အခု အမေ လုပ်စေချင်တာကို မင်းလုပ်ပေးနိုင်မလားဟင် သား"

သူ့ဆန္ဒကို တောင်းခံသော အမေ့အသံမှာ ချိုနွဲ့အေးမြ၍ နေသည်။

"ကျွန်တော် ဘာလုပ်ပေးရမှာလဲဟင် အမေ!"

အမေ သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ဖွဖွပြုံးသည်။

"အမေ ဖြစ်စေချင်တာကလေ........"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

ဖိနပ်မပါသော ခြေဖဝါးပြင်ကို ခဲသေးသေးလေးများက တစ်လှမ်းချင်း နှိပ်စက်နေတော့သည်။

တစ်လှမ်း,လှမ်းလိုက်တိုင်းမှာ ခြေဖဝါးပြင်က မြက်ခနဲ။

"လျှောက်နိုင်ရဲ့လား ကိုယ်တော်"

ကျောင်းထိုင်ဆရာတော်က လှမ်းကြည့်ကာမေးသည်။

သူ ရှက်ရှက်နှင့်...

"လျှောက်နိုင်ပါတယ်ဘုရား" ဟု မြန်မြန်ပြန်လျှောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သို့သော်…နောက်က ကျောင်းသားလေးကိုတော့ ခပ်တိုးတိုး မေးမိသည်။

"ဘယ်လောက်ဝေးသေးလဲ ဉီး"

"တစ်ခေါ်စာလောက်ပါပဲ ကိုယ်တော်"

"တစ်ခေါ်စာလောက် ဟုတ်လား!"

ကျောင်းသားလေးက ရှေ့ကို လက်ညှိုးညွှန်ပြသည်။ ရွာတန်း ရှည်မှာ မျက်စေ့တစ်ဆုံး။ ကိုယ်တော် မျက်လုံးပြူးသွားမိသည်။

ရွာရဲ့တစ်ခေါ်စာက မန္တလေးတစ်ပြထက်တောင် ဆိုးလိမ့် မည်ထင်သည်။

"ဟူး"ခနဲ လေပူများ မှုတ်ထုတ်လိုက်မိသည်။ အောက်ကမြေ ကလည်းပူ…အပေါ်က နေကလည်းပူ။

သူ ယောင်ပြီး…ဦးပြည်စိမ်းစိမ်းကို လက်ဖြင့် ပွတ်လိုက်မိ သည်။ ကြမ်းရှသောအထိအတွေ့နှင့်အတူ ချွေးများက လက်ဖဝါး၌ စေးကပ်၍ ကပ်ပါလာသည်။ ထွက်ပြူစ ဆံသစ်လေးများဆီက ကြမ်း ရှသော အထိအတွေ့ကို သူ မခံစားနိုင်သေး။

အရာအားလုံးက သူ့အတွက် အသစ်တွေချည်းဖြစ်နေသည်။ လောကအသစ်တစ်ခုထဲ ရောက်နေရသလို သူစိမ်းဆန်နေသည်။

အသစ်လိုပါပဲ…။

ယယ်စဥ်ကတည်းက ပြေးလွှားဆော့ကစားခဲ့ကဲ့ ဇာတိမြေ ဖြစ် ပေမယ့်လည်း သူ ဒီကထွက်ခွာလာခဲ့တာ ဘယ်လောက်တောင် ကြာ ခဲ့ပြီလဲ။

တကယ်တော့ ဟောဒီ တောင်ရွာက သူ မွေးခဲ့တဲ့ရွာ ပေါ့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မွေးခဲ့တာက မြောက်ဘက်ရွာမှာ။

ဒါပေမယ့် သူတို့ရွာမှာ ကျောင်းမဆောက်ရသေးခင် ဒီဘက်ရွာမှာ ကျောင်းလာတက်ခဲ့ရသည်မို့ သူ့သူငယ်ချင်း အတော်များများက ဒီရွာမှာပဲ ရှိနေခဲ့သည်။

သူ့စိတ်အစဉ်က အတိတ်ဆီ ပြန်ရောက်သွားလုဆဲဆဲ...

"ဟာ..မောင်..မောင်၊ ဟုတ်ပါတယ်...မောင်မဟုတ်လားဟင်"

အံ့ဩတကြီးနှင့် သူ့လက်ကို အတင်းလှုပ်ယမ်းဆွဲခါလာသူကို သူ ဂရုမြေဆည်ရင်း မျက်လွှာပင့်ကြည့်လိုက်သည်။

သူနဲ့ ကျောင်းပြေးဖော် ကျောင်းပြေးဖက်။

ရေခိုးကူးဖော် စက်ဘီးခိုးစီးဖော်။

ပြီးတော့ ဆေးလိပ်ခိုးသောက်ဖော် နိုင်ကြီး..နိုင်မရ...။

ဝမ်းသာအားရ ပြန်နှုတ်ဆက်မိတော့မလို ဖြစ်ပြီးမှ သတိနှင့် ပြန်ထိန်းခေါ်လိုက်ရသည်။

"ဦးဖင်းကို ဒီလိုမဆက်ဆံရဘူးလေ၊ ရိုရိုသေသေ ပြောဆိုမှပေါ့"

ကပ္ပိယကြီး ဦးသာအောင်က နိုင်ကြီးကို ခပ်တိုးတိုးဟန့်သည်။ နိုင်ကြီးလည်း သတိလက်လွှတ် ဝမ်းသာအယ်လဲ ဖြစ်နေရာမှ အရှိန်ထိန်းလိုက်ကာ...

"မောင်..အဲ..ဦးဖင်း..တွေ့ရတာ ဝမ်းသာလိုက်တာ၊ လာလည်အဲ..ဆွမ်းခံလည်း နေ့တိုင်းကြွနော်"

နိုင်ကြီး စကားတွေ အများများအယွင်းယွင်းနှင့် ပြောချင်ဇောကြီးပြန်တော့ သူပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုသာ ခပ်လေးလေး ညိတ်ပြမိသည်။

"ဆရာတော်ကတော့ မိန့်သား၊ ဦးဖင်းလေး တစ်ပါးတိုးမယ် ဆိုတာ၊ မောင်...အဲ..ဦးဖင်းလေးကို ခုလို တည်တည်ငြိမ်ငြိမ် မြင်ရတာ ဝမ်းသာတယ်ဘုရား၊ တပည့်တော်တို့အိမ်ကို နေ့တိုင်းဆွမ်းခံကြွပါ၊ ဆွမ်းကွမ်း လိုတာရှိရင် မိန့်ပါ၊ သမီးငယ်က မနက်အစောကြီးထပြီး ဆွမ်းပို့ချက်ထားတာ"

နိုင်ကြီးဖေဖေ ဦးမရဦးက နောက်ဘက်ဆီမှ ရှိုရှိုကလေး လက်အုပ်ချီထားသော သမီးငယ်ကို လက်ညှိုးညွှန်ကာ စကားဖိုင်းထဲ သွင်းသည်။

သမီးငယ်...မရနိုင်...

နိုင်ကြီးရဲ့ညီမလေး မရနိုင်။

မနက်စောစော ဆွမ်းထချက်သော တကာမလေးရဲ့မျက်နှာ ပေါ်မှာ ကြည်ညိုစိတ်၊ သဒ္ဓါတရား ကုသိုလ်စိတ်ဖြင့် ဝင်းပ၍နေသည်။ သူ ခပ်လျှမ်းလျှမ်းသာ ကြည့်လျက် မျက်လွှာပြန်ချလိုက်သည်။ ဆွမ်း လောင်းအပြီးမှာ နိုင်ကြီးတို့မိသားစုက ဆရာတော်ဘုရားနှင့် ရောကာ သူ့ကိုပါ ဦးချတော့ သူ နည်းနည်းအနေရခက်သွားမိသည်။

မနေ့ကလည်း အမေက သူ့ကို ပီတိမျက်ရည်တွေ ဖုံးလွှမ်း ကာ ငေးစိုက်ကြည့်ရင်း ထိုင်ကန်တော့တော့ "ဟာ...အမေ မလုပ်နဲ့... မလုပ်နဲ့" ဟု သူ ကြောက်ကြောက်နှင့် တားမိသေးသည်။

"သံဃာဆိုတဲ့ဂုဏ်ကို ကန်တော့တာကွယ့်၊ ခံယူထိုက်တယ် သာမုပြန်ခေါ်ရတယ်" လို့ ဘုန်းဘုန်းကြီးက သင်ပေးမှ သူ ငြိမ်သက် စွာ ခံယူရဲတော့သည်။ ခုလည်း မျက်လွှာချလျက်...



www.burmeseclassic.com

www.burmeseclassic.com



"သာဓု...သာဓု...သာဓု" ဟု ခပ်တိုးတိုး ပြန်ခေါ်မိသည်။

ရှာရိုးတစ်လျှောက် ဆွမ်းခံကြွပြီးလျှင် ဆရာတော်က ဈေးတွင်းဆွမ်းခံသည်။ ဆွမ်းမလှူနိုင်ကြသော်လည်း ဈေးသည်များက ကိုယ့်ရောင်းကုန်ထဲက ဦးဦးဖျားဖျား ဖယ်ထားသည်များကို စေတနာထက်သန်စွာ လှူဒါန်းကြသည်။

စေတနာ...။

ဆင်းရဲချမ်းသာမရွေး လှူဒါန်းသူများ၏မျက်လုံးများထဲမှာ ဖြူစင်မြင့်မြတ်စွာ ကျေနပ်ပီတိဖြစ်သွားကြသော စေတနာတရားကို သူ အထင်အရှား တွေ့မြင်လိုက်ရလျှင်...

အနှစ်,နှစ်ဆယ်လုံးလုံး ထိုတရားနှင့် ကင်းကွာခဲ့သော ကိုယ့်ကိုယ်ကို ရှက်ရွံ့သွားမိသည်။

သို့သော်...

သူ နောက်မကျသေးဘူး ထင်ပါသည်။ ဘုန်းကြီးရဟန်း ရှားပါးသော တောရွာမှာ သက်န်းစည်းမိတာ သူ့အတွက် ပိုကောင်းဖို့ ဖြစ်လာခဲ့ပြီလားမသိ။

ဈေးသူဈေးသားတွေအားလုံးက ဘုန်းကြီးအသစ်ဖြစ်သော သူ့ကို သတိပြုမိသည်။

"ဦးဇင်းအသစ်ကလေး ရောက်လာပြီကိုး"

"အငယ်ကလေး ရှိသေးတာနော်"

"ရုပ်ရည်ကြီးကောင်းလိုက်တာဟာယ်..ကြည်ညိုစရာ ကောင်းလိုက်တာ"

"ဟုတ်ပ့ါ...ဒီအရွယ်ကလေးနဲ့ ဝတ်နိုင်တယ်ဆိုတာ ချီးကျူးဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်တာ"

သူ့နားထဲမှာ ချိုးကျူးသံတွေက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဝေစည်လို့နေသည်။

သူ ကျေနပ်ပီတိဖြင့် ပြုံးမလိုဖြစ်ဆဲ...

"အိုး...အကြောင်းတစ်ခုခုရှိလို့ ဝတ်နေတာရော မဖြစ်နိုင်ဘူးလား။ အထင်ကြီးမစောစမ်းပါနဲ့"

သူ အံ့သြတကြီးဖြစ်ကာ လှည့်ကြည့်လိုက်မိသည်။ စူးရဲသော မျက်လုံးကြီးများနှင့် မျက်နှာခက်ထန်လှသော အမျိုးသမီးကြီးတစ်ဦး။

ပိုက်ဆံအိတ်ဖောင်းဖောင်းကြီးကို ချိုင်းကြားညှပ်လျက် တန်ဖိုးကြီး ပါတိတ်ဝမ်းဆက်နှင့်။

ဪ...ဒီလိုဝေဖန်တတ်သူလည်း ရှိသေးပါလားဟု...ချက်ချင်းပြန်ဆင်ခြင်နိုင်အောင် ကြိုးစားလိုက်ရသည်။

သူကိုယ်တိုင်ကရော ဘာကြောင့် ဦးဇင်းဝတ်ခဲ့ပါလိမ့်။

ဘာကြောင့် သာသနာ့ဘောင်ထဲ ဝင်ခဲ့ပါလိမ့်။

အမေ့ဆန္ဒကို ဖြည့်ပေးချင်လို့လား..?...။

ကျဉ်းထဲကျပ်ထဲက လွတ်အောင်လား..?...။

အပြစ်တွေ ဆေးကြောဖို့လား..?...။

တရားရှာဖွေအားထုတ်ကာ သာသနာပြုချင်လို့လား..?...။

"အို...ဘယ့်နယ့်ပြောလိုက်ပါလိမ့် ဒေါ်အိမ်စိုးရယ်၊ ငရဲတွေတော့ ကြီးတော့မှာပဲ၊ ဦးဇင်းလေးလည်း အားနာစရာ"

"ညည်း သူများကိစ္စ အသာထားပါ၊ ကိုယ့်ကိစ္စကိုယ် ရှင်းရှင်း။ မနေ့က နေ့သွင်း ဘယ်မလဲ!"



www.burmeseclassic.com

www.burmeseclassic.com



သူ့ အတွေးစများ ပြတ်တောက်သွားရသည်။

ဒေါ်အိမ်စိုး...ဆိုပါလား။ ဖောင်းကားနေသော ပိုက်ဆံအိတ်ကြီးကို ကြည့်ရတာ ငွေတိုးချေးစားသည် ထင်ပါရဲ့။

"အစ်မရယ်...ဈေးဦးဈေးဖျား ခဏလောက် စောင့်ပါဦး၊ တော်ကြာနေ လက်ဖက်ရည်သောက် မုန့်စား ပြန်လှည့်လာတော့ ပေးလိုက်မယ်လေနော်"

ခုနက ဈေးသည်မှာ ခပ်ယယ ပြောရှာသည်။ ဒေါ်အိမ်စိုးဆိုသော အဘွားကြီးက စူးရဲသောမျက်လုံးများနှင့် မျက်စောင်းထိုးရင်း...

"ဟင်း...နေ့တိုင်း ဒီအပြောချည်းပဲ၊ ဈေးဦးဈေးဖျား အကြွေးတော့ မဆပ်နိုင်ဘူး၊ ဆွမ်းခံတော့ လောင်းနိုင်တယ်၊ ကျုပ် ခဏနေ ပြန်လှည့်လာခဲ့မယ်၊ မပေးနိုင်ရင်တော့ အသိပဲ...ဟင်း၊ ကျုပ် အဆိုး မဆိုနဲ့"

သူ့မှာ ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်နေမိသည်။ ဆရာတော်ကတော့ မကြားသလိုပင် ဥပေက္ခာပြုနိုင်သည် ထင်ပါရဲ့။ ကပ္ပိယကြီးကတော့ မျက်စောင်းပြန်ထိုးသည်။

"ကဲ...ဒီဘက်က အမဲသားသည် ဘယ်လိုလဲ၊ နင်ကတော့ ဈေးဦးပေါက်ပြီးသားနော် အပွနား။ ငြင်းမယ် စိတ်မကူးနဲ့"

"ပေးလိုက်ပါ့မယ် အစ်မကြီးရဲ့၊ ပေးချင်လို့ စောင့်နေတဲ့ဟာကို၊ အပွနားတို့က ကိုယ့်အစ်မကြီးကျေးဇူး သိတတ်ပါတယ်နော်"

"အပိုမပြောနဲ့...ငါ့ဖို့ အတိုအစလေး နည်းနည်းပေးလိုက်စမ်း။ တင်းစားမရှိဘူး"

အပွနား မပြုံးနိုင်တော့။


www.burmeseclassic.com

www.burmeseclassic.com



မျက်စိမျက်နှာပျက်နှင့် ကျွတ်ကျွတ်အိတ်ထဲ အတိုအစလေးများ ကောက်ထည့်ပေးရတော့သည်။

အတိုးကျတော့လည်းစားသေး၊ ဟင်းစားလည်းတောင်းသေး ဆိုလျှင်တော့ အပွနားတို့ ဒေါ်လီခံဖို့သာ ရှိတော့သည်။

"အံမယ်လေး...သူ့ပစ္စည်းကျတော့ သိတတ်လိုက်တာနော်၊ လက်တုန်တုန် ခြေတုန်တုန်နဲ့၊ ဒီအသားလေးတစ်စ ထည့်ပေးလိုက်တော့ ဘာဖြစ်သွားမှာမို့လဲ၊ ပြောတော့ဖြင့် အစ်မကြီးကျေးဇူး သိတတ်ပါတယ်နော်ဆို၊ ကျေးဇူးဆိုတာ လေနဲ့သိတတ်ရင် ဘာမှအရာမရောက်ဘူးဟဲ့...မှတ်ထား"

ဖိုးခနဲ ဖတ်ခနဲ ရဲနေသော အသားတစ်တုံး ပါသွားချေပြီ။

နှစ်ဆယ်သားလောက် ပါသွားပြီမို့ အပွနား သက်ပြင်းချမိတော့သည်။ တခြားဈေးသည်တွေပါ မျက်ခုံးလှုပ်ကုန်ကြပြီ။

ကိုယ့်ဆီကတော့ အပ်တစ်တို နှမ်းတစ်စေ့မှ အပါမခံ။ သူများဆီကဆိုလျှင်တော့ ရသမျှအကုန် အလကားနှိုက်တတ်သော ဒေါ်အိမ်စိုးအကြောင်း တစ်ဈေးလုံး သိပြီးသား။

"ကဲ...ငါးခြောက်သည်"

ငါးခြောက်သည်အဘွားကြီး ကပျာကယာ ဈေးခုံအောက် ပြေးဝင်ပုန်းဖို့ ကြိုးစားသော်လည်း မအောင်မြင်ပါ။

"အံမယ်...ပုန်းချင်သေးတယ် ဟုတ်လား၊ အိမ်စိုးတို့မျက်စိအောက်က မိုးပေါ် တက်ပုန်းရင် တာဝတိံသာခြောက်ထပ်၊ မြေအောက်လျှိုပုန်းရင် အဝီစိရှစ်ထပ်ထိ မြင်နိုင်တယ်၊ ဟင်း...ဟင်း... ဘယ်မလဲ ပိုက်ဆံ၊ ရှင် မသွင်းတာ သုံးရက်ရှိပြီနော် ဒေါ်ဘွားမေ"



www.burmeseclassic.com

www.burmeseclassic.com



"ခါး...ခါးကိုက်တာ ဆေးခန်းပြနေရလို့ပါ မအိမ်စိုးရယ်၊ ဈေးကလည်း ရောင်းမကောင်းဘူး၊ ငါးနီတူချောက်လေးတွေ တစ်ခါစားလောက် ယူသွားပါလားဟင်၊ အိုးကင်းလေးလှိမ့် ပဲဟင်းချိုလေးနဲ့ဆို စားမြိန်ပေ့ါရှင်"

ဒေါ်ဘွားမေမှာ ကျွတ်ကျွတ်အိတ်လေး ကပျာကသီ ဖွင့်ကာ ငါးနီတူချောက်လေးများ ထည့်ပေးရှာသည်။

"ဘာလုပ်ဖို့တုန်း...ငါးနီတူချောက် လျှာမထိ အာမထိနဲ့ ဟင်းကျုပ်က ငါးရံ့ချောက်မှ ကြိုက်တာ၊ ပဲဆီလေး ရွှဲနေအောင်ဆမ်း၊ လက်ဖက်ရည်ကြမ်းလေးနဲ့မြည်း"

ပြောရင်း ဆိုရင်းက ကျွတ်ကျွတ်အိတ် အကြီးတစ်အိတ်ကို ဖိုးခနဲ ဖတ်ခနဲ ဆွဲယူကာ ငါးရံ့ခြောက်ကားကားကြီးများကို တစ်တွဲပြီး တစ်တွဲထည့်ပါလေတော့သည်။

"မ..မလုပ်ပါနဲ့ မအိမ်စိုးရယ်..တောင်းပန်ပါရဲ့၊ ညကျတော့နေ့သွင်း ဆက်ဆက်လာပေးပါ့မယ်၊ ငါးရံ့ခြောက်တွေတော့ အကုန်မသယ်သွားပါနဲ့နော်၊ စားချင် တစ်ကောင်လောက်တော့ ယူသွားပါ။ ကျန်တာတွေ ရောင်းဖို့လေး ထားခဲ့ပေးပါ"

ဒေါ်ဘွားမေမှာ တတွတ်တွတ်တောင်းပန်ရင်း ဒေါ်အိမ်စိုးကို လိုက်ဆွဲရှာသည်။

"ဖယ်စမ်း...တစ်ကောင်လောက် ဘာလုပ်ဖို့လဲ၊ အကြွေးမပေးနိုင်ရင် ဈေးလည်းရောင်းမနေနဲ့တော့"

ဒေါ်အိမ်စိုးမှာ ငါးရံ့ခြောက်များ ဆိုင်ပေါ်ရှိသမျှ သိမ်းကြုံးထည့်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘွားမေ မျက်ရည်တပေါက်ပေါက်ကျရှာ၏။

"ပြန်..ပြန်ပေးပါ မအိမ်စိုးရယ်၊ ရှိကြီးခိုးပါရဲ့ရှင်..ပြန်ပေးပါ"

ဒေါ်ဘွားမေ တုန်ယင်ချည့်နဲ့သော လက်များဖြင့် ဒေါ်အိမ်စိုး လက်ထဲမှ ငါးခြောက်အိတ်ကလေးကို ဆွဲလုရှာ၏။

"တယ်...ဒီအဘွားကြီး ရောင့်တက်လိုက်တာ..သွားစမ်း"

ဒေါ်အိမ်စိုးက ငါးခြောက်အိတ်ကို အရှိန်နှင့်ဆွဲယူလိုက်သည်။

ဒေါ်ဘွားမေလက်ထဲမှ ငါးခြောက်အိတ်လေး လွတ်သွားရရှာသည်။ သန်စွမ်းသော ဒေါ်အိမ်စိုးရဲ့အားကို မယှဉ်သာသော ဒေါ်ဘွားမေတစ်ယောက် မြေပြင်ပေါ် ဘုန်းခနဲ ဖင်ထိုင်ကျသည်။

နဂိုက ခါးနာအခံရှိသော ဒေါ်ဘွားမေခမျာ ခါးကို လက်နှင့် ကိုင်ရင်း နာနာကျင်ကျင် ငိုကြွေးရှာလေ၏။

ဈေးသူဈေးသားများအားလုံး အဖြစ်အပျက်ကို အစမှအဆုံး တိုင် မြင်သော်လည်း မည်သူမျှမပြောဝံ့။

သူကိုယ်တိုင်လည်း ရင်ထဲ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိသော်လည်း စုတ်သပ်သက်ပြင်းရှိုက်ရုံမှလွဲ၍ မသိကျိုးကျွံသာ နေမိသည်။

ဆရာတော်ကတော့...

"အင်း...ဒုက္ခပါလားကွယ်" ဟု သံဝေဂဖြင့် ညည်းသည်။

ခါးကိုင်လျက် လဲကျနေသော ဒေါ်ဘွားမေမှာ တော်တော်နှင့် မထနိုင်။

ဒေါ်အိမ်စိုး ဝေးဝေးရောက်တော့မှ ပြေးထူသူထူ မျက်ရည် သုတ်ပေးသူပေးနှင့် အားလုံးမှာ စိတ်မကောင်းကြ။



www.burmeseclassic.com

www.burmeseclassic.com



"အပေါက်အတော်ဆိုးတဲ့ အဘွားကြီး၊ တွေ့ဦးမယ် လေးခွ
စာ"

ကျောင်းသားလေး ဥဩက ခါးကြားထိုးထားသော လေးခွကို
အံခဲကြည့်ရင်း ကြိမ်းသည်။

"ဟယ်...ဘယ့်နှယ်ပြောတာလဲ ကျောင်းသားလေး၊ သူ့ အကု
သိုလ်ကနေ ကိုယ့်အကုသိုလ်ဖြစ်အောင် ဒါမျိုးမပြောနဲ့၊ ဘုန်းဘုန်း
မကြိုက်ဘူး"

ဆရာတော်က လှည့်ဆုံးမသည်။

ကျောင်းသားလေး ကပျာကယာ လက်အုပ်ချီကာ...

"တင်ပါ့ဘုရား"

ကိုယ်တော်ကတော့ ဆရာတော်ဘုရား မိန့်သမျှကို ခေါင်းငုံ့
ငြိမ်သက်လျက် မှတ်သားနေမိသည်။

ဈေးထဲမှ ပြန်ထွက်လာခဲ့ပြီး ရွာတန်းရှည်အတိုင်း ကျောင်းသို့
ပြန်ခဲ့ကြသည်။

ကျောင်းမရောက်ခင် ခြံဝိုင်းရှေ့မှာ စားပွဲခုံပုလေးပေါ် ဆွမ်း
ဖလုံပဟင်းပန်းကန်များတင်လျက် ဆောင့်ကြောင့်လေး ထိုင်နေသော
ကောင်လေးတစ်ယောက်ကို တွေ့ရသည်။

ကောင်ကလေးဆိုသော်လည်း...ဂျိုင်းပြတ် စွပ်ကျယ်နှင့်
ဘောင်းဘီတိုပွပွကြီး ဝတ်ထားလို့သာ ကလေးထင်ရသော်လည်း အ
သက်ကတော့ ဆယ့်ငါးဆယ့်ခြောက်လောက် ရှိရော့မည်။

လူပုံလေးက ဝဖိုင့်ဖိုင့်၊ အုန်းမှုတ်ခွက် ကေကလေးနှင့်ပန်းပွင့်
ဝါဝါကြီးတစ်ပွင့်ကို နားရွက်မှာ ပန်ထားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော် မပြုံးမိအောင် မနည်း သတိနှင့် ထိန်းချုပ်လိုက်ရသည်။

"ရပ်တော်မူပါဦးဘုရား...ရပ်တော်မူပါဦးဘုရား"

ဘုန်းဘုန်းက သူ့ခြံရှေ့ပင် မရောက်တတ်သေး။ သူက ရှေ့မှ ပိတ်ကာ အသံပြကြီးနှင့် အော်နေသည်။

"ရပ်မှာပေါ့ကွယ် မောင်မိုးရဲ့၊ ဘုန်းဘုန်းက မင်းအိမ်ရှေ့ ဘယ်နှစ်ခါ ဆွမ်းမရပ်ဖူးလို့တုန်း"

ဘုန်းဘုန်းက ပြုံးကာ ကောင်လေးရဲ့ခေါင်းကလေးကို ပုတ်ရင်း ပြန်ပြောသည်။

ကောင်လေးက သဘောတကျနှင့် တဟီးဟီး ရယ်နေသည်။

"နေပါဦး...မင်းက ဒီနေ့ ဘာလို့ ရေးကြီးသုတ်ပြာဖြစ်နေတာတုန်း!"

"အမေက တော်တော်နဲ့မှ ဈေးမသွားတာ"

"ဟေ..ဘာဆိုင်လို့တုန်းကွယ့် မောင်မိုးရဲ့၊ မင်း ဆွမ်းလောင်းတာနဲ့ မင်းအမေ ဈေးသွားတာနဲ့က"

"အမေဈေးသွားမှ တပည့်တော်က ထမင်းခိုးချက်ရတာ..၊ အမေက ဘုန်းဘုန်းတို့ကို ဆွမ်းမလောင်းရဘူးတဲ့၊ ထမင်းကုန်တယ်တဲ့၊ တော်နေ ပြန်လာတော့မှာမို့လို့"

"ဟေ..အင်း...ခက်တဲ့ ဒကာမကြီးပဲ၊ မောင်မိုးရယ်...မင်းလည်း အရိုက်ခံနေရပါဦးမယ်ကွယ်"

ဘုန်းဘုန်းမျက်နှာမှာ ကောင်ကလေးအတွက် စိတ်မကောင်းဖြစ်သွားဟန်မှာ အထင်းသား။



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဆိုသော ကောင်ကလေးကတော့ ဆွမ်းလောင်းဖို့သာ စိတ်ဝင်စားနေသည်။

ဆရာတော့်ကို ဆွမ်းအမောက်ကြီးနှင့် ဟင်းတစ်ပန်းကန် လှူသည်။ ဆရာတော် သပိတ်ကို ပြန်ဖုံးလိုက်လေလျှင် သူ သပိတ်ဖွင့်လျက် ကောင်ကလေးနား တိုးတိုက်သည်။

"ဘုန်းဘုန်း...သူက ဘယ်သူလဲ၊ သူဘယ်သူလဲ!"

သူ့ကို ဘီလူးသဘက်လို မျက်လုံးကြီး ပြူးကြည့်ကာ အလန့်တကြား လက်ညှိုးကြီးထိုးပြီး ထအော်လေလျှင် သူလည်း ဘာလုပ်လို့လုပ်ရမှန်း မသိတော့...။

သပိတ်ပဲ ပိုက်ကာ ပြေးရမလား အောက်မေ့ခိုက်...

"သူလည်း ဘုန်းဘုန်းပဲ မောင်မိုး၊ ဘုန်းဘုန်းနဲ့ အတူတူပဲ၊ ဒီဘုန်းဘုန်းကိုလည်း ဆွမ်းလောင်းပြီးကန်တော့ရင် ကုသိုလ်ရတယ်၊ မှတ်ထားနော် မောင်မိုး၊ မောင်မိုးက လိမ္မာတယ် မဟုတ်လား!"

ကောင်ကလေး ထပ်မအော်တော့ဘဲ သူ့ကို တွေတွေကြီး စိုက်ကြည့်သည်။

"သူ့ကိုရော ဆွမ်းလောင်းရမှာလား!"

"လောင်းရမှာပေါ့ မောင်မိုးရဲ့"

"ကုသိုလ်ရော ရမှာလား!"

"ရမှာပေါ့ကွယ်"

"ဘုန်းဘုန်းနဲ့ အတူတူပဲနော်"

"တူတာပေါ့...သင်္ကန်းဝတ်ထားတယ်လေ၊ သပိတ်လည်း တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုန်းက စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

ကောင်လေးက ဘုန်းဘုန်းရဲ့သင်္ကန်းကိုတလှည့်...သူ့ရဲ့သင်္ကန်းကိုတလှည့် ကြည့်သည်။

ပြီးတော့ ဘုန်းဘုန်းလက်ထဲက သပိတ်နှင့် သူ့လက်ထဲက သပိတ်ကို တလှည့်စီကြည့်သည်။

ပြီးတော့ ဘုန်းဘုန်းရဲ့ ဦးပြည်ကိုတလှည့် သူ့ရဲ့ဦးပြည်ကို တလှည့်ကြည့်သည်။

သူ နည်းနည်းအနေရခက်သလို ရှိုးတို့ရှန်းတန်း ဖြစ်သွားမိသည်။ ဝတ်ခါစမို့လားမသိ၊ ဦးပြည်ကို စိုက်ကြည့်တော့ သူမနေတတ်။ ကျောင်းသားလေးက "ခွီး"ခနဲ ကြိတ်ရယ်သည်။ အားရအောင် စိုက်ကြည့်ပြီးတော့မှ ဘဝင်ကျသွားသလို ဆုံးဖြတ်ချက်ချသည်။

"လှူမယ်"

သူလည်း ခုမှ သက်ပြင်းကြိတ်ချမိတော့သည်။

ကောင်လေးက ဆွမ်းအမောက်ကြီး ခပ်သည်။

သူ ငုံ့ကြည့်လိုက်တော့ ထမင်းများမှာ ပျော့ပြဲလျက် ဖွန်းမှာ ကပ်၍နေသည်။

သူ့သပိတ်ထဲ ဖွန်းကိုထည့်သော်လည်း ထမင်းမှာ ကျမလာ၊ ကပ်၍နေသည်။

"အင့်..."

ကောင်လေး ခါချဟန်ပြုသည်၊ ထမင်းက မကျ။

"အင်းကွာ..."

နောက်တစ်ခါ...၊ မရ...။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းရှိုက်လိုက်သည်။

ဒီတစ်ခါတော့ ကောင်ကလေး အင့်ခနဲ ဖွန်းကို ခါချလျှင် သူ သပိတ်နှင့် ဆတ်ခနဲ ခတ်ပေးလိုက်သည်။

ထိုအခါကျမှ ဖွန်းထဲမှဆွမ်းမှာ သပိတ်ထဲ ကျလာတော့သည်။ ကောင်ကလေး သူ့ကို ရှုသိုးသိုး ကြည့်သည်။

"ဟင်းတော့ မရှိတော့ဘူး"

"ရပါတယ်"

သူ သပိတ်ကို ပြန်ဖုံးရန် ပြင်သည်။

"နေဦး...လှူဦးမယ်"

ကောင်လေး စွပ်ကျယ်ကို ခါးစမှာ လိမ်ထားသော ဖုထုံးကို ဖြေသည်။

ဗယာကြော်လုံး မုန့်တစ်ထုပ်...။

ဖြိခနဲ ဆွဲဖြေသည်။

ထို့နောက် ကြေးညှော်အထပ်ထပ် လက်ချောင်းများနှင့် နှိုက်ယူပြီး သပိတ်ထဲ လောင်းသည်။

သူ အခုခနဲ ဖျိုမိသွားသည်။

"သည်းခံပါ ကိုယ်တော်၊ ကလေးက ကျပ်မပြည့်ရှာလို့ပါ"

ဆရာတော်က ခပ်တိုးတိုး သတိပေးတော့မှ သူ ပုံမပျက်အောင် ကပျာကယာ ထိန်းလိုက်ရသည်။

"သာဓု...သာဓု...သာဓု"

ဆရာတော်က ကောင်လေးခေါင်းကို ပွတ်သပ်ကာ ဆုပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ခပ်တိုးတိုး သာဓုလိုက်ခေါ်မိသည်။

"ဘုန်း..ဘုန်း..ကို..ကန်..တော့..မယ်.."

ကောင်လေးက ကလေးငယ်လေးတစ်ယောက်လို သံရှည်ဆွဲကာပြောသည်။

"ကန်တော့...ကန်တော့..မောင်မိုး၊ လိမ္မာတယ်နော်...ဘုန်းဘုန်းက ဆုတွေအများကြီးပေးမယ်"

ကောင်ကလေး လက်အုပ်ချီကာ မြေပြင်ထက် ပုဆိန်ပေါက်သလို ဖင်ဘူးတောင်းထောင်ကာ ဦးချသည်။

ဘုန်းဘုန်းကတော့ သူ ရှိခိုးတတ်သလို ရှိခိုးတာကို အမြင်ရိုးနေဟန်တူသည်။

ပြုံးပြုံးကြီးနှင့် ဆုတွေ မဆုံးနိုင်အောင် ပေးနေတော့သည်။

"ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ၊ အနာရောဂါဘေး ဝေးပါစေ၊ သာသနာအကျိုး သယ်ပိုးနိုင်တဲ့ သားကောင်းရတနာလေး ဖြစ်ပါစေ"

ဘုန်းဘုန်း ဆုတွေပေးဆဲ ကောင်လေးမျက်နှာမှာ ပကတိကလေးငယ်တစ်ယောက်လို ကြည်စင် ပြုံးချိုလျက်ရှိသည်။

"ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေ"

ပြန်ပြီး ဆုတောင်းဆုယူပြုံပုံမှာ ချစ်စရာကောင်းလိုက်တာဟု သူ ကောင်လေးကို ငေးကြည့်ကာ တွေးလိုက်မိသည်၊

သူတကာနည်းတူ ဉာဏ်ရည်မပြည့်ရှာပေမယ့် ဘာသာတရားကိုတော့ သိတတ်ရှာသူကလေး။

ဘယ်လို ဝဋ်ကြွေးကြောင့်များ ဒီလိုဘဝ ရောက်ရှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်...နောက်ဘဝတွေမှာ အများတကာနည်းတူဘဝမျိုး ရောက်ပါစေလို့ သူစိတ်ထဲမှ ဆုတောင်းပေးနေမိဆဲ။

မောင်မိုးရဲ့မျက်လုံးလေးတွေက သူ့ဘက် ဖြည်းဖြည်းချင်း ရွေ့လာလေသည်။

သူ့ကိုပါ ရှိခိုးတော့မည်ပေါ့။

သူ ကောင်လေးကို ဆုပေးဖို့ ပါးစပ်ပြင်ကာ ပြုံးကြည့်ဆဲ...

"သူ့ကို ရှိမခိုးဘူး"

ဆုပေးဖို့ အသင့်ပြင်ဆင်ထားသော သူ့ပါးစပ်မှာ ဘာလုပ်လို့ လုပ်ရတော့မှန်း မသိတော့။

"ဟယ်...အဲ့ဒီလို မပြောကောင်းဘူးလေ မောင်မိုးရဲ့"

"ဘုန်းဘုန်းကိုပဲ ရှိခိုးမှာ"

ကောင်လေး ဆွမ်းခွက်များထည့်ထားသော လင်ဗန်းကို ယူကာ ခြံထဲ ပြေးဝင်သွားတော့သည်။

"ခက်တဲ့ ကလေးပဲကွယ်၊ ဘာမှလည်း နားမလည်ရှာပါဘူး။ သည်းခံပါကွယ်"

"တင့်ပါဘုရား..တပည့်တော်စိတ်ထဲ ဘယ်လိုမှ မနေပါဘူး ဘုရား"

သူ ပြေးသွားသော မောင်မိုးဆိုသူ ကောင်ကလေးရဲ့ကျော ပြင်ကို ကြည့်ကာ သက်ပြင်းရှိုက်မိပြန်သည်။

သည်မနက်အဖို့ သူ ဘယ်နှစ်ခါတောင် သက်ပြင်းရှိုက်ခဲ့ပြီ လဲမသိ။

သည်မနက်မှ သူ့ဆွမ်းခံ စ,ကြွသည်...ကြုံရသည့် အတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြံ့သစ်တွေကတော့ ကြည်နူးခြင်း ပီတိ..အံ့သြ ထိတ်လန့် သက်ပြင်းများကတော့ အခါခါ။

သို့သော်...

သည်လမ်းကို သူ မဖြစ်မနေ လျှောက်ရဦးမည်သာ...။

သူ့ဘဝအတွက်တော့ ခေါင်းနှင့်ပန်း ကောင်းကင်နှင့်မြေပြင်လို အပြောင်းအလဲက မြန်ဆန်လွန်းလှသည်လေ။

ဘဝသစ်တစ်ခုထဲ ရောက်သွားသလို သူခံစားနေမိပါသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၈ )

မွေး ကတည်းက သည်မြေသည်ရေမှာ နေထိုင်ကြီးပြင်းခဲ့သည်ဆိုပေမယ့် ပုဖွန်ဆိတ်လေး ငါးပုပ် ငါးမွှားလေးများသာပါသော သီးစုံပြွမ်းဟင်းများကိုကြည့်ကာ သူ ခွမ်းစားဖို့ လက်တွန့်နေမိသည်။

"စားလေ ဦးဖင်း"

"တင်ပါ့"

သူ့အသံမှာ မပီပြင်မည်မှန်း သူ့ဘာသာ သိ၍နေသည်။ ကောင်းကောင့်းနေချင် ကောင်းကောင်းစားချင်လွန်း၍ မ



www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်မလုပ်ထိုက်သော အလုပ်များကိုပင် လုပ်ခဲ့ဖူးသူမို့…အခုဘဝ က သူ့အတွက်တော့ အနေအစား ဆင်းရဲလွန်းလှသည်။

သူ ပဲပြုတ်ကြော်များကို မသိမသာ ဘေးခပ်ထည့်ဖို့ ကြိုးစား လိုက်သည်။

"ပဲပြုတ်ကြော် မကြိုက်ဘူးလား ဦးဇင်း!"

ဘုန်းဘုန်းက မြင်သွားကာ ခပ်ပြုံးပြုံးကြည့်ရင်း မေးတော့ သူရှက်သွားမိသည်။

"လှူတဲ့သူက ချွေးနည်းစာလေးနဲ့ လှူတာမို့ ဘုန်းဘုန်းတို့က ကောင်းကောင်းဆိုးဆိုး ပေါ်ပေါ်ပဲပဲလည်း ဘုဉ်းပေးရတယ်၊ ဒါမှ လှူရ တဲ့သူလည်း ဒါနမြောက်တာ၊ နောက်ပြီး ရဟန်းဆိုတာ တရားသဘော ဆင်ခြင်ပြီး နေရစားရတာကွယ့်၊ အရသာ မခံရဘူး"

ဆရာတော်က တစ်လုံးချင်း မိန့်သည်။ သူ့တစ်သက် တစ်ခါမှ မကြားဖူးသောစကားများမို့ နားထဲမှာ ဆန်းကြယ်၍နေသော်လည်း အဓိပ္ပါယ်ပြည့်ဝလှတာ မငြင်းနိုင်။

အရသာမခံရဘူး…တဲ့။

"အရသာခံတယ်ဆိုတာ တဏှာပဲ၊ စွဲလမ်းစိတ်ဟာ သံသရာ ရှည်စေတယ်၊ ဘုန်းကြီးတို့က သံသရာပြတ်ကြောင်းတရားကို ရှာဖွေ ကျင့်ကြံရမယ့်သူတွေလေ၊ ဒါမှ နိဗ္ဗာန်ဆိုတဲ့ ငြိမ်းချမ်းခြင်းအစစ်ဆီ ရောက်နိုင်မယ်"

"တင်ပါ့ဘုရား"

သူ လိုက်လိုက်လှဲလှဲ နာခံမိခြင်းဖြစ်ပါသည်။ ဘယ်လောက် အနှစ်သာရ ပြည့်ဝလိုက်တဲ့ စကားများလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ပဲပြုတ်ကြော်လည်း ဘုဉ်းပေးမယ် မဟုတ်လား၊"

"တင်ပါ့...ဘုဉ်းပေးပါမယ့်ဘုရား"

"ဘယ်လိုစိတ်နဲ့ ဘုဉ်းပေးမတုန်း"

"တရားသဘောကို ဆင်ခြင်ပြီး ဘုဉ်းပေးပါ့မယ် ဘုန်းဘုန်း၊ အရသာမခံတော့ပါဘူး"

သူ ပဲပြုတ်ကြော်များကို ထမင်းနှင့် နယ်လိုက်ပြီး အရင်ဆုံး လှူဒါန်းသူများကို မေတ္တာပို့လိုက်သည်။

ပြီးတော့မှ ထမင်းလုတ်ကို ပါးစပ်ထဲ သွင်းရန်ပြင်ဆဲ...

"စား..စား..သိလား၊ ဘာအလုပ်မှတော့ မလုပ်ဘူး။ အလကား ရတဲ့ဟာကို မျိုဆို့ဖို့ပဲ သိတယ်"

သူ့လက်ထဲမှ ထမင်းလုတ် ပါးစပ်ထဲ မရောက်ဘဲ သပိတ်ထဲ ပြန်ပြုတ်ကျသွားသည်။

"ပြောလေ..နင်ဘာအသုံးကျလဲ၊ သားတစ်ယောက် မွေးထား ပါတယ်၊ အစားစားဖို့ပဲ သိတယ်၊ ဘာမှအသုံးမကျဘူး...အလကား ပျင်း။ စားတတ်ရင် အလုပ်လည်း လုပ်တတ်ရတယ်ဟဲ့..သိရဲ့လား!"

ဒီအသံ...။

"မောင်မိုးလည်း သနားပါတယ်၊ ခမျာ မအေပြောသမျှ ရိုက် သမျှ ခံရရှာတယ်၊ ဘာမှလည်း မလုပ်တတ်မကိုင်တတ်"

ကပ္ပိယကြီးက သူ့ကို တိုင်တည်သယောင် ပြောပြသည်။

"ဒါ ဈေးထဲမှာ တွေ့ခဲ့တဲ့ ဟိုမိန်းမကြီး..."

"ဟုတ်တယ်...ဒေါ်အိမ်စိုးလေ၊ သူ့နာမည်ကို စလုံးနဲ့ မိုးဘဲ ဆလိမ်နဲ့ ဆိုးဖို့ပဲ ကောင်းတယ်၊ နေ့ရှိသရွေ့ မောင်မိုးကို မတုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်က အလုပ်သမားတွေကို အော်ဟစ်ဆဲဆိုနေတာ..၊ ဘုန်းကြီး ကျောင်းနဲ့ ကပ်နေတာတော့ အတော်အကုသိုလ်များတယ်"

ဖြစ်မှဖြစ်ရလေ...။ ဉာဏ်ရည်မမီ ကျပ်မပြည့်ရှာပေမယ့် ဘုန်းကြီးဆွမ်းလောင်းဖို့ကိုတော့ သိတတ်သော မောင်မိုးဟာ..ဒေါ် အိမ်စိုးရဲ့သားအရင်း ဖြစ်နေသတဲ့။

အင်း...ဒီမိန်းမကြီးနဲ့ မြေချင်းကပ်လျက် နေရပြန်သည်ဆို တော့ သူ သက်ပြင်းရှိုက်လိုက်မိပြန်သည်။

"သွား...နင်လည်း အလကားပဲ၊ စားပြီးအိပ်..အိပ်ပြီးစား သွား စမ်း"

"ကိန်..."

ခွေးတစ်ကောင်ရဲ့ နာနာကျင်ကျင် အော်လိုက်သံက နားထဲ စူးရှစွာ တိုးဝင်လာသည်။

"စား..စား..ဦးဖင်း၊ သူ့သဘော သူဆောင်တာ၊ ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်"

"တင်ပါ့"

သူ ထမင်းလုတ်ကို ပါးစပ်ထဲ သွင်းရန် ကြိုးစားလိုက်သည်။

"စား..စား..မသထာရေစာ..စား၊ စားပိုးနင့်ပြီးတော့ကို သေ မှာ...ဟင်း"

သူ့လက်ထဲက ထမင်းလုတ် နောက်တစ်ချီ ပြန်ပြုတ်ကျရ ပြန်သည်။

"ဒီမိန်းမကြီး သိပ်လွန်နေပြီ ဘုန်းဘုန်း၊ ဒါ တမင်စောင်းပြော နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီး သည်းမခံနိုင်တော့သလို ဆတ်ခနဲ ထရပ်သည်။

"ဟဲ့...ပြန်ထိုင်စမ်း ဖိုးသာအောင်၊ သူက နာမည်တပ်ပြီး ပြောနေလို့လား။ သူ့အကြောင်းလည်း သိရဲ့သားနဲ့၊ နင် ယောက်ျားကြီးတန်မဲ့ မိန်းမတစ်ယောက်နဲ့ ဖက်ပြိုင်ရန်ဖြစ်မလို့လားဟင်"

ဆရာတော် လေသံမာမာနဲ့ ကြိမ်းတော့မှ ကပ္ပိယကြီး မျက်နှာမသာမယာနှင့် ပြန်ထိုင်သည်။ သူ့မှာသာ ဆွမ်းဘုဉ်းရအခက် မဘုဉ်းရအခက် ဖြစ်နေဆဲ...

ဖုန်းသံမြည်လာသဖြင့် သူက အနီးဆုံးဖြစ်လေရာ ချက်ချင်းထကိုင်လိုက်သည်။

"ဟယ်လို..."

"မောင်"

မြတ်စွာဘုရား...။

ဖော်ကြီးရဲ့အသံ။

သူ ဒီမှာ ရှိနေတာ ဖော်ကြီး ဘယ်လိုသိနေပါလိမ့်။ မေမေများ ပြောပြလိုက်လေသလား။

"မောင် မဟုတ်တော့ဘူး"

"ဟေ...မောင်မဟုတ်တော့ဘူးဆိုတော့ မေ ဖြစ်သွားပြီလား!"

"ရဟန်းဘောင် ဝင်လိုက်ပါပြီ"

သူ တစ်လုံးချင်း ပြောလိုက်သည်။

"ဟေ!..."

ဖော်ကြီးဆီမှ အာမေဋိတ်သံ အကျယ်ကြီး ထွက်လာသည်။

"မနောက်နဲ့ မောင်၊ ငါ အတည်ပြောမလို့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောနေတာပါ...မနေ့ကပဲ ရဟန်းဘောင် ဝင်လိုက်ပါပြီ"

"တကယ်...ဘယ်နစ်ရက် ဝင်မှာလဲ!"

"ပျော်ရင် တစ်သက်ပေါ့၊ မထွက်တော့ဘူးလို့ စိတ်ကူးတာပဲ၊ ဒါနဲ့ အခု ဘာကိစ္စရှိလို့လဲ!"

သူ မြန်မြန် စကားစပြတ်အောင် မေးလိုက်သည်။

ဘုန်းဘုန်းက လှမ်း၍နားစွင့်နေသည် မဟုတ်ပါလား။

"မင်းကို..အဲလေ..ဦးဇင်းသတင်းကို ရဲတွေ နားစွင့်ပြီး စောင့်ကြည့်နေတယ်လို့ ကြားတယ်"

သူ နည်းနည်းစိတ်လှုပ်ရှားသွားရသည်။

"ဟုတ်လား!"

"သွတ်ထားပေးတာ ထင်ပါရဲ့၊ ကောင်းကောင်းနေနော်ဦးဇင်း လိုတာရှိလည်း လှမ်းမှာ"

"လိုတာမရှိအောင် နေတတ်ဖို့ ကြိုးစားရမယ်၊ ကဲ...ဒါပဲနော်"

သူ ဖော်ကြီးဆီမှ တုံ့ပြန်စကားကို မစောင့်ဘဲ ဖုန်းချလိုက်သည်။ ဆွမ်းလည်း ဆက်စားလိုစိတ် မရှိတော့။

မယောင်မလည်နှင့် နောက်ဖေးဘက် ထွက်ခဲ့သည်။

သူ့နားထဲမှာ တချွတ်ချွတ်အသံ ကြားလိုက်ရသလို ရှိသည်။

ဘယ်ကပါလိမ့်။

အသေအချာ စူးစိုက်ကြည့်တော့ တစ်ဖက်ခြံမှ ကျောင်းခြံစည်းရိုးကိုကျော်ကာ ပိန္နဲပင်ကြီးကို ထိုးနေသည့် ဝါးလုံးတစ်လုံးကို တွေ့ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိန္နဲသီး လာခိုးနေတာ ဦးဖင်း"

အနောက်က ရောက်လာသော ကျောင်းသားလေးက ခပ်အုပ်အုပ်ပြောသည်။

"ဟုတ်ရဲ့လား...သူများကို ဒါမျိုး မစွပ်စွဲရဘူး၊ မဟုတ်ရင် အလကား ငရဲကြီးနေမယ်"

"ဟိုအဘွားကြီး အဲ့လိုပဲ ခဏခဏ အသီးတွေ ခိုးခူးတယ်၊ ဦးဖင်းက အခုမှရောက်လို့ မသိတာ သေချာကြည့်-ကြည့်၊ သူ့ဝါးလုံးမှာ ချိတ်ကောက်ပါတယ်"

"ဟော!.."

ဟုတ်ပါရဲ့...။ ဉာဏ် ပြောသလိုပင် အသေအချာကြည့်တော့ ဝါးလုံးမှာ ချိတ်ကောက်တစ်ခု ချည်ထားတာ တွေ့ရသည်။

ဝါးလုံးက တဖြည်းဖြည်းနှင့် မြင့်တက်လာသည်။

ခေါင်သီးကြီးဆီကိုမှ ချိန်လေပြီ။

"ဩော်...စားချင် ဆရာတော့်ဆီက တောင်းရောပေါ့၊ ဘုန်းကြီးကျောင်းမြေထဲကပစ္စည်း ခိုးရတယ်လို့"

သူ စိတ်ပျက်လက်ပျက် ညည်းမိသည်။

"နေ..နေ..ဦးဖင်း။ တပည့်တော် လေးခွနဲ့ ပစ်ထည့်မယ်"

ဉာဏ်က လေးခွ ချိန်လေပြီ။

သူ အလျင်အမြန် တားလိုက်ရသည်။

"ဟဲ့...မလုပ်ရဘူး။ ဘုန်းကြီးကျောင်းသား လေးခွကိုင်ရတယ်လို့"

"ဦးဖင်းကလဲ...သူက ခိုးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားက သားရေပတ်ကို မျက်စိတစ်ဖက် မှိတ်ကာ ဆွဲနေပြီ။

"ဥညြ...ပြောမရရင် ဦးဇင်း ဆရာတော်နဲ့ တိုင်လိုက်မှာနော်"

သူ လေသံမာမာနှင့် ကြိမ်းတော့မှ ဥညြ လေးခွပြန်ချသည်။

"ဦးဇင်းကလဲ...ဒီမိန်းမကြီး သိပ်အတင့်ရဲတယ်"

"သူ့စေတနာသူ အကျိုးပေးပါလိမ့်မယ်ကွာ"

"လောလောဆယ်တော့ ကျောင်းထဲက ပိန္နဲသီး ပါသွားတော့မယ်"

သူနှင့်ဥညြ ပြောလို့မှ မဆုံးခင် ပိန္နဲသီးကြီးမှာ ချိတ်နှင့် ဟပ်မိချေပြီ။

"ကဲဟယ်"

ကြိမ်းဝါးသံနှင့်အတူ ဆောင့်ဆွဲလိုက်တယ် ထင်သည်။

ပိန္နဲသီးကြီးမှ လွင့်ခနဲ ပြုတ်ကျသွားတာ တွေ့လိုက်ရသည်။

ထို့နောက်...

ရင်ခေါင်းထဲမှ ထွက်ပေါ်လာသော "အု" ခနဲ အသံနက်ကြီး ကိုပါ အကျယ်ကြီး ကြားလိုက်ရသည်။

သူနှင့်ဥညြ မတိုင်ပင်ပါဘဲ စည်းရိုးစပ်ဆီ ပြိုင်တူရောက်သွားကြသည်။ ဘုရားရေ...။

သူ့မျက်လုံးများ ပြူးကျယ်ကာ ခေါင်းနပန်းကြီးသွားရသည်။

မျက်စိတစ်မှိတ်အတွင်းမှာ မြန်ဆန်လွန်းလှချေလား။

ဒေါ်အိမ်စိုးမှာ မြေပြင်ပေါ်မှာ မျက်လုံးကြီး အဆမတန် ပြူးထွက်ကာ ကားယားကြီး လဲကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖင်း..သူ..သူ..သေသွားပြီလားဟင်!"

"ဟင်း..."

သူ သက်ပြင်းရှိုက်လိုက်မိသည်။

ဉာဏ်သြအမေးကို မပြောတတ်ဘူးဆိုသောသဘော..ခပ်လေး လေး ခေါင်းခါယမ်းပြကာ နေရာမှ ကျောခိုင်းလှည့်ထွက်လာခဲ့သည်။

ဒေါ်အိမ်စိုးကြီး၏ ပြူးထွက်နေသော မျက်လုံးအစုံက သူ့ ကျောပြင်မှာ ကပ်ငြိပါလာသလို ထင်မိကာ...

သူ့ကျောပြင်တလျှောက် ကြက်သီးများ စိမ့်ခနဲ ထသွားရ သည်။

**"ဒေါ်အိမ်စိုးကြီး သေသွားပြီ"**

တစ်ဈေးလုံး လုပ်လက်စအလုပ်များ ရပ်တန့်ကာ သတင်း ပေးလာသော ဉာဏ်သြကို ကြောင်ကန်းပြီး ပြူးကြည့်လိုက်မိကြသည်။

"ဉာဏ်သြ...ဘာ...ဘာပြောလိုက်တယ်၊ ပြန်ပြောလိုက်စမ်းပါဦး"

အပွနားက အမဲသားတွဲကြီး ပစ်ချကာ ရှေ့တိုးလာသည်။

"ဒေါ်အိမ်စိုးကြီး သေသွားပြီလို့"

"ဘာ!...တ...တကယ်"

ဟင်းရွက်စုံရောင်းသော ဒေါ်အိ..စည်းလက်စ ကန်စွန်းရွက် စည်းကြီးကို ယောင်ပြီး ပြန်ဖြည်ချကာ ထပ်မေးသည်။

ဉာဏ်သြ စိတ်မရှည်တော့။

အသံအကျယ်ကြီး အော်ဟစ်ပစ်လိုက်သည်။

**"ဒေါ်အိမ်စိုးကြီး သေပြီဗျို့"**

"ဟေး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ထဲ ဝိုင်းအော်လိုက်သော အသံကြီးမှာ ဟည်းထ သွားသည်။

ဟင်းရွက်များ၊ အမဲသားများ၊ အာလူးကြက်သွန်များ အားလုံး မြေပြင်ပေါ် ပြန့်ကျဲကျသွားသည်။

ဒီနေ့အဖို့တော့ သူတို့အားလုံး ဈေးမရောင်းရလည်း ကိစ္စမရှိ တော့။ အားလုံး အပျော်လွန်ကာ ဝိုင်းပတ်ကခုန်နေမိကြသည်။

နှုတ်ကြမ်းလျှာကြမ်းလွန်းကာ သူတစ်ပါးအတွက် ကိုယ်ချင်း မစာနာ မငဲ့ညှာတတ်ဘဲ ကိုယ့်ဖို့သာကြည့်တတ်သော..အတ္တကြီးလွန်း သော..ဘယ်အရာမဆိုအလကားလိုချင်တတ်သော ဒေါ်အိမ်စိုးရဲ့ သေ ခြင်းတရားအတွက်...။

ဖြစ်ရိုးဖြစ်စဉ်လို စုတ်သပ်ကြ စိတ်မကောင်းဖြစ်ကြ ငိုကြွေး ကြခြင်းမရှိဘဲ..ဘာကြောင့်များ သူတို့ ပျော်မြူးနေကြပါလိမ့်။

ရွာသူရွာသားများနှင့် ဒေါ်အိမ်စိုးကြီး ဘာများဖြစ်ကြဦးမလဲ။

ဒေါ်အိမ်စိုး၏ရာဇဝင်မှာ သေဆုံးသည်နှင့် အမှန်တကယ် ပြီး ဆုံးခဲ့ပြီလား။

လောလောဆယ်တော့ မနက်ဖြန်ဆိုတာကို ဘယ်သူမှ ကြို မမြင်နိုင်သေးသည်မို့ အားလုံးပျော်ရွှင်နေကြဆဲ။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၉ )

"သရဏဂုံ တင်ပေးဖို့ ဘုန်းကြီးတို့ ကြွရမယ် ဦးဖင်း"

"တင်ပါ့ဘုရား"

ဆရာတော် ခေါ်သည်မို့သာ လိုက်ဖို့ပြင်ရသည် သူ့စိတ်ထဲမှာတော့ တစ်မျိုးကြီးဖြစ်နေသည်။

အဲ့ဒီတစ်မျိုးကြီးက ဘာမှန်းမသိ။

"ဦးဖင်း...ဒေါ်အိမ်စိုးကြီးသေတာ အစိမ်းသေပေါ့နော်"

အရေးထဲ ကပ္ပိယကြီးက ခပ်တိုးတိုး လာမေးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဟုတ်မှာပေါ့"

"ဒါဆို မကျွတ်ဘူး သေချာတယ်"

"ဟဲ့...သာအောင်၊ လုပ်စရာရှိတာ လုပ်စမ်း"

ဘုန်းဘုန်း ထဟောက်တော့မှ တင်ပဲ့ါဘုရား ဆိုကာ ကပ္ပိယကြီး ခပ်ကုတ်ကုတ် ထွက်သွားတော့သည်။

ကပ္ပိယကြီး ပြောသွားတော့မှ ဒေါ်အိမ်စိုးနှင့် ပတ်သက်၍ သူ့မှာ တွေးစရာတွေအများကြီး ကျန်ခဲ့တော့သည်။

ဘုန်းကြီးကျောင်းထဲက ပိန္နဲသီး ခိုးခူးကာ ပိသေရသည်မို့.. ဒီမိန်းမကြီး အကုသိုလ်နှင့် သေရတာ...။

ပြီးတော့ ကပ္ပိယကြီး ပြောသလို အစိမ်းသေ...။

ပြီးတော့ မသေခင်လည်း ဘုန်းကြီးတွေကို မထီလေးစား စောင်းချိတ်ပြောသွားခဲ့သည်။

ဘယ်နည်းနှင့်မှ လားရာသုဂတိ မကောင်းနိုင်...။

လုပ်သည့်အလုပ်ကလည်း ငွေတိုးချေးစား...။

ရစရာအကြွေးတွေလည်း မြောက်မြားစွာကျန်ခဲ့လိမ့်မည်၊ တစ်ယောက် တည်းသာရှိသော သားကလေးကလည်း ဉာဏ်ရည်မမှီ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်သည့်ကလေး။

"ဦးဇင်း ဘာတွေ တွေးနေသတုန်း!"

"အံမယ်လေး...ဒေါ်အိမ်စိုး"

ရုတ်တရက်မို့ သူ အလန့်တကြား ယောင်မိသွားသည်။

ဆရာတော်က သူ့ကို မျက်မှောင်ကုတ်ကြည့်သည်။

"ဒေါ်အိမ်စိုး ဘာဖြစ်သတုန်း!"



www.burmeseclassic.com

www.burmeseclassic.com



"ဟို...အဲ..."

သူ ဆရာတော့်ကို ဘာလျှောက်လို့လျှောက်ရမှန်းမသိ။

"အေးလေ...ခုပဲ ဒေါ်အိမ်မိစိုးအိမ် သွားမှာ၊ ဦးဇင်းဟာ ဘာဖြစ်သတုန်း!"

ဒေါ်အိမ်မိစိုးနာမည် တစ်ခွန်းကြားရတိုင်း သူကျောတွင် ကြက်သီးတစ်ခါ စိမ့်ထသလို ခံစားရသည်။

"ဘာ...ဘာမှ မဖြစ်ပါဘူး ဘုရား"

"ဒါဆို ဘာကြောင့် လန့်ရသတုန်း!"

သူ ဆရာတော့်ကို ပြန်မလျှောက်တတ်တော့ပြီ။ ဦးပြည်း ပြောင်ပြောင်ကိုသာ လက်ဖြင့် ဖိပွတ်နေမိတော့သည်။

ချွေးများနှင့် လက်က ပြောင်ချောနေသဖြင့် ဦးပြည်းက ပို ချောမွတ်နေသယောင်။

"သတိနဲ့ နေမှပေါ့၊ စိတ်က လွင့်နေရင် ဘာမှမဟုတ်ဘဲ လန့် တတ်တယ်"

"တင်ပါ့ဘုရား"

ဆရာတော်က သူ့ကို အသေအချာ စိုက်ကြည့်သည်။

"ဦးဇင်းကြည့်ရတာ လူ့ဘဝက ကြောက်တတ်မယ့်ပုံပဲ ဟုတ် သလား!"

"ဟို...အဲ...အဟင်း...တစ္ဆေသရဲတွေကို...ဟိုလေ"

သူ ရှက်ရှက်နှင့် ဦးပြည်းကိုသာ ဖိပွတ်နေမိသည်။

အမှန်အတိုင်း ဝန်ခံရလျှင် သူ တစ္ဆေသရဲဆိုတာကို ပြောရုံ ကြားရုံနဲ့တင် အရမ်းကြောက်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပရလောကသားတွေကို ဦးဇင်းမြင်တွေ့ဖူးလို့လား!"

"မမြင်..မမြင်ဖူးပါဘူး ဘုရား"

မြင်သာမြင်ဖူးခဲ့လျှင် သူ လိပ်ပြာများ လွင့်သွားလေမလား။

သူ ဆရာတော်နား မသိမသာ တိုးကပ်လိုက်မိသည်။

တစ္ဆေသရဲအကြောင်း ပြောလျှင် အလိုလိုနေရင်း သူ ကျော ထဲကစိမ့်ကာ ကြက်သီးများ ထတတ်သည်။

"ရှိတယ်လို့ကော ယုံကြည်သလား!"

သူ ဘာပြန်ပြောရမလဲ မသိ။

ဆရာတော်က သူ့ကို ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အေး...ရှိတယ်"

"ဘုရား..."

သူ ကျောရိုးများတစ်လျှောက် ကြက်သီးများ စုန်ဆန်ပြည့်ထ သွားသည်။

"ဒါပေမယ့် ပရလောကသားတွေဟာ ဘုန်းကြီးတို့နား ဘယ့်နယ် ကပ်နိုင်မတုန်း သက်န်းအနား သူတို့ သီတောင်မသီနိုင်ဘူး၊ မီးလို ပူလို့ ဝေးဝေးက ပြေးရတာ"

ဆရာတော့်စကားက သူ့ကို အားတက်သွားစေသည်။

ဟုတ်တယ်..ဒေါ်အိမ်စိုးလည်း သူ့နား ကပ်နိုင်မှာမဟုတ်။

"ဒါပေသိ သူတို့နဲ့ ဘုန်းကြီးတို့ဟာ ရန်သူတွေမဟုတ်ဘူး၊ သံဃာဆိုတာ ဘုရားသားတော်မို့ သတ္တဝါတွေကို ကယ်တင်ဖို့ ဝတ္တရား ရှိတယ်၊ သူတို့တွေရဲ့ မကျွတ်လွတ်နိုင်တဲ့ဘဝကို ကူညီပေးရတယ်...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား"

"တင်ပါ့ဘုရား"

"အေး...ခုလည်း တကာမကြီး မအိမ်စိုး ဘဝကူးကောင်းဖို့ ဘုန်းကြီးတို့ ကူညီပေးရအောင်၊ လာ...သွားစို့"

"တင်ပါ့..."

သူ ဆရာတော်နောက်မှ ခပ်သွက်သွက်လျှောက်ကာ လိုက်ရသည်။

ကပ်လျက်ပေမယ့် တစ်ခါမှ မရောက်ဖူးသည့်မို့ ဒေါ်အိမ်စိုးရဲ့ခြံဝိုင်းက သူ့အတွက် အစိမ်းသက်သက်ကြီးဖြစ်နေသည်။

ခြံဝိုင်းထဲ ခြေတစ်လှမ်း ဝင်လိုက်ကတည်းက စိမ့်ခနဲ ဖြစ်သွားသော ခံစားချက်တစ်မျိုးကို ခံစားလိုက်ရသည်။

ရင်ထဲ လှပ်ခနဲ။

ထိုခံစားချက်မျိုး သူ တစ်ခါမှ မခံစားဖူးဘူး။

သူ ခြေလှမ်းတုန့်သွားသည်ကို ဆရာတော်က သတိပြုလိုက်မိသည်။

"လာလေ ဦးဇင်း...ဘာဖြစ်လို့တုန်း!"

သူ ဘုန်းဘုန်းကို ဘာမှပြန်မဖြေမိဘဲ ခပ်သွက်သွက် လှမ်းသည်။ လှေကားထစ်များကို သတိနှင့် လှမ်းတက်သည်။ ဒေါ်အိမ်စိုး၏ အိမ်မှာ အိမ်ကြီးအိမ်ကောင်းဖြစ်သည်။

အိမ်ထဲ ဝင်လျှင်ဝင်ချင်းပင်...

ဘုရား...ဘုရား...။

သူ ရင်ထဲ တုန့်ထွက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြူးထွက်နေသော မျက်လုံးကြီးများနှင့် ဒေါ်အိမ်စိုး။

မျက်ကွင်းကြီးများမှာ မည်းနက်၍နေ သည်။

သူ အယောင်ယောင် အမှားမှားနှင့် ခြေလှမ်းတို့ကို နောက်ဆုတ်လိုက်မိသည်။ ပြီးမှ မျက်လုံးများကို ပွတ်သပ်၍ အသေအချာ ကြည့်လိုက်တော့...

"ဟင်း"ခနဲ သူသက်ပြင်းချနိုင်တော့သည်။

ဓါတ်ပုံ...။ အသက်ဝင်လှသော ဓါတ်ပုံမှာ သူ့ကိုသာမက ညှိသည်များအားလုံးကို တုန်လှုပ်ချောက်ချားစေသည်။

"အံမယ်လေး...ဓါတ်ပုံကြီးကတောင် ကြောက်စရာကောင်းတယ်နော်"

"အဲဒါကြောင့် ကိုဖိုးဘက ချက်ချင်းအခေါင်းသွင်းပစ်တာပေါ့"

"မအေးပြောတာ ကြောက်စရာကြီးတဲ့တော်၊ မျက်လုံးကြီးက ပြူးထွက်နေတာတဲ့၊ နှုတ်ခမ်းကြီးတွေကလည်း ထော်ထွက်နေတာတဲ့၊ အံမယ်လေး...ရုပ်ပျက်ဆင်းပျက်ကြီးတဲ့၊ ပြောရင်း ကြက်သီးထပါရဲ့"

"ရုပ်ပျက်ဆင်းပျက် ဖြစ်မှာပေါ့၊ ဘုန်းကြီးကျောင်းက အသီးခိုးခူးတဲ့ဟာ၊ အကုသိုလ်မှ နစ်ထပ်ကွမ်း...တော်ရေ"

"အဲ့ဒါ အသေဆိုးနဲ့ သေရတာ"

"ဒါပေါ့ အစိမ်းသေ,လေ"

"ကျွတ်မှာ မဟုတ်ဘူးနော်"

"သေချာတယ်...သတိသာထားကြ၊ တစ်ရွာလုံးက သူ့ဆီမှာ အကြွေးရှိတဲ့သူတွေချည်းပဲ""



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...အဲ့ဒါ သူ့ပစ္စည်းဥစ္စာတွေကိုစွဲလို့ မျက်လုံးကြီး ပြူးထွက်နေတာ၊ သေတာတောင် နောက်ကြောင်းမဖြောင့်လို့..."

ညှော်သည်တွေဆီမှ စကားသံများမှာ သူ့နားထဲ၌ လှုံ၍နေသည်။ သေချာသည်...ဒီမိန်းမကြီး ကျွတ်မှာမဟုတ်ဘူး။

သေချင်သည်...သူတို့နဲ့က ကပ်လျက်။

"ကိုဖိုးဘ...လောလော,လောလောနဲ့ ထွက်လာရတာ ဗိုက် ဆာတယ်ဗျာ...ဘာရှိလဲ!"

ကပ္ပိယကြီးက ဒေါ်အိမ်စိုး၏ အလုပ်သမားဖြစ်ဟန်တူသူကို ကပ်၍မေးသည်။

"ဘာရှိမှာလဲဗျာ...ဒီမိန်းမကြီးက သူ့ဝမ်းသူတောင် သဒ္ဓါတဲ့ သူမှ မဟုတ်တာ"

ဦးဖိုးဘဆိုသူ ညည်းသည်။

သို့သော် မျက်လုံးကစားလိုက်ရာ နောက်ဖေးထောင့်၌ ထောင် ၍ထားသော ပိန္နဲသီးကြီးကို မြင်သွားသည်။

"ဟိုအသီးကြီးတော့ ရှိတယ်ဗျ"

ထိုပိန္နဲသီးကြီးကို တစ်ချက်ကြည့်လိုက်ရာ ဒေါ်အိမ်စိုးရဲ့ ပြူး ထွက်နေသော မျက်လုံးကြီးကိုသာ မြင်မိသဖြင့် သူ ကပျာကယာ မျက် လုံးလွှဲလိုက်မိသည်။

"ဘယ့်နယ့်လဲ...စားရဲလား။ သူက ဒီအသီးခူးရင်း သေတာဆို တော့ စွဲနေမလားပဲ"

"အို...ခွဲဗျာ၊ ဗိုက်က အရမ်းဆာနေပြီ၊ မတတ်နိုင်ဘူး...မှားမှာ ပဲ၊ ခွဲချေဗျာ...ညှော်သည်တွေပါ ကျွေးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"စားမယ်ဗျို့…ကျုပ်တို့လည်း ဗိုက်ဆာနေပြီ"

ဈေးအုပ်စုကလည်း တောင်းဆိုသည်မို့ ဦးဖိုးဘ နောက်ဖေး ဆောင်ထဲ ဝင်ခဲ့ရတော့သည်။

နောက်ဖေးထဲရောက်သည်နှင့် စိမ့်ခနဲ ကျောချမ်းသွားသလို ခံစားလိုက်ရသည်။

"အစ်..အစ်မအိမ်စိုး…ကျုပ်..ကျုပ် ညှော်သည်တွေကို ဒီ..ဒီ အသီး ခွဲကျွေးလိုက်မယ်ဗျနော်…ခွင့်တောင်းတယ်ဗျ…နော်"

ဦးဖိုးဘတစ်ယောက် အသီးကို ချက်ချင်းမကိုင်ရဲ။ ခွင့်တောင်း ပြီးမှ မဝံ့မရဲ ကိုင်ဝံ့သည်။

အသီးကို ခွဲရန်ပြင်စဉ် နောက်ကျောဆီမှ အရိပ်တစ်ခု ဖြတ် သွားတာ မြင်လိုက်ရသလို ရှိသည်။

လှည့်ကြည့်တော့ ဘာမှမရှိ။

ဦးဖိုးဘ စိတ်အားတင်းလျက်..အသီးကို မြန်မြန်ခွဲချလိုက် သည်။ အသီးထဲမှ သွေးများ ရဲခနဲ ပန်းထွက်လာသည်။

"အား"

ဦးဖိုးဘ မျက်စိစုံမှိတ်လျက်အော်ကာ အသီးကို မြန်မြန်လွှတ် ချလိုက်မိသည်။

"ဘာဖြစ်တာလဲဗျ ကိုဖိုးဘ!"

ဦးဖိုးဘ လှည့်ကြည့်လိုက်သည်။ ကပွဲယကြီး ဦးသာအောင်က အံ့အားသင့်ကာ မေးနေသည်။

"သွေး…သွေးတွေ"

"ဘယ်မလဲ!"



www.burmeseclassic.com

www.burmeseclassic.com



"ပိန်း...ပိန္နဲသီး..."

"ဘယ်လို!"

ကပွိယကြီးက ပိန္နဲသီးကြီးကိုတလှည့် ဦးဖိုးဘကို တလှည့် ကြည့်ကာ...

"ဗြော်...ခင်ဗျားနယ်ဗျာ ပေါ့တီးပေါ့ဆနဲ့ ပိန္နဲသီးခွဲတာများ ဓားထိရတယ်လို့"

"ဟင်!"

ဦးဖိုးဘသာ အသေအချာ ငုံ့ကြည့်လိုက်တော့မှ သွေးများက သူ့လက်ကို ဓားထိ၍ ထွက်နေခြင်းဆိုတာ သိလိုက်ရသည်။

"ဖယ်...ကျုပ်ခွဲမယ်"

ကပွိယကြီးက ဖိုးခနဲ ဆတ်ခနဲ ဝင်ခွဲသည်။

"ကဲ...ပြီးပြီ၊ ဧည့်သည်တွေကျွေးဖို့ ယူသွားတော့"

ကပွိယကြီးနှင့်ဦးဖိုးဘ အိမ်ရှေ့ကို ပြန်ထွက်ခဲ့ကြသည်။

"ကဲ...အဆာပြေ စားကြ"

ပိန္နဲသီးဖလုံကို ကမ်းပေးသော်လည်း...ဧည့်သည်အများစုမှာ ကြည့်သာကြည့်ကာ မထိရဲကြ။

"စားကြလေဗျာ"

"သူ့ကို အရင်ကျွေးလိုက်ဦးလေ"

အပွနားက အခေါင်းကို မရဲတရဲ လက်ညှိုးထိုးပြသည်။

"ဘယ်သူ သွားကျွေးမှာလဲ!"

"ခင်ဗျားပဲ သွားကျွေးပေါ့၊ ခင်ဗျားက အိမ်သားပဲဟာ"

ဦးဖိုးဘ ပန်းကန်ငယ်တစ်ချပ်ထဲ ပိန္နဲသီးအမှာ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ခွဲထည့်ပြီး အခေါင်းနား တွန့်ဆုတ်ဆုတ်နှင့် သွားသည်။

"အစ်..အစ်မ အိမ်စိုး...ပိန္နဲသီး စားဦးဗျနော"

အခေါင်းရဲ့ခေါင်းရင်းနားက စားပွဲငယ်ပေါ် ပန်းကန်လုံး တင်လိုက်သော ဦးဖိုးဘရဲ့လက်ချောင်းများ တဆတ်ဆတ် တုန်ယင်နေကြသည်။

"အခေါင်းကို ခေါက်ပြီးပြောရတယ်၊ တော်ကြာ..မကြားဘဲ နေဦးမယ်"

ကပ္ပိယကြီးက ကြိတ်ပြီး သတိလှမ်းပေးသည်။

ဦးဖိုးဘ လက်ချောင်းများတင်မက တစ်ကိုယ်လုံးပါ တဆတ်ဆတ် တုန်လာသည်။

စိတ်ကို တင်းလျက် အခေါင်းကို ခေါက်ရန် လက်ကို ရွယ်လိုက်စဉ် လှစ်ခနဲ လက်ဖွေးဖွေးကြီးထွက်လာကာ ဦးဖိုးဘလက်ကို ရက်တရက် ဖမ်းဆွဲလိုက်လျှင်...

"အား"

ဦးဖိုးဘရဲ့မျက်စိစုံမှိတ်ကာ ကြောက်လန့်တကြား အော်ဟစ်လိုက်သံက တစ်အိမ်လုံး တုန်ဟည်းသွားတော့မတတ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၀ )

"ဟား...ဟား...ဟား...ဟား"

အားရပါးရ အသံနက်ကြီးဖြင့် ရယ်ကာ အခေါင်းဘေးအကွယ်မှ ထွက်လာသော မောင်မိုးကို မြင်ရတော့မှ အားလုံး သက်ပြင်းချနိုင်တော့သည်။

"မောင်မိုးရယ်...ဘယ်လိုလုပ်လိုက်တာလဲ!"

ဦးဖိုးဘမှာ ခုချိန်ထိ မျက်လုံးမဖွင့်နိုင်သေး။

သွေးပျက်မတတ် ထိတ်လန့်ကြောက်ရွံ့မှုကြောင့် ဖင်အစုံမှာ ဖားဖိုကြီးလို ခုန်လှုပ်၍နေခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးမှာ ရယ်နေရာမှ..ပြူးကြောင်ကာ တုန်လှုပ်ကြောက်လန့်နေကြသော ပရိသတ်ကြီးကိုမြင်လျှင် အားပါးတရ ရယ်မောနေရာမှ တဖြည်းဖြည်းချင်း ငြိမ်ကျသွားကာ...

"အီး..ဟီး..ဟီး...အမေ...အမေ"

ရုတ်တရက်ကြီး အသံကုန်ဟစ်ကာ ထငိုလိုက်သော မောင်မိုးကြောင့် ဧည့်သည်များအားလုံး မျက်လုံးပြူးသွားရသည်။

"အမေ ဘာလို့ သေတာလဲ၊ ဘာလို့ သေတာလဲ၊ အမေ သေတာ သားမပျော်ဘူး၊ သူတို့တွေက ပျော်နေကြတယ်"

ငိုရင်းပြောရင်းမှ ဧည့်သည်တွေဘက် လက်ညှိုးကြီး ထိုးကာ ပြောလိုက်သဖြင့်...

ဧည့်သည်များမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ မောင်မိုး ပြောသည်မှာလည်း အမှန်ပင်ဖြစ်ရာ မလုံမလဲနှင့် ခေါင်းကြီးတွေ ငုံ့ထားလိုက်မိကြသည်။

"သူတို့တွေက အမေ့အကြွေးမှ မပေးချင်ကြတာ ပျော်တာပေါ့..သားသိတယ်၊ အမေ့အကြွေး လာမပေးရင် သူတို့ကို ခြောက်..သိလားအမေ သားကိုမခြောက်နဲ့...သူတို့ကိုခြောက်...အားလုံးကိုခြောက်၊ သေအောင်သာခြောက်ပစ်၊ အီး..ဟီး..ဟီး..အား"

မောင်မိုး ထိန်းမရအောင် ပေါက်ကွဲလေပြီ။

လက်ညှိုးကြီး တွင်တွင်ထိုးကာ အော်အော်ငိုသည်မို့ ဧည့်သည် များမှာ အသုဘကိုလည်းကြောက်၊ မောင်မိုး စိတ်လွတ်ကာ အသောင်းကျန်းမှာလည်း ကြောက်တာ အလျှိုအလျှို ပြေးကြလေပြီ။

နောက်ဆုံး...



www.burmeseclassic.com

www.burmeseclassic.com



သရဏဂုံတင်ပေးသည့်အချိန်မှာ ဘုန်းဘုန်းနှင့်သူ့နား ကျန်ရစ်ခဲ့သည်မှာ...

ဒေါ်အိမ်စိုး၏အလောင်းနှင့်...

ကျပ်မပြည့်သော မောင်မိုးလေးတစ်ယောက်သာ။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ )

"အူး ..."

သံရှည်ဆွဲကာ အူလိုက်သော ကျားဘိုအသံကြောင့် ဒေါ်အေး လန့်နိုးလာခဲ့သည်။ ခွေးအူသံကြီးက တစ်မျိုးကြီးမို့ ဒေါ်အေးရင်ထဲ ချမ်းစိမ့်စိမ့်ကြီး ဖြစ်သွားခဲ့ရသည်။

ထိုစဉ်...

အိမ်အောက်ဆီမှ ချီးခနဲ ချွတ်ခနဲ ခပ်သဲ့သဲ့ ကြားရပြန်သည်။ နားစွင့်ထားဆဲ လေမတိုက်ပါဘဲ တံခါးရွက်မှာ လှုပ်၍သွား



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မြင်လိုက်ရပြန်လျှင် အိပ်မှုန်စုံဝါးဖြစ်နေသော မျက်လုံးများမှာ ဆတ်ခနဲ ပြူးသွားရသည်။

"ကိုသန်း..ထ..ထစမ်းပါဦး"

"အင်..."

ကိုသန်းမှာ သံရှည်ဆွဲကာ မျက်လုံးကတော့ မဖွင့်။

ဒေါ်အေး ငုတ်တုတ်ထကာ ကိုသန်းရင်ဘတ်ကို ဘုန်းခနဲ ထုလိုက်သည်။

"ကိုသန်း ထစမ်းပါဦးဆို"

"အား..."

ကိုသန်း ရင်ဘတ်ကို ပွတ်၍ မျက်လုံးပြူးကြီးနှင့် ငုတ်တုတ် ထထိုင်သည်။

"ဘာလဲဟာ"

"ဟိုမှာ ကြည့်စမ်း"

ဒေါ်အေး တံခါးကို မျက်လုံးထောင့်ကပ်ကြည့်ကာ လက်ညှိုး ထိုးပြသည်။

"တံခါး..တံခါး..လေမတိုက်ဘဲ လှုပ်နေတယ် တွေ့လား!"

ကိုသန်း မျက်မှောင်ကြုတ်ကာ ကြည့်သည်။

"ဘာဖြစ်လို့ပါလိမ့်!"

"သွားကြည့်စမ်းပါဆို"

"အေး...သူခိုးများ ကပ်သလားပဲ"

ကိုသန်း ခြေကိုဖွနင်းကာ သွားသည်။ ဒေါ်အေးကတော့ သူခိုးဟု မထင်။ ကိုသန်း တံခါးကို သတိနှင့် ဆွဲဖွင့်လိုက်သည်။ မရှိ...။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ မသင်္ကာစရာ ဘာမှမရှိ၊ ကိုသန်း အိပ်ရေးပျက်သလို "ဝါး"ခနဲ သမ်းရင်း တံခါးပြန်ပိတ်လိုက်သည်။

"ဘာမှ မရှိပါဘူးကွာ"

"ဟုတ်ရဲ့လား...တံခါးလှုပ်နေတာ ကျွန်မ တွေ့တာဖြင့်ကြာပြီ"

"မယုံ ကိုယ်တိုင်လာကြည့်လှည့်ချေကွာ"

ဒေါ်အေး မရဲတရဲ ထလာကာ ကိုသန်းဖွင့်ပေးသော တံခါးအပြင်ကို အသာကလေး ချောင်းကြည့်သည်။

"တွေ့လား...ဘာမှမရှိဘူး"

"အင်း..."

"ပြန်အိပ်ရအောင်ကွာ...အလကား အိပ်ရေးပျက်တယ်"

ဘာမှ မတွေ့ရသည်မို့ ဒေါ်အေး စိတ်အေးသွားသည်။ နစ်ယောက်သား အိပ်ရာထဲ ပြန်ဝင်ရန် တံခါးပိတ်ပြီး ဒီဘက် ပြန်လှည့်လိုက်စဉ်...

မျက်လုံးပြူးကြီးများနှင့် ခါးထောက်ကာ ရပ်ကြည့်နေသော ဒေါ်အိမ်စိုး။

"အား!!..."

"အံမယ်လေး!!..."





www.burmeseclassic.com

# အခန်း ( ၁၂ )

ဝေလီဝေလင်း နံနက်ခင်း ချမ်းချမ်းစီးစီးမှာ ဘုရားဂုဏ်တော်တွေ ရွတ်ရင်း သူ တံမြက်စည်း လှည်းနေမိသည်။

ဘုရားတရားနှင့် ကင်းဝေးခဲ့သည်မို့ ဂုဏ်တော်တွေ ဂါထာတွေ သူ မရ။ ဆိုရင်းဆိုရင်းနှင့် လုံးလည်ချာလည်လိုက်နေမိသည်။

သစ်ရွက်ခြောက်တွေ လှည်းနေမိရင်းမှ တဖြည်းဖြည်းနှင့် ပိန္နဲပင်ကြီးအောက် ရောက်မှန်းမသိ ရောက်လာခဲ့မိသည်။ ငွေ့အိနေသောအနံ့က နှာခေါင်းထဲတိုးဝင်လာသဖြင့် သူမော့ကြည့်လိုက်မိသည်။

www.burmeseclassic.com



ပိန္နဲပင်ပေါ်မှ ရွက်ခြောက်တွေ ဖျောခနဲ ကြွေကျလာသည်။ လေမတိုက်ဘဲ သူ့ကျောထဲမှ စိမ့်ခနဲ ချမ်းတက်သွားမိသည်။ ရွက်ခြောက်တွေ တစုတဝေး ကြွေကျလာပုံမှာ ဆန်းနေသည်။ တစ်စုံတစ်ယောက်မှ ကြုံးပြီး လွှတ်ချလိုက်သလိုမျိုး။ တကယ်ဆို ရွက်ခြောက်ဆိုတာ လေတိုက်မှ တစ်ရွက်ပြီးတစ်ရွက် ကြွေကျလာတတ်မျိုး မဟုတ်ဘူးလား။

သူ ရွက်ခြောက်တွေကို ခပ်သွက်သွက်လှည်းကာ နေရာရွှေ့သည်။

"ဖလမ်း..."

သူရွှေ့ပြီး မကြာမီမှာပင် နောက်ထပ်ရွက်ခြောက်များ အစုအပုံလိုက် ထပ်ကျလာပြန်သည်။

မဟုတ်တော့ပြီ...။ တစ်ခုခုတော့ လွဲချော်နေပြီ။

"သံ..သံဗုဒ္ဓေ..."

သူ ဘုရားဂါထာ ရွတ်ရင်းက ပိန္နဲပင်ပေါ် ရင်တထိတ်ထိတ်နှင့် မော့ကြည့်လိုက်သည်။

နှင်းမှုန်များကြားမှ ဖွေးဖွေးလှုပ်လှုပ် အရာကြီးတစ်ခု အပင်ပေါ်မှ ဝုန်းခနဲ ပြုတ်ကျလာသည်။ သူ့ရှေ့တည့်တည့်...

မျက်လုံးရဲကြီးများ ပြူးထွက်ကာ တွန့်လိမ်ကောက်ကွေးနေသော ဆံပင်များက ဖွာရရကြဲလျက်။

"အား..သံဗုဒ္ဓေ..."

သူ အသံထွက် မအော်မိအောင် နှုတ်ခမ်းကို မနည်းထိန်းချုပ်ကာ စေ့ပိတ်ထားရသည်။ မျက်လုံးများကို ကျပ်နေအောင် မှိတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



တံမြက်စည်း ရိုးတံရှည်ကို တင်းတင်းဆုပ်ထားမိသည်။

"ဟား..ဟား..ဟား..ဟား"

ရယ်သံ...။

ဒီအသံကို သူ ရင်းနှီး၍နေသည်မို့ မျက်လုံးများကို မရဲတရဲ ဟကြည့်လိုက်သည်။

"ဦးဖင်းက ကြောက်တတ်တယ်လို့ ဆရာတော်ပြောတာ မယုံလို့ စမ်းကြည့်တာ၊ ခုတော့ ယုံသွားပြီ၊ စိတ်မဆိုးနဲ့နော် ဦးဖင်း... ဟီး...ဟီး"

ဥညြ...။

သရဲမျက်နှာဖုံးစွပ်ကို ချွတ်ကာ ဟားတိုက်ရယ်နေတုန်း...

"ဟယ်...ဒီကျောင်းသား၊ ဦးဖင်းများ စ,စရာလား၊ ငရဲကြီးမယ်"

သူ..ဥညြမှန်း သိရတော့မှ မျက်လုံးရဲရဲဖွင့်ရဲတော့ကာ မာန် လိုက်ရသည်။

"ဦးဖင်းလည်း သရဲကြောက်တတ်တယ်နော်"

"ရတ်တရက်ဆိုတော့..."

သူ အရက်ပြေ ဘာဆက်ပြန်ပြောရမလဲ စဉ်းစားနေဆဲ...

ဝိန္နဲပင်ကြီးပေါ်မှ ရွက်ခြောက် တပွေ့တပိုက်ကြီး ဖလမ်းခနဲ ကျလာသည်။

"အား...ဦးဖင်း..လုပ်..လုပ်ပါဦး၊ ဒါတော့ တပည့်တော် လုပ်တာ မဟုတ်ဘူး"

ဥညြမှာ သူ့သင်္ကန်းထဲ အတင်းပြေးဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com


"သံ...သံဗုဒ္ဓေ"

တံမြက်စည်းရိုးကို တင်းတင်းဆုပ်ကိုင်ထားသော သူ့လက်ချောင်းများထဲတွင်လည်း စောစောစီးစီး ချွေးစေးများ ရွဲနစ်စေးထန်းလျက်...။

ထိုစဉ် ဆရာတော်ရောက်လာသဖြင့် စိတ်သက်သာရရ သွား၏။

"ဥဩ...နောက်ကို ဒါမျိုး ဘယ်တော့မှ မစရဘူး ကြားလား။ သံဃာဆိုတာ စ,စရာမဟုတ်ဘူး နောက်တစ်ခါဆို ဘုန်းကြီးကြိမ်နဲ့ အခေါ်ပဲမှတ်"

"တင်ပါ့ဘုရား"

ဥဩက ဆရာတော်မမြင်အောင် လက်နှင့်အုပ်ကွယ်ကာ ကြိတ်ရယ်သည်။

သူ့မှာတော့ ရှက်လွန်း၍ ခေါင်းမဖော်ဝံ့။

ရဟန်းတန်မဲ့ ကလေးက သရဲမျက်နှာဖုံးစွပ်ကာ ခြောက်သည်ကိုပင် ကြောက်မိသော သူ့အဖြစ်သူ ရှက်၍မဆုံး။

"ဦးဇင်း..."

"ဘုရား.."

ထူးသာထူးလိုက်ရသော်လည်း ဆရာတော်ကို သူ ရဲရဲမကြည့်ဝံ့...။

"ရှက်မနေနဲ့...ကိုယ်က နဂိုအခံကိုက ကြောက်တတ်သူကိုး။ ကိုယ့်ကိုယ်ကို ရဟန်းတန်မဲ့ ကြောက်မိရသလားလို့လည်း...သိမ်ငယ် မနေနဲ့၊ ဝါနုသေးတာကိုး...ပါရမီမှ မရင့်သေးဘဲ၊ နောက်တွေလည်း


www.burmeseclassic.com

www.burmeseclassic.com


ပါရမီရင့်လာရင် ကြောက်စိတ်ဟာ တဖြည်းဖြည်းနည်း...နည်းရာကနေ ပပျောက်သွားမှာပေါ့၊ အင်း...မင်းတကယ်ကြောက်သင့်တာက ပရလောကသားတွေကို မဟုတ်ဘူးကွယ့်..."

ဆရာတော့်လေသံက အထူးလေးနက်၍သွားသည်မို့..သူ ဆရာတော်မျက်နှာကို မော်ဖူးကာ အသေအချာ နားစိုက်ထောင်လိုက်မိသည်။

"လောဘ ဒေါသနဲ့ မောဟပဲ"

တည်ကြည်လေးနက်ကာ ပြတ်သား၍နေသော ဆရာတော့်စကားက သူ့နားစည်အိမ်ထဲ ရှင်းလင်းစွာ ဝင်ရောက်သွားသည်။

"အေး...ပြီးတော့ သီလပျက်ယွင်းမှာကိုကြောက်၊ ကြောက်စရာအကောင်းဆုံးက မုသာဝါဒကံပဲ၊ လူတွေက လွယ်လင့်တကူ ချိုးဖောက်မိတတ်ကြတယ်၊ ပေါ့ပေါ့ကလေးပြောပြီး ချိုးဖောက်တတ်ကြတယ်"

မုသာဝါဒ...။

လောဘနောက် လိုက်ရင်း မုသာဝါဒကံဖြင့် သူ အသက်မွေးမှု ပြုခဲ့မိသည်ပါလား။

ဆရာတော် တရားပြမှပင် သူပြုခဲ့မိသော မကောင်းမှုများအတွက် ကြောက်ရကောင်းမှန်းသိကာ သူ့ရင်ထဲ တလှပ်လှပ် တုန်ယင်လာခဲ့သည်။ ထိုမကောင်းမှုများကို သူ ဘယ်လို ဆေးကြောသုတ်သင်ရမည်လဲ။ ကြောက်စိတ်ဖြင့် သူ ဖောချွေးများ ပြန်လာဆဲ...

"ဆရာတော်ဘုရား...ဧည့်သည်လာပါတယ် ဘုရား"

ကပ္ပိယကြီးက ဧည့်သည်ခေါ်လာသည်မို့ ဆရာတော့်ကို ဦးချ


www.burmeseclassic.com

www.burmeseclassic.com



ကာ သူ နေရာမှ ထွက်လာခဲ့ရသည်။

"ကဲ…ဦးပဥ္စင်းရေ၊ ဘုန်းကြီးမှာ အရေး ကိစ္စ ပေါ်လာလို့ ခရီး ထွက်ရဦးမယ်ကွယ့်၊ အဲဒီတော့ ကျောင်းကို မင်းလက်ထဲပဲ အပ်ခဲ့ရမှာ ပဲ"

"ဘုရား…"

သူ ဆရာတော့်ကို အလန့်တကြား မော့ကြည့်လိုက်မိသည်။

"ကပ္ပိယကြီးနဲ့ ကျောင်းသားလေး ကျန်ခဲ့မှာပဲကွယ်၊ ရွာသူရွာ သားတွေကလည်း မနေကြပါဘူး၊ ဆွမ်းကွမ်းကိစ္စလည်း မပူရပါဘူး။ ဖျားရေးနာရေးလည်း မပူရပါဘူး၊ ဘာမှလည်း မကြောက်နဲ့၊ ဘုန်းကြီး ကျောင်းပေါ်လည်း ဘယ်ပရလောကသားမှ တက်လို့မရဘူး"

"တင်ပါ့ဘုရား"

တင်ပါ့သာ ဘုရားလိုက်ရသော်လည်း ဆရာတော် ခရီးသွား မည်ဆိုတော့ သူတစ်ပါးတည်း အားငယ်သွားမိတာတော့ အမှန်ပင်။

ပြီးတော့ ကြောက်စိတ်ကလည်း ချက်ချင်းပင် ဝင်ရောက်ကြီး စိုးလို့လာသည်။

"သာသနာ့ညီအစ်ကိုတော်ချင်း နာဖျားမကျန်းတဲ့ကိစ္စဆို တော့ မသွားမဖြစ်ကို သွားရမယ့်ကိစ္စမို့ပါကွယ်၊ ဟိုက ဘုန်းဘုန်းခမျာ အိပ်ရာထဲကကို မထနိုင်ဘူးဆိုတော့ သွားမှကိုဖြစ်မှာ"

သူ သက်ပြင်းကိုသာ ခိုးချမိပါတော့သည်။

ထိုအခိုက်…

မျက်လုံးပြူး မျက်ဆံပြူးနှင့် ကျောင်းပေါ် ပြေးတက်လာသော လူတစ်စု။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ဘုရား...ဆရာတော်ဘုရား"

"ဟဲ့..ဟဲ့..ဘာတုန်း၊ အို..အထိတ်တလန့်နဲ့ ဘာများဖြစ်လာကြသတုန်း!"

ဆရာတော်လည်း ချက်ချင်းပင် မေးလေလျှင် ဦးဖိုးဘနှင့် ကိုသန်းတို့မှာ တကယ်တမ်း ပြောရမည်ဆိုတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြလျက်...

"ဟဲ့...ဘာတုန်း၊ ပြောကြစမ်း မြန်မြန်"

"ဟို..ဟို..ဒေါ်..ဒေါ်အိမ်မိုး ဘုရား"

ကိုသန်း နောက်ကို ကျောမလုံသလို လှည့်ကြည့်ရင်းက အသံတုန်တုန်နှင့် လျှောက်သည်။

ကိုအေး စကားမှ မဆုံးသေးခင် ဘုန်းဘုန်းက သိနှင့်လိုက်ပြီမို့ သက်ပြင်းကိုရှိုက်ကာ...

"အိမ်း...ခက်သားလားကွယ်၊ အနေမတတ်တော့ အသေမတတ်ဘူးပေါ့၊ ခများလည်း သနားပါတယ်"

"လောလောဆယ် တပည့်တော်တို့ကို အရင်သနားပါဘုရား။ တပည့်တော်တို့ အဲဒီအိမ်ကြီးမှာ ဘယ်လိုဆက်နေရပါ့မလဲဘုရား...၊ တခြားလည်း နေစရာမရှိပါဘူး၊ တပည့်တော်တို့ တခြားမှာနေစရာရှိဦးတော့၊ မောင်မိုးကို တစ်ယောက်တည်းထားခဲ့ရင် ဘယ်သူကြည့်ပေးမလဲ ဘုရား"

"အိမ်း...ဒုက္ခတွေချည်းပါလားဟဲ့၊ ကြားထဲက ငါတောင် စိတ်ညစ်ချင်လာပြီ"

ဘုန်းဘုန်းလည်း ညည်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မညစ်ပါနဲ့ဘုရား…ဆရာတော် လုပ်ပေးရင်တော့ ရပါတယ်"

"ဟော…လာ..လာချေသေး၊ ငါက ဘာလုပ်ပေးရမတုန်း!"

"ဟို..ဟို..ကမ္ဗဝါလေးဘာလေး ရွတ်ပေးဖို့"

"အင်း…"

ဆရာတော် သံရှည်ဆွဲကာ စဉ်းစားလေတော့သည်။

ခဏမျှကြာလျှင် သက်ပြင်းကို ချလျက်…

"ဘုန်းဘုန်းက အရေးပေါ်ကိစ္စတစ်ခုနဲ့ ခရီးသွားရမှာ…အချိန်မရတော့ဘူး၊ ကဲ…ဒီတော့ ဒီလိုလုပ်"

ဒီလိုလုပ်ဆိုရင်းမှ ဘုန်းဘုန်းအကြည့်က သူ့ဆီကျရောက်လာသည်မို့ သူ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"ဦးဖင်း သွားပေးလိုက်"

"အ..အရှင်ဘုရား…တပည့်တော်က.."

ဘုန်းဘုန်းက သူ့ကို စကားအဆက်မခံ..လက်ကာပြသည်။

"ဘုန်းဘုန်းပြောမယ်…မေတ္တာသုတ်နဲ့ မာရဏပရိတ်တော် ရွတ်ပေးလိုက်၊ မသွားခင်ကထဲက သူ့ကို မျက်စိထဲ မြင်ယောင်ရင်းရည်ရုံးပြီး မေတ္တာပို့ထား၊ မေတ္တာဘာဝနာ ပွားထား၊ ဒါမှ ပိုပြီးထိရောက်အောင်..ဟုတ်ပြီလား၊ ကဲ..ဖိုးသာအောင် ပြင်ဆင်စရာရှိတာ ပြီးပြီလား ငါကြွချေမယ်"

"တင်ပါ့…အသင့်ပါပဲဘုရား"

ဘုန်းဘုန်းက ကြွချေပြီ။

ကားအိတ်ဖောမှ ထွက်လာသော မီးခိုးတန်းကို ကြည့်ကာ..





ပထမဆုံး ကျောင်းစတက်သည့်နေ့ ကျောင်းမှာ အမေက ထားခဲ့ကာ ပြန်သွားတော့ ဝမ်းနည်းပမ်းနည်း ကျန်ခဲ့ရသလိုမျိုး သူခံစားနေမိသည်။

ရဟန်းဘဝရောက်သည်မှ ရက်ပိုင်းသာရှိသေး၊ ရွာသူရွာသားတွေနှင့် သရဲမကြီးနှင့် သူတစ်ပါးတည်း ကျန်ခဲ့ရသည့်အဖြစ်က..

သူ သက်ပြင်းသံ အကြိမ်ကြိမ်အခါခါ ချနေမိတော့သည်။

သူ့အဖြစ်ကို ကပ္ပိယကြီးက မကြည့်ရက်သလို…

"အားမငယ်ပါနဲ့ ဦးဖင်းရယ်၊ ဟိုဘက်ရွာက ဦးဖင်းတွေပါ သွားပင့်ပေးပါ့မယ်…ဦးဖင်း အဖော်ရအောင်"

"မကြောက်ပါနဲ့ ဦးဖင်းရယ်၊ ညအိပ်တော့ တပည့်တော် အတူလာအိပ်ပေးမှာပေ့ါ"

ကျောင်းသားလေးကပါ ကပ္ပိယကြီးလေသံနင်းကာ သူ့ကို ပြောင်လေသည်။

"နေစမ်းပါ ဉာဏ်ရယ်"

တစ်ပါးတည်း ကျန်ခဲ့၍ စိတ်အားငယ်ရသည့်အထဲ ဒေါ်အိမ်စိုး မခြောက်တော့ရေးကိစ္စက သူ့ခေါင်းပေါ် တာဝန်ကြီးတစ်ခုလို လုံးလုံးလျားလျားကြီး ကျရောက်ခဲ့လေပြီ။

သူ ဒေါ်အိမ်စိုးကိစ္စ ဘယ်လိုများ ရှင်းရပ့ါ…။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၃ )

"**ဟင်...**"

သူမျက်လုံးပြူးသွားမိသည်။

"ဘယ်..ဘယ်လိုဖြစ်ရတာလဲ ကပ္ပိယကြီး!"

"ဦးဇင်းလေးက နေမကောင်းလို့ ကိုရင်တွေပဲ ပင့်ခဲ့လိုက်တယ်"

"ကပ္ပိယကြီးရာ..."

ကပ္ပိယကြီး ပင့်လာခဲ့ချေသော ကိုရင်လေးသုံးပါးကိုကြည့်လိုက်လျှင် ခုမှ ဂေါ်လီလိုမ့်ရာမှ ထ,လာသလို ချွေးစီးကြောင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



သက်န်းများမှာလည်း ဖုန်အလူးလူး။

"ဦးဖင်းရယ်...ကိုရင်လည်း ဘုရားသားတော်ပါပဲ..သံဃာပါပဲ၊ လာပါ...သွားရအောင်"

ကပ္ပိယကြီးက နှစ်သိမ့်ပေးလျှင် သူ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ သက်ပြင်းသာ ချလိုက်မိတော့သည်။

ကိုရင်လေးများမှာ အသက်သာငယ်သော်လည်း သူ့ထက်တော့ ဝါရင့်မည့်ပုံပင်။ လေ့ကားပေါ် တက်သည်ကအစ ဣန္ဒြေအပြည့်နှင့်။ ဘာမှပြောရန်မလို။

မျက်လွှာကလေးများ ချကာ တည်ကြည်လှသည်မို့ သူပင် ခုနက သက်ပြင်းများချကာ အထင်သေးမိသည်ကို အားနာသွားရသည်။

ကိုရင်လေးများကိုကြည့်ကာ သူ ကြိတ်ချီးကျူးနေမိခိုက်...

"အစ်မ အိမ်စိုးရေ...ဦးဖင်းလေးဆီမှာ ပရိတ်တရားနာရအောင်ဗျနော်"

ဦးဖိုးဘမှ ရုတ်တရက် ထ,ပြောလျှင် သူ ဆတ်ခနဲ ဖြစ်သွားရသည်။

ဦးဖိုးဘ မဝံ့မရဲ အခေါင်းကို ခေါက်လိုက်သံမှာ သူ့နားထဲမှာတော့ ကျယ်လောင်စွာ မြည်ဟည်းသွားသည်။

ဆရာတော်က မှာခဲ့သည်။ ဒေါ်အိမ်စိုးရုပ်သွင်ကို မျက်လုံးထဲမြင်အောင် ကြိုးစားပြီး မေတ္တာပို့ပါ...တဲ့။

ဘုရား...ဘုရား။

မြင်ယောင်အောင် ကြိုးစားစရာပင် မလို။ ပြူးထွက်နေသော မျက်လုံးကြီးများနှင့် ခက်ထန်အပေါက်ဆိုးလှသော မျက်နှာကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းလင်းလင်းကြီး အာရုံထဲ ထင်ပေါ်နေသည်မို့ ပျောက်ကွယ်သွားအောင် ဖောက်ထုတ်လို့ရလျှင်ပင် ဖောက်ထုတ်ချင်လှသေးသည်။

"ရွှတ်တော့မလား ဦးဇင်း"

"အေး...ရွှတ်တာပေါ့"

ဘေးမှ ကိုရင်ကလေးက ခပ်တိုးတိုး မေးသည်။

သူ အသင့် ပါးစပ်ပြင်ထားလိုက်သည်။

သို့သော် ကိုရင်လေးများက တော်တော်နှင့် မ,စ..

သူလှည့်ကြည့်လိုက်တော့ ကိုရင်လေးများလည်း ပါးစပ်ပြင်ထားတာ တွေ့ရသည်။

"စ,တော့လေ ကိုရင်"

"ဦးဇင်းမှ မ,စသေးဘဲ"

"ကိုရင်တို့က အရင်စ,ဆိုလေ၊ ဦးဇင်းက စောင့်နေတာ"

ကိုရင်လေးများ တင်ပါးမျက်နှာ တစ်ပါး ပြုံးစိစိနှင့် ကြည့်ကြသည်။

သူ့ရင်ထဲ ထိတ်ခနဲ..။ အရှက်တော့ ကွဲရချေတော့မည်။

"ကို...ကိုရင်တို့က မရဘူးလား!"

"ဘယ်ရလိမ့်မတုန်းဗျ...ဦးဇင်းကရော မရဘူးလား!"

ဘေးမှ ကိုရင်က ယပ်တောင်နှင့် မသိမသာကွယ်ကာ ပြုံးစိစိ ပြန်မေးသည်။

"ဟာ...ဦးဇင်းက ဝတ်တာ ရက်ပိုင်းပဲ ရှိသေးတယ်"

တရားနာသူများက သူတို့ကို မော့တကြည့်ကြည့်နှင့် စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာတော့ ကျွဲးထဲကျပ်ထဲ ထူပူနေပြီ။

"ဦး...ဦးဖင်း ဘယ်လိုလုပ်ရမလဲ!"

"တစ်ခါမှ မဆိုဖူးဘူးလား!"

"ဒီကိုမလာခင်တော့ ကြည့်ပြီး ရွတ်ထားသေးတယ်"

"ဒါဆို ရပြီ"

ထိုကိုရင်လေးမှာ ဖြတ်ထိုးဉာဏ်ကောင်းမည့်ပုံပင်။

သူ့ကို စိတ်အေးတော့ဆိုသော သဘောမျိုး အားပေးပြုံး ပြုံးကာ...

"ကပ္ပိယကြီး ခဏလောက်"

ကပ္ပိယကြီးမှာ ဘာများဖြစ်သလဲ စိတ်ပူကာ အနားချက်ချင်း ရောက်လာသည်။

"ကိုရင်တို့က ရွတ်နေကျ မဟုတ်တော့ မေ့တော့တော့နဲ့ ပရိတ်စာအုပ်လေးများ ရှာပေးပါလား!"

"ရမယ်...ရမယ် ကိုရင်၊ ရှိတယ်"

ကပ္ပိယကြီး ကပျာကယာ ပရိတ်စာအုပ် ရှာပေးသည်။

ကိုရင်လေးများ ပရိတ်စာအုပ်လေးများ ကိုင်ကာ ရွတ်သည်။

သူကတော့ ယပ်တောင်နှင့်ကွယ်ကာ နောက်မှ ခပ်တိုးတိုး လိုက်ဆိုသည်။

ခုမှပင် ရင်ထဲက အလုံးကြီးကျကာ သူလည်း သက်ပြင်းချနိုင်ပြန်တော့သည်။

သည်လိုနှင့်ပင် ချောချောမွေ့မွေ့ပင် ပရိတ်တော်များ ရွတ်ဖတ်၍ပြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပရိတ်ရွတ်ပြီးပြီဆိုတော့ ဒေါ်အိမ်စိုးကို မေတ္တာပို့အမျှအတမ်း ပေးရမည့်ပေါ့။

"အဟမ်း.."

တကယ်တော့ သူ လည်ချောင်းရှင်းသလိုနှင့် အားယူလိုက်တာဖြစ်သည်။

ထိုမိန်းမကြီးနာမည်ကို နှုတ်မှ ဖွင့်ခေါ်ဖို့ သူ့ပါးစပ်က မရဲ။

"အဟမ်း..."

နောက်တစ်ခါ ချောင်းထပ်ဟန့်တော့ ပရိသတ်များ သူ့ကို မော့ကြည့်ကြသည်။

"ကွယ်..ကွယ်လွန်လေပြီးသော ဒကာမကြီး"

သူ့အသံမှာ လည်ချောင်းထဲမှ သိပ်မထွက်ချင်။

ဖျစ်ညှစ်ပြီး ထုတ်ရသဖြင့် အသံမှာ ခပ်အစ်အစ်ဖြစ်နေသည်။

"ဒကာမကြီး...ဒေါ်..ဒေါ်စိန်အိုး"

အားလုံး သူ့ကို ကြောင်စီစီမျက်လုံးများဖြင့် မော့ကြည့်ကြပြန်သည်။

"ဒကာမကြီး ဒေါ်စိန်အိုးကို..အ..အမျှဝေမယ်...ဒေါ်စိန်အိုး"

"ဦးဖင်း...ဦးဖင်း"

ဘေးမှ ကိုရင်လေးက ကြိတ်ခေါ်သည်။

"ဟေ"

"အခေါင်းမှာ ရေးထားတော့ ဒေါ်အိမ်စိုးဆို"

"ဟေ.."

ဒီတစ်ခါဟေသံကတော့ သူ့အမှားအတွက် မရှိမဆန့်တေ



www.burmeseclassic.com

www.burmeseclassic.com



သံ...။ ရှက်လိုက်ရသည့်ဖြစ်ခြင်း။

ဒါကြောင့် သူ့ကို ရွာသူရွာသားများက ကြောင်ကြောင်ကြီး မော့ကြည့်ကြတာကိုး။ နဂိုကထဲကမှ မထွက်ချင်ရသောအသံမှာ ရှက်စိတ်ဖြင့် ဘယ်လိုမှ ညှစ်ထုတ်၍မရတော့။

သူ မျက်စိမျက်နှာပျက် ဖြစ်၍နေဆဲ သူ့အခက်အခဲကို ဘေးမှ ကိုရင်လေးက ကူညီလိုက်ပါသည်။

"ဒကာမကြီး ဒေါ်အိမ်စိုးရေ...အမျှ...အမျှ"

ကိုရင်လေး အမျှဝေသည်မှာ သုံးကြိမ်ပင် မပြည့်သေး။

လေ့ကားပေါ်မှ ခြေသံ တဖျတ်ဖျတ်ကြားရသည်။

အားလုံးမှာ ရှေ့သို့ တဖြည်းဖြည်း တိုးလာခဲ့ကြပြီး နောက်ကို မရဲတရဲ လှည့်ကြည့်လိုက်ကြသည်။

နိုင်ကြီး...။

ပြူးကြောင်ကြောင်မျက်လုံးများနှင့် အေးစက်သော လှုပ်ရှားမှုနှင့် အိမ်ပေါ်ကို တက်လာသူမှာ နိုင်ကြီးပဲဖြစ်သည်။

အားလုံးမှာ ထူးခြားနေသော နိုင်ကြီး၏ပုံသဏ္ဍာန်ကြောင့် အလိုလိုနေရင်း ကြက်သီးများ တဖြန်းဖြန်း ထ,ကာ ချောက်ချား၍သွားကြသည်။

နိုင်ကြီးမှာ ဘယ်သူ့ကိုမှ မကြည့်။ ပြူးကြောင် အေးစက်နေသော မျက်လုံးများနှင့် လူအုပ်ကြားထဲ ဝင်ထိုင်သည်။

သူ ဝင်ထိုင်တာနှင့် အားလုံးမှာ အသားချင်း ထိရမှာ ကြောက်သလို ဘေးသို့ရှဲပေးလိုက်ကြသည်။

နိုင်ကြီးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှလည်း သတိထားမိပုံမပေါ်။

နိုင်ကြီး ဝင်ထိုင်လိုက်ပြီး မကြာခင်မှာပင်...

"အမေ..."

ငိုသံပါ အသံတုန်ကြီးနှင့် နောက်ဖေးမှ ပြေးထွက်လာသူမှာ မောင်မိုး။

အားလုံးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။

ဟိုတစ်ခါလို မောင်မိုး ပေါက်ကွဲသောင်းကျန်းမှာကိုလည်း ကြောက်ကာ အားလုံးမှာ အသင့်အနေအထားနှင့်။

သို့သော် မောင်မိုးမှာ အိမ်ရှေ့သို့ရောက်တော့ အကောင်း။

မငိုတော့ဘဲ ချက်ချင်းရပ်တည်နှင့် ငြိမ်ကျသွားကာ အမေ ဓါတ်ပုံရှေ့ တွေတွေကြီးရပ်ကာ စိုက်ကြည့်နေတော့သည်။

ဓါတ်ပုံထဲမှ ဒေါ်အိမ်စိုးကတော့ သူ့သားကို ပြန်မကြည့်။

မျက်ကွင်းကြီးများ မည်းနက်ကာ စူးတောက်ပြူးထွက်နေသော မျက်လုံးများမှာ တစ်နေရာသို့ စိုက်ကြည့်၍နေသည်။

မောင်မိုး သူ့အမေရဲ့မျက်လုံးများကို အသေအချာ ကြည့်သည်။

ပြီးတော့ ဓါတ်ပုံဘေးနား ကပ်ကာ အမေ့မျက်လုံးများ ကြည့်ရာနေရာဆီ လိုက်ကြည့်သည်။

ညှို့သည်များကြား အကြည့်က ဝေ့ဝဲနေခဲ့ပြီး နောက်ဆုံး စိမ်းစိမ်းကြီး တောင့်မတ်စွာ ထိုင်နေသော နိုင်ကြီးဆီ ရောက်လို့သွား ခဲ့သည်။

ဓါတ်ပုံထဲမှ ဒေါ်အိမ်စိုးရဲ့မျက်လုံးရော မောင်မိုးရဲ့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရောက နိုင်ကြီးဆီမှာ စူးစိုက်တည့်မတ်နေသည်မို့ ညည့်သည်များကပါ နိုင်ကြီးကို တဖြည်းဖြည်း ရှဲကာ ဝိုင်းကြည့်နေမိကြသည်။

နိုင်ကြီးမှာ ရှိ့ရှိသမျှ လူအားလုံးက စုပြုံစိုက်ကြည့်လာတော့လည်း ဘယ်နည်းနဲ့မှ စိမ်းစိမ်းတောင့်တောင့်ကြီး မနေနိုင်တော့…။

ဘာလုပ်၍ ဘာကိုင်ရမှန်း မသိပြီမို့ ရှေ့ရှိ ဇလုံထဲမှ ပိန္နဲသီး တစ်ဖတ်ကို ကောက်ယူကာ ပါးစပ်ထဲ ကောက်ထည့်လိုက်စဉ်…

"အမေ"

နိုင်ကြီးကို လက်ညှိုးကြီး ထိုးကာ ရုတ်တရက် ထ,အော်လိုက်သော မောင်မိုးကြောင့်…

နိုင်ကြီးဘေးနားရှိ လူများမှာ ဝုန်းခနဲဆို ထ,ပြေးကြလေသည်။ နိုင်ကြီးလည်း ရုတ်တရက် မျက်လုံးကြီး ပြူးထွက်လာသည်။

"နိုင်ကြီး…ဟဲ့…နိုင်ကြီး…ဘာဖြစ်တာတုန်း!"

"အပ…အပမှီတာများလား!"

"ထင်တော့ ထင်သား…ထူးခြားနေပါတယ်လို့"

"အေးလေ…ဝင်လာကထဲက ရုပ်သေကြီးနဲ့"

"သူ့ အိမ်ပေါ် စ,တက်ကထဲက ကျုပ် ကြက်သီးတွေ ထ,လိုက်တာဆိုတာ ပြောမနေနဲ့ ဖြန်းခနဲ…ဖြန်းခနဲပဲ"

ညည့်သည်များမှာ ထင်ကြေးများ ပေးကောင်းတုန်း…နိုင်ကြီးကတော့ ကြမ်းပြင်မှာ လူးလိမ့်နေပြီ။

လည်ပင်းကိုလည်း လက်နှစ်ဖက်ဖြင့် အုပ်ကိုင်လျက်။

တစ်စုံတစ်ယောက်မှ လည်ပင်းကို ဆွဲညှစ်ထားသလိုမျိုး တွန့်လိမ်နေသည်။

•



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်များမှာ တဆတ်ဆတ် ခါနေပြီ။

သူ မျက်လုံးများ ပြူးနေမိသည်။

ခုလို အပမှီတာမျိုး ပယောဂကပ်တာမျိုးကို သူ တစ်ခါမှ မျက်ဝါးထင်ထင် မမြင်ဖူး။

ပြီးတော့ ဖြစ်နေတာက ငယ်သူငယ်ချင်း အရင်းအချာကြီး။

ကိုယ့်ရှေ့မှာ သေလုမျောပါး ခံစားနေရတာကို ကြည့်ပြီး သူ ဘာလုပ်လို့ လုပ်ပေးရမလဲမသိဖြစ်ဆဲ...

"ကပ္ပိယကြီး...ခဏ"

သူ့ဘေးမှ ကိုရင်လေးက ကပ္ပိယကြီးကို ခပ်အုပ်အုပ် လှမ်းခေါ်ကာ တိုးတိုးကလေး လေသံနှိမ့်ပြောလိုက်သည်။

သူ နိုင်ကြီးကိုသာ အာရုံရောက်နေမိသည်မို့ ကိုရင်လေး ဘာပြောလိုက်သည်ကို သဲသဲကွဲကွဲ မကြားလိုက်မိ။

ကပ္ပိယကြီးမှာ နိုင်ကြီးဆီ အပြေးသွားကာ...

ဘာမပြောညာမပြောနှင့် ဆတ်ခနဲ ဆွဲထူပြီး ကျောကုန်းကို ဒူးနှင့် မျက်စိစုံမှိတ်ကာ အားကုန်တိုက်ချလိုက်သည်။

ကျောကုန်းနှင့် ဒူး မိတ်ဆက်သံ အုန်းခနဲနှင့်အတူ..

အွတ်ခနဲ အသံကပါ တပြိုင်ထဲ ထွက်ပေါ်လာသည်။

ထိုနောက်...

ညေ့်သည်များ အားလုံး မျက်လုံးများ ပြူးသွားရသည်။

နိုင်ကြီး၏ပါးစပ်ထဲမှ အရှိန်အဟုန်ပြင်းပြင်းနှင့် ထွက်လာသည်မှာ ပိန္နဲစေ့ကြီးတစ်စေ့။

လေးညို့မှ လွှတ်လိုက်သော မြှားတစ်စင်းလို ဝှီးခနဲ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာကာ...

တည့်မတ်စွာ သွားစိုက်သည်မှာကား သူ့နံဘေးက ကိုရင်လေး၏နဖူးပြင်တည့်တည့်ဆီသို့။

"အား...ရှီး...ရှီး"

နာနာကျင်ကျင် ညည်းညူလိုက်သံနှင့်အတူ နဖူးပြင်ကို လက်နှင့်အုပ်ပြီး ကိုရင်လေးမှာ သူ့ဘက်ပြိုကျလာသည်။

သူ ကိုရင်လေးကို ဆီးပွေ့ထားလိုက်ရင်းက အထင်ကြီး လေးစားစွာ မေးလိုက်မိသည်။

"ခုနက ကိုရင် ကပ္ပိယကြီးကို ဘာပြောလိုက်တာလဲဟင်!"

"ကြောက်လန့်ပြီး ပိန္နဲစေ့ပါ မျိုချလိုက်တာ တွေ့တယ်လို့၊ သူ့ကျောကို ဒူးနဲ့ အမြန်သွားတိုက်ချေလို့ ပြောတာ...အားလားလား"

သူ သက်ပြင်းချမိပြန်သည်။

မောင်မိုးကတော့ နိုင်ကြီးကိုတလှည့် ကိုရင့်ကိုတလှည့် လက်ညှိုးထိုးကာ အားရပါးရ ခွက်ထိုးခွက်လန် ရယ်နေတော့သည်။

"ဟားဟားဟား...ရယ်ရတယ်ဟေ့...ဟားဟားဟား"





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၄ )

ကျောချင်းကပ် အိပ်နေသည်မို့ ခြင်ထောင်ခြား သည့်တိုင် ကျောင်းသားလေး တကျွတ်ကျွတ် စုတ်သပ်ကာ တလူးလူး တလိမ့်လိမ့် ဖြစ်နေသည်ကို သူသိသည်။

သို့သော် မသိချင်ယောင်ပြုလျက် အခြေအနေ စောင့်ကြည့် နေမိသည်။ ခဏကြာတော့ ကျောင်းသားလေး မနေနိုင်တော့ဘူး ထင် သည်။ သူ့ကို နှိုးလေတော့သည်။

"ဦးဖငင်း...ဦးဖငင်း"





"အင်း..."

သူ ခုမှနိုးသလို အသံပြန်ပြုလိုက်သည်။

တကယ်တော့ သူ လုံးဝကို အိပ်မပျော်သေးတာဖြစ်သည်။

"ဦးဖငင်း..."

ကျောင်းသားလေးက ခြင်ထောင်ကိုလှပ်ကာ သူ့ကို အတင်း လာလှုပ်နှိုးသည်။

"ဟေ..."

သူ ဆက်ပြီးအိပ်ပျော်ချင်ဟန်ဆောင်လို့ မရတော့...။

မျက်လုံးဖွင့်ကြည့်ရတော့သည်။

"ဘာလဲ!"

"အိမ်သာတက်ချင်လို့"

အဲ့ဒါမှ တကယ့်ဒုက္ခ။

အိမ်သာက ကျောင်းနောက်မှာ...ဝေးလွန်းလှသည်။

တောရွာတွေမှာက အိမ်သာကို အဝေးကြီးမှာ ထားကြတာ မဟုတ်လား။

"သွားလေ..."

သူ ပြန်ပြီးအိပ်မည့်ဟန် ပြင်လိုက်သည်။

"အာ...တစ်ယောက်ထဲ မသွားရဲဘူး။ ဦးဖငင်း လိုက်စောင့်ပေး" ခက်ပြီ...။

"သွားပါကွာ...ဘာမှမရှိပါဘူး။ ယောက်ျားပဲ...ဘာမှမကြောက် နဲ့"

သူ ကျောင်းသားလေးကို ချော့မော့လွှတ်ရင်း မျက်လုံးကို အ



www.burmeseclassic.com

www.burmeseclassic.com



သာပြန်မှိတ်လိုက်သည်။

"ပြီးရော...သွားမယ်၊ ဦးဖင်းတစ်ပါးထဲ နေရဲရင် နေခဲ့ပေါ့"

"အင်..."

ကျောင်းသားလေးမှာ ဓါတ်မီးယူကာ ထွက်သွားလေပြီ။

"ဟော့...နေဦးလေကွာ၊ ဦးဖင်းလည်း လိုက်မယ်"

"ရတယ် ဦးဖင်း...မလိုက်နဲ့၊ တပည့်တော် ယောကျ်ားပဲ မကြောက်တတ်ပါဘူး"

"ဦးဖင်းလည်း အပေါ့စွန့်ချင်လာလို့"

သူ ဆောင့်အောင့်ထွက်သွားသော ကျောင်းသားလေးနောက် ကပျာကယာ အမြန်လိုက်ရသည်။

"ဒီအချိန်ကြီး ဗိုက်နာရတယ်လို့၊ ညနေက ဘာတွေစားလို့လဲ!"

"ပိန္နဲသီးဟင်း...ဒေါ်အေးကြီး လာပို့တာ"

ပိန္နဲသီး...။

ပိန္နဲသီးဆိုသည့်နာမည် တစ်ခါကြားရတိုင်း သူ ကြက်သီးတစ်ခါ ထ,မိရတော့သည်။

ဘာဖြစ်လို့မှန်းမသိ ပိန္နဲသီးဆိုလျှင် ဟိုမိန်းမကြီး ဒေါ်အိမ်စိုးနှင့် ယှဉ်တွဲမြင်နေမိသည်။

လောလောဆယ်တော့ ကျောင်းသားလေး ဥသြမှာ ပိန္နဲသီး တန်ခိုးနှင့် အိမ်သာထဲ အပြေးအလွှား။

တော်တော်နှင့်လည်း ပြန်မထွက်နိုင်။

သူ့မျက်လုံးတွေက အမှောင်ထဲမှာ မည်းမည်းလှုပ်လှုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော ပိန္နဲပင်ကြီးဆီသာ ရောက်နေမိသည်။

မကြည့်ဘူးလို့ ထိန်းချုပ်ထားသည့်ကြားက မျက်လုံးတွေက ဝဲခနဲ ဝဲခနဲ ရောက်ရောက်သွားမိသည်။

"ကျောင်းသား...မြန်မြန်လုပ်လေ...ကြာနေပြီ"

"မိုက်က ရစ်ပြီးနာနေတာ ဦးဖင်းရဲ့"

"မင့်မလဲ"

သူ လောလိုက်တော့ ကျောင်းသားလေးဆီမှ ညည်းညူသံ ထွက်လာသည်။

တကယ်လည်း ဉာဏ် ကိစ္စမြန်မြန်ဖြတ်ဖို့ ကြိုးစားသည်။

"ပြီးပြီ..ပြီးပြီ..ဦးဖင်း"

ဦးဖင်းကို အသိပေး အကြောင်းကြားရင်း ဉာဏ် ရေလောင်းရန် ရေတစ်ခွက် ခပ်လိုက်သည်။

ရေခွက်က ရေနှင့်မထိ။

မာကျောသော အရာဝတ္ထုတစ်ခုနှင့် ထိသလို ဂျစ်ခနဲ မြည်သည်။ ရေအိုးထဲ သူ ညနေခင်းကမှ ရေအပြည့်ဖြည့်ထားတာပါ။ ဘယ်လိုဖြစ်ရတာပါလိမ့်။

ဉာဏ် မျက်မှောင်ကြုတ်ရင်း ရေအိုးထဲ ငုံ့ကြည့်လိုက်သည်။

ခေါင်းနပန်းများ ကြီးထွက်သွားသည်။

သူ့မျက်စိသူ မယုံနိုင်။

ဓါတ်မီးနှင့် အသေအချာ ထိုးကြည့်လိုက်သည်။

လန့်လွန်းသဖြင့် ရင်ထဲ ဒိန်းခနဲ အကျယ်ကြီး မြည်းဟည်းသွားၓ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မခအော်ရဲ။

ဦးဖင်းကို လှမ်းခေါ်ချင်သည်...ဘယ်လိုခေါ်ရပါ့။

ဉသြ ဉာဏ်ထုတ်စဉ်းစားဆဲ...

"မပြီးသေးဘူးလားကွ ကျောင်းသား!"

ဦးဖင်းဆီမှ လှမ်းမေးသံ ကြားရတော့ ဉသြ အားတက်သွားရသည်။

"ပြီးတော့ပြီးပြီ ဦးဖင်း"

ဉသြ ဉာဏ်သုံးကာ မယုတ်မလွန် ပြန်ဖြေသည်။

"ပြီးရင် ထွက်ခဲ့တော့လေ"

"ထွက်...ထွက်လို့မရဘူး ဦးဖင်း"

"ဘာဖြစ်လို့လဲ!"

"ထလို့မရလို့"

"ဟော...နင့်ဥစ္စာ အဆန်းပါလား။ နေ..နေ..ဝင်လာခဲ့မယ်"

ဉသြ အစောထဲက ကြောက်ကြောက်နှင့် တံခါးမပိတ်ခဲ့တာ မှန်သွားပြီ။

ဦးဖင်း တံခါးဖွင့်ကာ ဝင်လာ၏။

"ဟဲ့...ပြီးရင်လည်း ထ,တော့လေ၊ ဘာဖြစ်လို့ မထ,သေးတာလဲ!"

ကုန်းကုန်းကွကွကြီးဖြစ်နေသော ကျောင်းသားကို ကြည့်ပြီး ဦးဖင်း မျက်မှောင်ကြီးကုတ်သည်။

"ထ,လို့မရလို့ပါဆို"

ဉသြက ရေအိုးဆီ မျက်လုံးနှင့်ကြည့်ကာ အချက်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ရေမရှိလို့လား!"

"ရေကတော့ ရှိပါတယ်"

"မဗီလို့လား!"

ဥညြ ရေအိုးဆီ တွင်တွင်အချက်ပြသည်။

ဦးဖင်း လုံးဝမရိပ်မိ။

ဦးဖင်းလည်း စောင့်ရတာ စိတ်မရှည်တော့ပြီ။

နှာခေါင်းကို လက်ဖြင့်ပိတ်လျက် ရေအိုးထဲမှ ရေလှမ်းခပ်ဖို့ ပြင်သည်။

ဥညြ ဓါတ်မီးယူကာ ရေအိုးထဲ ထိုးပြလိုက်၏။

ရေအိုးထဲမှာ...

မျက်လုံးပြူးကြီးများနှင့် ရေအိုးထဲမှ မော့ကြည့်နေသော ဒေါ်အိမ်စိုး။

မျက်နှာကြီးမှာ ရေမျက်နှာပြင်နှင့် တညီတည်း။

မျက်နှာကို ပက်လက်ကြီးလှန်ကာ စိုက်ကြည့်နေသလိုပင်။

ဓါတ်မီးနှင့် ထိုးထားသဖြင့် မီးရောင်ဖြင့် မျက်နှာတစ်ပြင်လုံး ရဲရဲနီနေသည်။

ပြူးထွက်နေသော မျက်လုံးကြီးများမှာလည်း ရဲရဲနီနေသည်။

သွားကြီး ဖြဲကာ လှမ်းမာန်နေသဖြင့် ပါးစပ်ကြီးမှာလည်း ရဲရဲ နီနေသည်။

"ဒေါ်...ဒေါ်အိမ်စိုး"

သူ အလန့်လန့် အထိတ်ထိတ်ဖြင့် လွှတ်ခနဲ ခေါ်လိုက်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အွန်း.."

လည်ချောင်းသံကြီးဖြင့် ထူးရင်း ရေအိုးထဲမှနေ ဒေါ်အိမ်စိုးမှာ ဝုန်းခနဲ ခုန်ထွက်လာသည်။

သူ ရေခွက်ကို လွှတ်ချကာ အိမ်သာအပြင် ကမန်းကတန်း ထွက်သည်။

"အား...ဦးဖင်းရေ..စောင့်..စောင့်ပါဦး။ တပည့်တော်ကို စောင့်ပါဦး"

ကျောင်းသားလေးမှာ ခါတ်မီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ခပ်သွက်သွက် လှမ်းလာသော သူ့ခြေလှမ်းများကို မှီအောင်ပြေးလိုက်လာသည်။

သူ ချွေးစေးများပြန်ကာ ရင်ထဲလည်း တုန်ယင်လှုပ်ရှား၍နေသည်။

သူ့ဘဝမှာ နာနာဘာဝဆိုတာကို ခုမှပထမဆုံး မျက်ဝါးထင်ထင် မြင်ဖူးခြင်းပင်။

နောက်ကျောဆီမှ...

"ဟား...ဟား...ဟား"

ဝမ်းခေါင်းကြီးဖြင့် လိုက်၍လိုက်၍ ရယ်လိုက်သော တဟားဟား ရယ်သံကြီးမှာ ညဉ့်အမှောင်ကို ဖြိုခွင်း၍ ချောက်ခြားဖွယ်ရာ ထွက်ပေါ်လာသည်။

ကျောင်းပေါ်ပြန်ရောက်လျှင် သူနှင့် ကျောင်းသားလေးမှာ ဖူးကပ်၍နေမိကြသည်။

ကျောင်းသားလေးမှာ အားကိုးတကြီးဖြင့် သူ့သင်္ကန်းထဲ အ



www.burmeseclassic.com

www.burmeseclassic.com



တင်းတိုးဝင်ကာ ခေါင်းငုက်ထားသည်။

ကျောင်းပေါ်မှာ သူနှင့်ကျောင်းသားလေးသာ ရှိသည်။

ကပ္ပိယကြီးကို ရှာမတွေ့။

နောက်ဖေးဆောင်မှာ သီးသန့်အိပ်တတ်သော ကပ္ပိယကြီး နေရာမှာမရှိ။

ကပ္ပိယကြီး ဘယ်ရောက်နေလဲ...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၅ )

ကပွဲယကြီးမှာ ဒေါ်အိမ်စိုးအိမ်၌ ဝိုင်းကောင်းနေသည်။

သူက အပွင့်လေးတွေကို ဝါသနာပါသည်လေ။

ဆရာတော် မရှိသည်မို့ လစ်ရဲခြင်းပင်။

တဖြည်းဖြည်း ညဉ့်နက်လာတော့ ဝိုင်းမှာ လူကျဲလာသည်။

နောက်ဆုံး...ကပွဲယကြီးရယ်..ဦးဖိုးဘရယ်..ကိုသန်းနှယ် အပွနားနှင့် ဖိုးနီရယ်သာ ကျန်ရစ်တော့သည်။

ညဉ့်နက်လာလေ ဝိုင်းက ကောင်းလာလေ။

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးမှာ စ,ထိုင်ကတည်းက လက်ဖျားစိုနေသဖြင့် ဝမ်းသာနေမိသည်။ ဒီတစ်ပွဲလည်း သူပဲ ဒေါင်းသည်။

သူ ဖဲချပ်များကို အပြုံးနှင့် ပိုင်းလယ်ပစ်လိုက်ချိန်...။

ဖိုးနီဆီမှ "တောက်" ခေါက်သံကြီး ထွက်ပေါ်လာသည်။

ဖိုးနီမှာ အရက်လေး နည်းနည်းလည်း သောက်ထားသဖြင့် ခပ်ထွေထွေဖြစ်နေသည်။

"ဘာလဲကွ ဖိုးနီ၊ မင်းက ဘယ်သူ့ကို မကျေနပ်တာလဲ!"

ကပ္ပိယကြီးကလည်း စိန်ခေါ်သောလေသံနှင့် ဝုန်းခနဲ ထ,လိုက်သည်။ ဖိုးနီကလည်း ဝုန်းခနဲ လိုက်ထ,သည်။

ဦးဖိုးဘနှင့် ကိုသန်း ရန်ဖြစ်မည်စိုးသဖြင့် မျက်စိမျက်နှာ ပျက်ကုန်ကြပြီ။

ဖိုးနီက ကပ္ပိယကြီးကို မျက်ထောင့်နီကြီးနှင့် ကြည့်ကာ...

"ကျုပ် ဖဲသမားဗျ...နားလည်တယ်၊ ခင်ဗျား နိုင်တာကို ကျုပ် မကျေမနပ်ဖြစ်စရာ အကြောင်းကိုမရှိဘူး"

"ဒါဆို မင်းက ဘယ်သူ့ကို မကျေနပ်တာလဲ!...၊ ပွင့်ပွင့်လင်းလင်းပြော"

"ကျုပ် မကျေနပ်တာက..."

ဖိုးနီမှာ မျက်ထောင့်နီကြီးနှင့် အခေါင်းရှိရာဘက် လှည့်ကြည့်ကာ...

"သူ့ကို"

"ဟော!!"

"အလို..ဘုရား..ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးနီ..မင်း..မင်း..ဘယ်..ဘယ်လိုပြောလိုက်တယ်!"

အားလုံးမှာ ဖိုးနီစကားကို တအံ့တသြနှင့် ကြောက်ကြောက်လန့်လန့် ဖြစ်ကုန်ကြသည်။

ဖိုးနီကတော့ ဘာကိုမှ ဂရုမစိုက်သလို အခေါင်းကို မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်ကာ...

"သူ့ကြောင့်...အဲဒီအဘွားကြီးကြောင့် ကျုပ်ဆက်တိုက်ရှုံးနေတာ၊ သူ လုပ်နေတာ...ကျုပ်ရှုံးအောင်၊ ကျုပ်သိတယ်...ကျုပ် လုံးဝမကျေနပ်ဘူး"

"ဖိုးနီ...မင်း..မင်း..ဘာတွေပြောနေတာလဲ!"

ဦးဖိုးဘက အလန့်တကြား ဟန့်တားသည်။

ဖိုးနီကတော့ မရပြီ..။ ဘယ်သူမှ တားလို့မရပြီ..။

အခေါင်းဆီ ရှေ့တိုးသွားလျက်...

"ဒီမှာ ဒေါ်အိမ်စိုး"

ဖိုးနီမှာ ယိုင်ထိုးယိုင်ထိုးနှင့် ဒေါ်အိမ်စိုး ဓါတ်ပုံကို လက်ညှိုးကြီးထိုးကာ...

"ခင်ဗျား ကျုပ်ရှုံးအောင် တမင်လုပ်နေတာ ကျုပ်သိတယ် ဒေါ်အိမ်စိုး၊ ကျုပ် ခင်ဗျားဆီမှာ အကြွေးတွေရှိလို့ မဟုတ်လား၊ မပေးဘူးဗျာ...ဘာလုပ်ချင်လဲ၊ ခင်ဗျား ကျုပ်ကို ဘာလုပ်နိုင်မှာလဲ၊ ခင်ဗျားကို ကျုပ် လုံးဝကိုဂရုမစိုက်ဘူး၊ ပြော...ခင်ဗျား ကျုပ်ကို ဘာလုပ်နိုင်မှာလဲ!"

ဖိုးနီမှာ အရက်ကလေးကလည်းထွေထွေ၊ တစ်ညလုံးလည်း အိပ်ပျက်ထားသည့်အရှိန်နှင့် ဖဲရှုံးတာကို အရက်ကြောင်ကာ မဲချေပြီး။

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား ကျုပ်ကို ဘာမှ မလုပ်နိုင်ပါဘူး ဒေါ်အိမ်စိုးရော... ခင်ဗျားက အခေါင်းထဲမှာ နေတာပဲဟာ၊ အပြင်မှ မထွက်နိုင်တာ...ဟား...ဟား...ဟား..."

ဖိုးနီ အော်လိုက်ဟစ်လိုက် လုပ်နေရာမှ အခေါင်းကို လက်ညှိုးကြီး တဆတ်ဆတ်ထိုးကာ ဟားတိုက်ရယ်နေပြန်ချေသည်။

သို့သော်...ဖိုးနီ ရယ်ကြောရှည်လျှားခွင့် မရလိုက်။

သူ့ တစ်ကိုယ်လုံး လှုပ်ယမ်းကာ ရယ်နေသလို...

ဒေါ်အိမ်စိုးရဲ့အခေါင်းကြီးမှာလည်း လှုပ်ယမ်း၍လာသည်။

အစပိုင်း၌ မသိသာလှသော်လည်း တစထက်တစ သိသိသာသာကြီးကို လှုပ်ယမ်း၍ လာတော့သည်။

"အ...အခေါင်းကြီး လှုပ်လာတယ်"

"ဟုတ်တယ်...ဒကွတော့ ရောက်ပြီထင်တယ်"

အခေါင်းမှာ မျက်စိရှေ့တင် ထိန်းမနိုင် သိမ်းမရကို လှုပ်လာလေတော့လျှင်...

ခုလေးတင် လက်ညှိုးကြီးထိုး အော်ဟစ်လှောင်ပြောင်နေသော ဖိုးနီတစ်ယောက်လည်း မျက်လုံးပြူးသွားရတော့သည်။

သောက်ထားသမျှလေးများမှာလည်း လွင့်စဉ်ထွက်ပြေးသွားတော့သည်။

"ဖိုးနီ...မင်း...မင်းကြောင့်"

"မင်းကို ငါတားသားပဲ...မင်းပြောလို့ဖြစ်ရတာ"

"ဒေါ်အိမ်စိုးအကြောင်း သိရဲ့သားနဲ့ မင်းမို့ စိန်ခေါ်ရဲတယ် ဖိုးနီရဲ့"


www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်...ဒေါ်အိမ်စိုး တကယ်ပင် အကြောင်းပြချေပြီ။

တစ်ယောက်တစ်ခွန်း ဝေဖန်နေသူများရှေ့ အခေါင်းကြီးမှာ ဝုန်းခနဲ ပြုတ်ကျလာခဲ့ကာ...

ဒေါ်အိမ်စိုးရဲ့တောင့်တင်းနေသော သက်မဲ့ခန္ဓာကိုယ်ကြီးသည် တစ်ပတ်လှိမ့်ပြီး အခေါင်းပြင် ထွက်လာခဲ့တော့သည်။

အားလုံးမှာ ကြောက်လွန်းသဖြင့် ပါးစပ်များသာ ဟ,ထားနိုင်လျက် အသံမထွက်နိုင်။

တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေမိကြသည်။

စိန်ခေါ်ခဲ့သော ကိုဖိုးနီမှာ အဆိုးဆုံး။

ဒေါ်အိမ်စိုးရဲ့အလောင်းကြီးမှာ တစ်ပတ်လှိမ့်ပြီး အခေါင်းပြင် ရောက်လာသည်နှင့်...ပြူးထွက်နေသော မျက်လုံးရဲရဲကြီးဖြင့် ကိုဖိုးနီ ရှေ့မှာ မီးထပွင့်တော့မတတ်...ပင့်ကြည့်နေသကဲ့သို့ပင်။

"အံမယ်လေး...ကြောက်..ကြောက်ပါပြီ အစ်မအိမ်စိုးရဲ့၊ ကျွန်တော် ပြောမှားဆိုမှားရှိရင်..ခွင့်..ခွင့်လွှတ်ပါ"

ဖိုးနီမှာ လုံးဝလှုပ်ရှားမရတော့ဘဲ မျက်စိစုံမှိတ်ကာ အလောင်းကြီးကို ကြုံးတောင်းပန်ဆဲ။

ကပ္ပိယကြီးတို့ လူတစ်စုမှာတော့..ဘုန်းကြီးကျောင်းဝင်းထဲ ဖနောင့်နှင့်တင်ပါး တသားထဲကျအောင် ပြေးသွားခဲ့လေတော့သည်။

ကိုဖိုးနီနှင့် ဒေါ်အိမ်စိုးအလောင်းပဲ ကျန်ရစ်ခဲ့လေပြီ။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၆ )

"တပည့်တော်ဆိုတာ ခေါင်းကြီးတစ်ခုလုံး ကြီးထွက်သွားတာဘုရား"

"""တပည့်တော်လည်း ရင်ထဲတုန်သွားတာပဲ၊ မျက်လုံးကြီးတွေ က နီရဲပြီး ပြူးထွက်နေတာများ…ဘုရား…ဘုရား…ခုထိ မြင်ယောင်နေတုန်းပဲ"

"ကိုဖိုးနီတစ်ယောက်ရော"

"သူကတော့ တစ်ယောက်ထဲကျန်ခဲ့တော့ ပိုဆိုးမှာပေါ့ဘုရား



www.burmeseclassic.com

www.burmeseclassic.com



အဖျားကြီးတာ ခုထိ စကားမေးမရသေးဘူးတဲ့၊ ကယောင်ကတမ်းတွေ ပြောနေတုန်းပဲတဲ့"

"မသေခင်ကထဲက ဒီလောက်ဆိုးတာ၊ သေတော့ ပိုဆိုးပေတော့မပေါ့၊ သူ့မို့ သွားစိန်ခေါ်ရဲတယ်"

တစ်ယောက်တစ်ပေါက် ပြောသံတွေက သူ့နားထဲ လျှံထွက်သွားသည်။

ဒေါ်အိမ်စိုး ခြောက်သည့်အကြောင်း သူ့ဆီ လာလျှောက်နေကြခြင်းပင်။ သူ ဘာမှပြန်မပြောမိသေး။

ကျောင်းသားလေးက သူ့ကို အဓိပ္ပါယ်ပါပါ မော့ကြည့်၏။

သူ အသာခေါင်းခါပြလိုက်သည်။

သူကိုယ်တိုင်လည်း အခြောက်ခံရတာပဲဆိုတာ ရွာသားတွေ မသိစေချင်။

သူသိလိုက်ရတာ တစ်ခုတော့ ရှိသည်။

သူ ကပ္ပိယကြီးကို စိုက်ကြည့်လိုက်ရင်းက...

"ညတုန်းက ကပ္ပိယကြီး ပျောက်နေတယ်လို့ အောက်မေ့လိုက်ပါတယ်"

ကပ္ပိယကြီးမှာ သူ့အပြစ်ပေါ်သွားသဖြင့် ခေါင်းငုံ့သွားသည်။

"ညက ကပ္ပိယကြီးနိုင်တာ မနည်းဘူးပဲ ဘုရား"

ကိုသန်းက သတင်းပေးသည်။

ကပ္ပိယကြီး မျက်စောင်းခဲ၏။

"ကျွန်တော့်ကို မုန့်ဖိုးပေးရမယ်၊ မပေးရင် ဆရာတော် ပြန်လာရင် တိုင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ပေးမှာပေါ့ ဥညြရာ"

ဥညြ မိုက်ကြေးခွဲတာကို ကပ္ပိယကြီး သဘောတူလိုက်လေသည်။

သူ နှစ်ယောက်လုံးကို သတိပေးသလို စိုက်ကြည့်လိုက်ပြီး...

"ကဲ...အခု လာရင်းကိစ္စက"

ဦးဖိုးဘနှင့် ကိုသန်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး...

"တကယ်တော့ နယ်က ဆွေမျိုးတွေကို စောင့်ပြီး ငါးရက်ထားမလို့ပါပဲ ဘုရား။ ဒါပေမယ့် အခြေအနေက..."

ဦးဖိုးဘက စကားဆက်ရ ခက်သလို ခေါင်းရပ်လိုက်သည်။

"အခြေအနေက ဘာဖြစ်လို့လဲ!"

သူ စကားထောက်ပေးလိုက်ရသည်။

"အခြေအနေက..အင်း...အရမ်းဆိုးလာပြီဘုရား။ ညတုန်းက ခြောက်တာ အရမ်းကြမ်းတာပဲဘုရား။ အဲ့ဒါကြောင့် တပည့်တော်တို့ ငါးရက်ပြည့်အောင် မထားတော့ဘဲ ဒီနေ့ပဲ အသုဘ ချလိုက်ချင်ပါတယ်"

"ဟေ...သူ့ဆွေမျိုးတွေက မစုံရင် ကျေနပ်ပါ့မလား!"

"မတတ်နိုင်ဘူး ဦးဇင်းရယ်၊ သူ့ကို မြန်မြန်သင်္ဂြိုဟ်မှပဲ ဖြစ်မယ်၊ မဟုတ်ရင် တစ်ရွာလုံးကို ပတ်ခြောက်တော့မှာ၊ ရွာသားတွေလည်း ညည ကောင်းကောင်းမအိပ်ဝံ့ကြဘူး"

"အင်း..."

သူ ညည်းညူသလို သံရှည်ဆွဲရင်း သက်ပြင်းချပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူလည်း ဒီအစီအစဉ်ကို သဘောကျမိသည်။

"အေးလေ..အသုဘ ချလည်းချပေါ့၊ သူ့ဆွေမျိုးတွေနဲ့ တိုင်ပင်လိုက်ရင် ပြီးတာပဲ"

"ဟို..ဦးဇင်းက အမိက ကျလို့"

"ဟော.."

သူ ကျောရိုးထဲမှ စိမ့်ခနဲဖြစ်သွားရသည်။

မြတ်စွာဘုရားဟု တ,မိ၏။

"ဘာ..ဘာဖြစ်လို့ ဦးဇင်းက အမိက ကျရတာလဲ၊ ဦးဇင်းက သူ့ဆွေမျိုးလည်း မဟုတ်"

သူ ထိတ်ထိတ်ပျာပျာ ငြင်းလိုက်မိသည်။

"ဦးဇင်းက ဦးဇင်းဖြစ်နေလို့ပါ"

"ဟင်.."

သူ မျက်လုံးပါ ပြူးသွားမိသည်။

"ဘာ..ဘာဆိုင်လို့လဲဟင်၊"

"ဦးဇင်းက အမိန့်ပြန်ပေးမှ ဖြစ်မှာပေါ့"

"ဟင်...အမိန့်..ဘာအမိန့်လဲ၊"

သူ ထိတ်ပျာရသည့်အပြင် အူကြောင်ကြောင်ပါ ဖြစ်သွားရတော့သည်။

"ဒေါ်အိမ်စိုးကို သချိုင်းမှာပဲ နေခဲ့ဖို့၊ ရွာထဲပြန်မလာဖို့၊ ရွာသားတွေကို မနှောင့်ယှက်တော့အောင် ဦးဇင်းပဲ အမိန့်ပေးလို့ ဖြစ်မှာလေ၊ တပည့်တော်တို့စကားဆို သူ ဘယ်ဂရုစိုက်မှာလဲ"

"တင်ပ့ါ...ဦးဇင်းကူညီမှ ဖြစ်မှာပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com


"တပည့်တော်တို့မှာ အားကိုးစရာဆိုလို့ ဦးဇင်းပဲ ရှိပါတယ် ဘုရား"

"ကူညီပါဘုရား"

"ပစ်မထားပါနဲ့ ဘုရား"

"ဟို..ဟို..ဟုတ်..ဟုတ်ပါပြီ ဦးဇင်း အမိန့်ပြန်ပေးပါ့မယ်၊ စိတ်အေးအေးသာထားကြပါ"

အားလုံး ပြုံးသွားကြလေပြီ။ သူ့မှာတော့ မပြုံးနိုင်။

ကြမ်းတမ်း ဆိုးရွားလှသည်ဆိုသော ဒေါ်အိမ်စိုးကြီးကို သူကိုယ်တိုင် အမိန့်ပြန်ပေးရမည် ဆိုပါလား။

ဒေါ်အိမ်စိုးက သူ့အမိန့်ကို နာခံမည်တဲ့လား။

လိုက်နာမည်တဲ့လား...။

ဥသြလေးက ကျောင်းအောက်ဆင်းတော့ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းသွားသည်။

"နူးညံ့တဲ့ အမိန့်တော်အတိုင်း..."

ဦးဖိုးဘနှင့်ကိုသန်း တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးစိစိ...။

သူကတော့ ထုံးစံအတိုင်း သက်ပြင်းသာ အခါခါချလျက်...။

"ကပ္ပိယကြီးနဲ့ တပည့်တော်က ဂူသွင်းဖို့ကိစ္စ ဆိုင်ကယ်လ်နဲ့ ရှေ့ကကြိုသွားနှင့်မယ်"

"ဟုတ်ပြီလေ...ဦးဇင်း ရွာသားတွေနဲ့ အတူတူပဲ လိုက်ခဲ့ပါ့မယ်"

ကပ္ပိယကြီးမှာ ကိုသန်းနှင့်အတူ ထွက်သွားနှင့်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းရှိုက်ကာ ရွာသားတွေကို လှည့်ကြည့်မိသည်။

ဒေါ်အိမ်စိုး၏အသုဘကို ပို့မည့်သူများမှာ များများစားစား မရှိလှ။ ရွာခလေ့အတိုင်း အခေါင်းကို လှည်းနှင့်တင်ရာ လှည်းတွန်းမည့်သူများမှာ မောင်မိုး၊ ဦးဖိုးဘနှင့် ကျောင်းသားလေးသာ ဖြစ်တော့မည်တူသည်။

ဆွေမျိုးတစ်ယောက်စနှစ်ယောက်စနှင့် အပွနားတို့ ဒေါ်အေးတို့ နိုင်ကြီးနှင့် သူ့ညီမလေး မရခိုင်တို့လောက်သာ တွေ့ရသည်။

ဩော်...သေပန်းမလှပါကလားလို့ သူ သံဝေဂ ရမိသည်။

"သွားကြစို့"

သူ ဆော်ဩလိုက်လျှင် မောင်မိုးမှာ မျက်နှာကလေး တမဲ့မဲ့နှင့် လှည်းကို စ,တွန်းရှာသည်။

သူ လှည့်ကြည့်လိုက်တော့မှ နိုင်ကြီးနှင့် အပွနားပါ လှည်းနား တွန်းရန်ရောက်သွားတာ တွေ့ရသည်။

"သချိုင်းက ဝေးတယ်၊ ဦးဖင်းအတွက် ထော်လာဂျီ စီစဉ်ပေးလိုက်ပါလား အစ်ကို"

မရခိုင်က သူ့အစ်ကို နိုင်ကြီးကို ခပ်တိုးတိုး ပြောသည်။

သူတို့တွေက အသုဘ လိုက်ပို့နေကျမို့ လျှောက်နိုင်သည်။ ဦးဖင်းကတော့ ဆိုင်ကယ်နှင့် တင်လျှင်လည်း မသင့်လျော်..မဟုတ်လား။

ကျောင်းအတွက် လှူထားသော ကားကလည်း ကျောင်းထိုင်ဆရာတော် ခရီးသွားသည်မို့ ယူသွားသည်လေ။

"ရပါတယ်...ဦးဖင်း လမ်းလျှောက်ပဲ ကြွပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်လွှာချလျက်က ငြင်းလိုက်သည်။

မရနိုင်လည်း ဆက်မပြောတော့။

အားလုံး တိတ်ဆိတ်ငြိမ်သက်စွာပဲ လျှောက်လာခဲ့ကြသည်။

"ဒေါ်အိမ်စိုး အသုဘ ထွက်လာပြီဟေ့"

ဘယ်ကမှန်းမသိ ခပ်အုပ်အုပ် အော်လိုက်သံ ကြားလိုက်ရသည်။ အားလုံး မျက်နှာပျက်သွားကြသည်။ ကျပ်မပြည့်သော မောင်မိုးလေးပင် မျက်နှာကလေးငယ်သွားရာသည်။

လူနေများကာ ခါတိုင်းအမြဲလို စည်ကားသက်ဝင်နေတတ်သော ရွာကလေးမှာ ခုတော့ တစပြင်ကဲ့သို့ ခြောက်ကပ်တိတ်ဆိတ်လျက်ရှိသည်။

လမ်းပေါ် ဂေါ်လီလိုမ့်နေကြသော ကလေးများပင် ဒေါ်အိမ်စိုး အလောင်းတင်လာသောလှည်းကို မြင်လိုက်သည်နှင့် တချိုးထဲ ပြေးကုန်ကြကာ ချုံပုတ်နောက် ဝင်ပုန်းသူပုန်း သစ်ပင်ပေါ် တက်ပြေး သူပြေး။

လူကြီးများကတော့ အိမ်ပေါ်အပြေးတက်ကာ အိမ်တံခါးကို မြန်မြန်ပိတ်ပစ်လိုက်ကြတာမျိုး။

တချို့ဆို ရာဝင်အိုးထဲပင် ချက်ချင်းခုန်ဝင်ပုန်းသည်အထိ။

မောင်မိုးလေး မျက်နှာငယ်သည်မှာ မပြောနှင့် ကျန်လူများ ပင် မျက်နှာမကောင်းချင်ကြ။ သူကတော့ သက်ပြင်းသာချမိသည်။

သချိုင်းကလည်း အဝေးဝေးသည်။

ရွာလမ်းတစ်လျှောက် တိတ်ဆိတ်ငြိမ်သက်လွန်းလှရာ တစ ထက်တစ ခြောက်ချားစရာပင် ကောင်းလာတော့သည်။ ရွာလမ်းတ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်က ဘေးတစ်ဖက်တစ်ချက်ဆီမှာ ကုက္ကိုပင်ကြီးများ အုံ့ဆိုင်းနေရာ သစ်ရွက်လေတိုးသံ တရှဲရှဲသည်ပင် ထိတ်လန့်စရာကောင်းနေတော့သည်။ လေကလည်း နေရင်းထိုင်ရင်းမှ ပြင်းလာသည်။

"လေတိုက်လိုက်တာကွာ"

နိုင်ကြီးက ပါးစပ်မှ ထုတ်၍ပင် ညည်းသည်။

အခေါင်းပေါ် အုပ်ထားသော တာလပတ်စမှာ လန့်လန့်သွားရာ နိုင်ကြီးက အမှတ်မထင် ငဲ့ကြည့်လိုက်သည်။

အခေါင်းထဲမှ တရွေ့ရွေ့ ထွက်လာသောအရာတစ်ခု။

နိုင်ကြီး မယုံကြည်စွာ မျက်လုံးများကို ပွတ်သပ်လျက် မျက်မှောင်ကုတ်ပြီး အသေအချာကြည့်သည်။

ထိုတရွေ့ရွေ့ ထွက်လာသော အရာဝတ္ထုမှာ အခေါင်းပေါ် တစထက်တစ ရောက်လာတော့မှ တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လာသည်။

ပြာနှမ်းဖောင်းကားနေသော လက်ကြီးတစ်ဖက်။

ဘုရား...ဘုရား...။

နိုင်ကြီးရင်ထဲ တဆတ်ဆတ် တုန်ခါလို့လာသည်။

မဝံ့မရဲဖြင့် နောက်တစ်ခါ ထပ်ကြည့်မိသည်။

"ဟင်..."

မရှိတော့။ သူ့မျက်စိပဲ အမြင်မှားရှာသလား။ ချက်ချင်းကြီး ဘယ်ရောက်သွားပါလိမ့်။

တာလပတ်စမှာ ဖလပ်ဖလပ်နှင့် လေပင့်တိုက်ရာ ပြန်လွင့်တက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိတော့ပြီမို့ နိုင်ကြီး အားတင်းကာ အခေါင်းကို ဖုံးအုပ်ထားသည့် တာလပတ်စကို စိတ်အားတင်းလျက် ပြန်ဆွဲဖုံးလိုက်သည်။

"အမယ်လေးဗျ..."

နိုင်ကြီးဆီမှ ငယ်သံပါအောင် ကြောက်လန့်တကြား အော်လိုက်သံ ထွက်ပေါ်လာခဲ့သည်။

"လုပ်..လုပ်ပါဦး..ဒီမှာ လက်ကို ဆွဲထားတယ်၊ အား...လက်ကိုဆွဲထားတယ်"

အားလုံး တုန်လှုပ်ချောက်ခြားစွာ ကြည့်လိုက်ကြလျှင် ပြာနှမ်းဖောင်းကား၍နေသော လက်ကြီးတစ်ဖက်က အခေါင်းထဲမှ နိုင်ကြီးကိုဆွဲထားတာ မြင်လိုက်ကြရသည်။

နိုင်ကြီးမှာ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်လျက် ကြောက်လွန်းသဖြင့် တဆတ်ဆတ် တုန်နေရှာသည်။

အပ္ပနားနှင့် ဦးဖိုးဘတို့အုပ်စုမှာ လှည်းကို ကြောက်အားလန့်အားနှင့် လွှတ်ချရစ်ကာ ထွက်ပြေးချေပြီ။

"အား...ဦးဖင်းရေ၊ ကယ်ပါဦး ဦးဖင်းရဲ့၊ ဒီတိုင်းပဲ ကြည့်နေတော့မှာလား..ကယ်..ကယ်ပါဦး"

"ဟင်"

သူ တွန့်ခနဲ ဖြစ်သွားမိသည်။

နိုင်ကြီးမှာ သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်ကာ အားကိုးတကြီး တိုင်တည်နေရှာသည်။

"လုပ်..လုပ်ပါဦး ဦးဖင်းရဲ့"

သူ ဘာလုပ်ပေးရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကိုယ်တိုင်လည်း...ချွေးသီးချွေးပေါက်များ ကျလျက်က သူ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ...

“လွှတ်..လွှတ်ပေးလိုက်ချေပါ တကာမကြီးရယ်”

ဟု အသံမတုန်အောင် သတိထားလျက်က မိန့်လိုက်မိသည်။

သူ မိန့်ပြီးသည်နှင့် တပြိုင်နက် ပြာနှမ်းနေသော လက်ကြီးမှာ ချက်ချင်းပင် နိုင်ကြီးရဲ့လက်ကို လွှတ်ချလျက် အခေါင်းထဲ လျှောခနဲ ပြန်ဝင်သွားတော့သည်။

သူ..ကိုယ့်မျက်လုံးများကိုပင် မယုံနိုင်အောင် ဖြစ်မိလျက် ပြုံးမိသည်။ အင်း...။

ဒီလိုဆိုတော့လည်း ဆိုးရွားကြမ်းတမ်းလှသည်ဆိုသော ဒေါ်အိမ်စိုးက သူ့စကားကိုတော့ နားထောင်ရှာသားပင်။

နိုင်ကြီးမှာတော့ လက်ကိုလွှတ်ပေးလိုက်သည်နှင့် သွေးရူးသွေးတန်း တချိုးတည်း ထွက်ပြေးချေပြီ။

နောက်ဆုံး...ကျန်ရစ်ခဲ့သည်မှာ သူ..မောင်မိုးနှင့် ကျောင်းသားလေး ဥညြတို့သာပင်...။

သူတို့ သချိုင်းဆီ တရွေ့ရွေ့ လာခဲ့ကြပြီ...။

ရင်ထဲမှာတော့ ထိတ်ဆဲ။

ခရီးဆုံး မရောက်သေးသည်မို့ ဘာများဆက်ဖြစ်ဦးမှာလဲ...

ဒီတစ်ခါ သူ့စကားကို ဒေါ်အိမ်စိုး နားထောင်ဦးမှာတဲ့လား။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၇ )

"ကဲ...ဒကာမကြီး ဒေါ်အိမ်စိုးကို ဦးဇင်းက မေတ္တာရပ်ခံပါတယ်၊ ဒီသချိုင်းမြေမှာပဲ သင်နေခဲ့ပေတော့။ သင်နဲ့ ဒီရွာနဲ့ မသက်ဆိုင်တော့ဘူး..ရွာထဲမလာခဲ့နဲ့တော့၊ ရွာသူရွာသားတွေကိုလည်း မနှောင့်ယှက်နဲ့တော့...ဟုတ်ပြီလား"

တကယ်တမ်း အမိန့်ပြန်ရတော့လည်း သူ စိတ်ထဲမကောင်းချင်။ သူ့ဘဝ တစ်သက်နှင့်တစ်ကိုယ် ဒါမျိုး တစ်ခါမှမလုပ်ဖူး။

ဒီအတွေ့အကြုံက သူနှင့် အစိမ်းသက်သက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးလေးက စွပ်ကျယ်ကို ပင့်ကာပင့်ကာနှင့် မျက်ရည်ကို သုတ်ရှာတော့ သူ့ရင်ထဲ ဆို့နစ်လာသည်။

သူ့မှာလည်း အမေရှိသေးသည် မဟုတ်လား။

မောင်မိုးအပေါ် စာနာကာ သူ သနားနေမိသည်။

သူ သက်ပြင်းကို ရှိုက်လိုက်လျက်...

"ကဲ...ဦးဇင်း အမျှပေးမယ်၊ သာဓုခေါ်နိုင်အောင် ကြိုးစားပါ။ ဒကာမကြီး ဒေါ်အိမ်စိုးရေ..အမျှ..အမျှ..အမျှ"

သူ အမျှဝေ မေတ္တာပို့ပြီးတော့ သချိုင်းမှာ အသင့်စောင့်နေခဲ့သော ကပ္ပိယကြီးတို့အုပ်စုက အခေါင်းကို ဂူသွင်းသည်။

"ဟင်း...ခုမှပဲ စိတ်အေးသွားရတော့တယ်"

ကိုသန်းက ခပ်တိုးတိုး ပြောသည်။

"ဟုတ်ပ...ရင်ထဲက အလုံးကြီး ခုမှပဲ ပြုတ်ကျသွားတော့တယ်"

ကပ္ပိယကြီးကလည်း ဝမ်းသာအားရ ပြန်ပြောသည်။

ကိစ္စအားလုံး ပြီးစီးသွားပြီမို့ သူတို့ စိတ်လက်ပေါ့ပါးစွာ ပြန်ဖို့ ပြင်ကြလျှင်...

တဂျစ်ဂျစ်မြည်သံသဲ့သဲ့ကို နောက်မှ ကြားလိုက်ရလေသည်။

"အသံ...အသံ...ကြားလား!"

အားလုံးနားစွင့်ထားဆဲ..

ကျောင်းသားလေးက စတင်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"ဘာသံလဲ!"

"ဂူ..ဂူဆီကများလား!"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ချာခနဲနေအောင် အုတ်ဂူဆီ လှည့်ကြည့်လိုက်ကြသည်။ အုတ်ဂူ၏ခြေရင်းဘက်နံရံမှာ အက်ကြောင်းများ ပေါ်လာခဲ့ပြီးလျှင်...

ဝုန်းခနဲ မြည်ဟည်းသံကြီးနှင့်အတူ အုတ်ဂူကြီး ပြိုအက်ပွင့်ထွက်သွားခဲ့ချေပြီ။

"မြတ်စွာဘုရား"

"အမယ်လေး...ဒါ..ဒါ ဘယ်လိုဖြစ်ရတာလဲ!"

သူတို့အားလုံး ခေါင်းနပန်းများ ကြီးကာ ကြောက်စိတ်များဖြင့် မှုန်ထူ ပူထူကာ ကြောင်အမ်းပြီး စိုက်ကြည့်နေမိကြဆဲ...

အုတ်ဂူထဲမှ ပွင့်ထွက်လာခဲ့သော အခေါင်းမှာ လှည်းပေါ် အလိုအလျောက် ပြန်ရောက်နေချေပေပြီ။

"ဘုရား...ဘုရား...ဘာတွေဖြစ်ကုန်ပြီလဲ!"

"သူ..သူ..ရွာထဲ ပြန်လိုက်ချင်လို့လား မသိဘူးနော်.."

ကလေးအတွေးပေမယ့်...ကျောင်းသားလေးဆီမှစကားကြောင့် အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

"ဘယ်..ဘယ်လိုလုပ်ရမလဲ ဦးဇင်း!"

လာပြန်ချေပြီ။ သူ အတော်စိတ်ညစ်သွားရသည်။

လူတွေက သူ့ကို ဘာလို့ ဒီလောက်တောင် အားကိုးကြပါလိမ့်။

"လှည်းပါထားခဲ့"

သူ ပြတ်သားစွာပြောလျက်..ရှေ့မှ အရင်ထွက်လာခဲ့လိုက်သည်။ သူ့နံဘေး မနီးမဝေးမှ ဘီးသံတချွတ်ချွတ် ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မသက်ာ၍ လှည့်ကြည့်မိတော့...

မြတ်စွာဘုရားရေ...။

သူ့မျက်လုံးများ ပြူးကျယ်ပိုင်းစက်ကာ ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားရ၏။

အခေါင်းတင်ထားသောလှည်းမှာ မနီးမဝေးမှ သူနှင့် ဘေးချင်းယှဉ်လျက် အနေအထားဖြင့် လိုက်ပါလာနေသည့်သဏ္ဍာန်ကို.. တွေ့လိုက်ရလျှင်...

“ဦးဇင်းနောက် လိုက်နေတာလား မသိဘူး”

ကျောင်းသားလေးက သူနှင့် ခပ်ခွာခွာ ကျန်ရစ်ခဲ့ရင်းက ပြောသည်။

သူ့ရဲ့ဦးပြည်း ပြောင်စိမ်းနေသောခေါင်းမှာ ကြီးသထက်ကြီးလာသလို ခံစားရသည်။

ဒေါ် အိမ်စိုး၏အခေါင်းမှာ သူ့နောက် လိုက်လာနေတာလား။

သူ ခပ်သွက်သွက် လျှောက်သည်။

ဘေးမှ လိုက်လာနေသော အခေါင်းတင်လှည်းမှာလည်း သူ့နည်းတူ မြန်လာသည်။

သူ ရုတ်ချည်း ရပ်လိုက်သည်။

လှည်းမှာလည်း သူ့နည်းတူ ချက်ချင်းပင် ရပ်သွားသည်။

သေချာပြီ...။ သူ့နောက်ကို ပြန်လိုက်လာနေပြီ။

သူ ဘယ်လိုလုပ်ရမလဲ။

ရွာသားများဖြစ်လျှင် အားကိုးခဲ့သော သူ...။

သူကိုယ်တိုင်ဖြစ်တော့ ဘယ်သူ့ကို အားကိုးရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို အကူအညီတောင်းရမည်နည်း။

သို့သော်...

သူ ဟန်ကိုယ်ဖို့ ဣန္ဒြေမပျက် ဆက်လျှောက်လာခဲ့သည်။

တကာယ်တမ်းမှာတော့ သက်နှိုင်းတစ်ခုလုံး ချွေးများဖြင့် နှင့်သီးနေပြီ။

သချိုင်းဝသို့ရောက်လျှင်...ဆက်လျှောက်၍ မရတော့အောင် လှည်းကြီးမှာ သူ့ရှေ့တည့်တည့်၌ ပိတ်ရပ်လာခဲ့ချေပြီ။

သူ့တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ကျလာတော့သည်။

"ဘယ်...ဘယ်လိုလုပ်ရမလဲ ကပ္ပိယကြီး!"

သူ ကပ္ပိယကြီးကိုလှည့်၍ အကူအညီတောင်းမိတော့သည်။

"ဒီဘက်ကကွေ့ထွက် ဦးဇင်း...၊ နည်းနည်းလေးလွတ်နေတယ်"

ကပ္ပိယကြီးက သူ့နားကပ်ကာ တိုးတိုးကလေး အသိပေးသည်။

ကပ္ပိယကြီးပြရာဆီ ကြည့်လိုက်တော့ အခေါင်းရဲ့ခေါင်းရင်းဘက်၌ လှည်းနှင့်အုတ်ဂူတစ်လုံးကြား လွတ်နေသော တစ်တောင်မရှိတရှိ နေရာလပ်ကလေး။

သူ့မျက်လုံးအစုံကိုမှိတ်ကာ အသက်ကို တဝကြီး ရှူသွင်းလိုက်ပြီး...

အုတ်ဂူနှင့်ကပ်ကာ...လှည်းနှင့် အတတ်နိုင်ဆုံး မထိမိအောင် သတိကြီးစွာထားလျက်...

အသက်အောင့်ပြီး တဖြည်းဖြည်းချင်း ဖြတ်လျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့ သွားနေရသည်မို့ အချိန်တို့က ပိုကြာနေသယောင်...။

လှည်းကိုကျော်လွန်ပြီဆိုမှ သူ အသက်ဝဝ ပြန်ရှူရဲတော့သည်။ သို့သော် ...

လှည်းကို ကျော်ပြီးတော့မှ သူ့မှာ ရှေ့ဆက်သွားလို့မရ။

သူ့သက်နင်းစကို တစ်ယောက်ယောက်မှ ဆွဲထားသည်။

ကျောရိုးတစ်လျှောက် ကြက်သီးများ ထ,သွားသည်။

"ကပ္ပိယကြီး...လုပ်...လုပ်ပါဦး။ ကျုပ်သင်္ကန်းကို နောက်က ဆွဲထားတယ်"

သူ လှည့်မကြည့်ရဲ။

ကပ္ပိယကြီး မြေပြင်ပေါ်ရှိ တုတ်တစ်ချောင်းကို ကောက်ကိုင်လိုက်တာ တွေ့လိုက်ရသည်။

ကပ္ပိယကြီး သင်္ကန်းဆွဲထားသော ဒေါ်အိမ်စိုး၏လက်ကို တုတ်နှင့် ရိုက်ချတော့မည် ထင်ပါရဲ့။

ဘာတွေများ အလန့်တကြား ဖြစ်စရာတွေ ကြုံရဦးမှာလဲ။

ကပ္ပိယကြီးက ဒေါ်အိမ်စိုးကို နိုင်မည်တဲ့လား။

ကပ္ပိယကြီး၏ တုတ်ကိုင်ထားသောလက် မြောက်လိုက်လျှင် ဘာသံများ ကြားရမည်လဲဟု သူ မျက်စိကို စုံမှိတ်ကာ နားစွင့်ထားလိုက်မိသည်။

သူထင်ထားသလို တုတ်နှင့် ရိုက်လိုက်သော "ဖြန်း" ခနဲ မြည်သံမကြားရပါဘဲ...သူ့သင်္ကန်းမှာ ဆွဲထားခြင်းမှ လွတ်မြောက်သွားတာ ခံစားသိလိုက်ရလျှင်...



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး လေဟာနယ်ထဲ လွင့်မျောသွားသလို သူ ဝမ်းသာသွားရသည်။

"ကျေးဇူးပဲ ကပ္ပိယကြီး"

သူ အခုမှပဲ ကပ္ပိယကြီးကို လှည့်ကြည့်ကာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ဆိုမိသည်။

"ဩော်...ကျေးဇူးတင်လောက်စရာ မဟုတ်ပါဘူး ဦးဇင်းရယ်"

ကပ္ပိယကြီးမှာ အေးအေးဆေးဆေးပင်...။

ဘာမှ သည်းထိတ်ရင်ဖို မပြုလုပ်လိုက်ရသလို တည်ငြိမ်လှသည်မို့ သူပင် အံ့ဩချီးကျူးမိသည်။

"ကပ္ပိယကြီး အတော်သတ္တိကောင်းတာပဲ"

"ဦးဇင်း ဘာကိုချီးကျူးပါလိမ့်"

ကပ္ပိကြီးမှာ သူ ချီးကျူးတာကို နားမလည်သည့်ဟန်ဖြင့် အူကြောင်ကြောင် ဖြစ်နေသည်။

"ဒေါ်အိမ်မိစိုးရဲ့လက်ကို တုတ်နဲ့ ရိုက်လိုက်တာကို ပြောတာလေ"

"မရိုက်မိပါဘူး"

"ဟင်...ခုနက ဒေါ်အိမ်မိစိုး ဦးဇင်းရဲ့သင်္ကန်းကို ဆွဲထားတာ ကပ္ပိယကြီး တုတ်နဲ့ရိုက်လိုက်တာ မဟုတ်ဘူးလား!"

သူ အသေအချာ ရှင်းပြတော့...ကပ္ပိယကြီးက ရက်သွားသေ ယောင်ယောင် ပြုံးကာ...

"ဟိုလေ...ဦးဇင်းရဲ့သင်္ကန်းစကို ခုနက ဆွဲထားတာ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်စိုး မဟုတ်ဘူး ဦးဖင်းရဲ့"

"ဟင်...ဒါဖြင့်"

"လှည်းဘေးက သံချိတ်နဲ့ ငြိနေတာ၊ အဲ့ဒါ တပည့်တော်က တုတ်နဲ့ ကော်တင်ပေးလိုက်တာပါ။ သင်္ကန်းက ချိတ်နဲ့ ချိတ်မိနေတာပါ"

"ဪ.."

ဖြစ်မှဖြစ်ရလေ။

သူကတော့ ချိတ်နဲ့ ချိတ်မိတာကို ဒေါ်အိမ်စိုး လှမ်းဆွဲတယ်ပဲ ထင်မိသည်ကိုး။

ခုမှ...သူ ပြုံးနိုင်တော့သည်။

ဒေါ်အိမ်စိုးကို အထင်လွဲမိတာကိုတော့ စိတ်ထဲကပဲ ကြိတ်တောင်းပန်မိတော့သည်။

ဘာပဲဖြစ်ဖြစ်...သူ ဦးဆောင်ပြီး ဒေါ်အိမ်စိုးကို သချိုင်းမြေမှာ ပို့ထားပြီးခဲ့ပြီ။

ဒါဆို ရွာသားတွေ အကူအညီတောင်းခဲ့သော သူ့တာဝန် လည်း ကျေပြီ။

ဒေါ်အိမ်စိုးတစ်ယောက် တကယ်ပဲ သချိုင်းမြေမှာ ကျန်ရစ် နေခဲ့မည်လား။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၈ )

"အေး...မင်းတို့ကို နောက်ကြောင်းမအေးလို့.. ဘုန်းကြီးလည်း မြန်မြန်ပြန်လာခဲ့ရတာပဲ၊ ဘယ့်နှယ့်...အဆင်ရော ပြေကြရဲ့လား!..၊ ဟေ..ဦးဇင်းအသစ်ကလေး"

"အဆင်တော့ ပြေပါတယ်ဘုရား"

သူ ဆုတ်ဆုတ်ဆိုင်းဆိုင်းသာ ဆရာတော်ကို ပြန်ဖြေမိသည်။

"ဟေ...မင့်စကားက "တော့"ပါတော့ ထိန်ချန်ထားတာ ရှိသေးသလိုလို၊ ရှင်းရှင်းပြောစမ်းပါဦး ဦးဇင်းလေးရဲ့"

ဆရာတော်က သူ့ကို မျက်မှောင်ကြုတ်၍ ခေါင်းရှုပ်လေတာန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်းက ထပ်မေးသည်။ ခရီးဦးရောက်မဆိုက်ကြီးမို့ သူ့ ဆရာတော့်ကို ဖြစ်ကြောင်းရယ်ကုန်စင် မလျှောက်ချင်။

ကပ္ပိယကြီးကိုသာ အဓိပ္ပါယ်ပါပါ လှည့်ကြည့်မိသည်။

အကူအညီတောင်းခံသည့် မျက်လုံးမျိုးဖြင့် မေးမသိမသာ ဆတ်ပြလိုက်မိသည်။

"ဒီလို...ဆရာတော်ရေ"

ကပ္ပိယကြီးက ဒေါ်အိမ်စိုး ခြောက်လှန့် သောင်းကျန်းသည့် အကြောင်းကို အသေးစိတ် ဆရာတော့်ဆီ တိုင်တည်ဦးတိုက်လေတော့သည်။

ကပ္ပိယကြီး ပြောပြသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေခဲ့ရာမှ စကားဆုံးလျှင် ဆရာတော်မှာ သူ့ကို ပြုံးပြုံးကြီး စိုက်ကြည့်ကာ...

"ဒီလိုဆိုတော့လည်း ငါ့မောင်ပဥ္စင်းလေးက အားကိုးရသားကလားဟဲ့"

ဆရာတော်က ပြုံးပြုံးကြီး ချီးကျူးလေလျှင် သူ့မှာ အံ့ဩတကြီး မျက်လုံးပြူးခန့် ဖြစ်သွားရသည်။ သူ့နားကိုပင် သူမယုံနိုင်။

ဆရာတော်ဘုရားက သူ့ကို ချီးကျူးသတဲ့။

"ဘုန်းကြီး ထင်ထားတာထက်တောင် မင်းက တော်နေပါသေးလား..ဟင်..မောင်ပဥ္စင်း။ မင်း သတ္တိလည်း အရှိသားပဲကွယ့်... နောက်ပြီး သတ္တဝါတွေအပေါ် မေတ္တာလည်း ထားနိုင်သားပဲ၊ အိမ်း... သာဓုပါကွယ်..သာဓု..သာဓု"

ဆရာတော်ဘုရားဆီမှ သာဓုခေါ်သံ ကြားရလျှင် သူ့ရင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုလုံး လုပ်ခါသွားသည်အထိ တုန်လှုပ်သွားရသည်။

ဆရာတော်ဘုရားက သူ့လုပ်ရပ်အတွက် သာဓုခေါ်နေပါလား။ ဆရာတော်ဘုရား ချီးမွမ်းသကဲ့သို့ သူ အမှန်တကယ်ပဲ သတ္တိရှိခဲ့ရဲ့လား။

ဟင့်အင်း...သူ အရမ်းကို ချောက်ခြားတုန်လှုပ်ခဲ့ရတာပါ။

ကျောင်းသားလေးကို အိမ်သာလိုက်စောင့်ပေးစဉ်က တစ်ခါ၊ သချိုင်းသို့ ပို့သည့်နေ့ သူ့သက်နှံစ သံချိတ်နှင့်ချိတ်စဉ်ကတစ်ခါ ဝိညာဉ်လိပ်ပြာလွင့်တော့မတတ်ကို သူ အကြောက်ကြီး ကြောက်ခဲ့ရတာပါ။ ပြီးတော့...

ဆရာတော်ဘုရား ချီးမွမ်းသလို...သူ သတ္တဝါတွေအပေါ် တကယ်ပဲ မေတ္တာထားနိုင်ခဲ့ပြီလား။

ဒေါ်အိမ်စိုးအပေါ် သူ တကယ်ပဲ မေတ္တာတရားကို ရှေ့တန်းတင်ပြီး ပြုလုပ်ဆောင်ရွက်ပေးခဲ့တာလား။

ဟင့်အင်း...မဟုတ်ဘူး။

တကယ်တော့ ရွာထဲမှာ ခြောက်လှန့်နှောင့်ယှက်နေတာကို ကြောက်လို့၊ ဆက်ပြီးခြောက်လှန့်နေဦးမှာစိုးလို့ သူ ဦးဆောင်ပြီး သချိုင်းမှာပဲ ကျန်နေခဲ့တော့ဖို့ အမိန့်ပေးခဲ့တာ။

ရွာသားတွေရဲ့ဆန္ဒကို သူကိုယ်တိုင်လည်း လိုလိုလားလား သဘောတူခဲ့တာပဲ။

ဆရာတော်က ခုလို မထင်မှတ်ထားဘဲ ချီးမွမ်းစကားဟာ သူနဲ့ မထိုက်တန်သလိုလည်း ခံစားနေမိသည်။

"အိမ်း...ဘာပဲဖြစ်ဖြစ်ကွယ်၊ ဦးဇင်းကိုယ်တိုင် မေတ္တာရပ်ခံ



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပြန်ခဲ့ပြီဆိုတော့ သူ ရွာထဲပြန်လာပြီး နှောင့်ယှက်ဝံ့တော့မယ် မထင်ပါဘူး”

ဆရာတော့်စကားက သူ့အတွက် အသစ်ပြန်စ,လိုက်သလို ဖြစ်ကာ ကျောထဲ စိမ့်ခနဲ ဖြစ်သွားမိသည်။

ဆရာတော် ထင်သလို သူကတော့ မထင်ပါ။

ဒီလောက် ဆိုးသွမ်းသောင်းကျန်းတဲ့ မိန်းမကြီးဟာ သူ့စကား ကို နားထောင်လိမ့်မယ် မထင်။

သူ့နောက်ကို လှည်းနှင့် ယှဉ်လျက်လိုက်ရဲ၍ လှည်းတောင် ထားခဲ့ရသေးတာ။ ခုလည်း ဘယ်အချိန် ပြန်ပေါ်လာဦးမယ်မှန်းမှ မသိ။

သူ့မှာ ည,ည စိတ်လွတ်ကိုယ်လွတ်ပင် မကျိန်းရဲ။

အိပ်ပျက်ညတွေလည်း များခဲ့ပြီ။

ဒီရွာအပေါ် သူ စိတ်ပျက်ကုန်ခမ်းခဲ့ပြီ။

ဆရာတော် ပြန်လာပြီဆိုတော့ သူတကာထက် ဝမ်းအသာ ဆုံးက သူပဲဖြစ်သည်။ ဆရာတော့်ပြန်အလာကို သူစောင့်မျှော်နေခဲ့တာ မဟုတ်လား။

သူ ဆုံးဖြတ်ချက်တစ်ရပ်နှင့်အတူ ဆရာတော့်ကို လက်အုပ် ချီလိုက်သည်။

“လျှောက်စရာရှိလို့ပါ ဘုရား...ခွင့်ပြုပါ ဘုရား”

“ဟေ...ဘာတုန်းဟဲ့!”

ဆရာတော်က အထူးအဆန်းဖြစ်သွားရသလို..မျက်မှောင် ကြုတ်ကြည့်သည်။

“အခု ဆရာတော်ပြန်လာပြီဆိုတော့...”



www.burmeseclassic.com

www.burmeseclassic.com



"အေး…ဘာဖြစ်တုန်း!"

"တပည့်တော် မယ်တော်ကြီးဆီ ခဏသွားတွေ့ချင်လို့ပါ ဘုရား"

"အင်း…"

ဆရာတော်သည် သံရှည်ဆွဲ ညည်းကာ သူ့မျက်နှာကို အသေ အချာ စိုက်ကြည့်သည်။

"သတိရနေမိလို့ပါဘုရား"

သူ ထပ်လျှောက်လိုက်မိသည်။

"အေးလေ…ဒီသားနဲ့ ဒီအမေပဲ ရှိတာဆိုတော့ တွယ်တာ ရှာပေမပေါ့။ မင့်အမေကလည်း တစ်ခါမှကို လာမတွေ့ဘူးပဲကိုး။ သူတို့ ရွာကျောင်းမှာ မထားဘဲ မင့်ကို ဒီကျောင်းမှာ လာအပ်ကတည်းက အကြောင်းတော့ရှိမင့် ထင်ခဲ့သား"

သူ အသာငြိမ်သက် တိတ်ဆိတ်၍သာ နေမိသည်။

ရွာကျောင်းက ကျောင်းထိုင်ဆရာတော်ကလည်း အမေ့ဘက် မှ ဦးရီးတော်သူပင်။ ဆွေမျိုးသားချင်းမို့ သူ့ကို မျက်နှာသာမပေးဘဲ ပိုပြီးစည်းကမ်းတင်းကြပ်မည့်ဟန်ရှိသည်။

ဒီဆရာတော်ကလည်း ကိုယ့်ရွာက ကျောင်းထိုင်ဆရာတော် မဟုတ်ပေမယ့် သူ့အပေါ် နားလည်မှု ပိုရှိပါသည်။ ပြီးတော့…

အမေက ရွာကျောင်းမှာဆို အမေရှိသည်ဆိုသော အားကိုး စိတ်နှင့် သူ အနေအစား ပေါ့သွပ်မှာ မလိုလားဘူး ထင်ပါရဲ့။

"အေး..အေး..အမေ့ကို တွေ့ချင်ရှာပေမပေါ့၊ သွား..သွား.. ကပ္ပိယကြီးကို ကားနဲ့လိုက်ပို့ခိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားက လျှောလျှောလျူလျူပင် ခွင့်ပြုတော့ သူ စိတ်အေးဝမ်းသာသွားရသည်။

ဆရာတော်ဘုရားကို သူ ဦးသုံးကြိမ်ချလိုက်သည်။

"အေး...ကျန်းမာချမ်းသာလို့ ဘေးကင်းရန်ကွာပစေ၊ သွား လမ်းသာလို့ ပြန်လမ်းပွင့်ပါစေ၊ ကဲ..ကဲ..နေရှိတုန်းလေး..သွား"

ဆရာတော်ဘုရားရဲ့ ဆုပေးစကားက "သွားလမ်းသာလို့ ပြန် လမ်းပွင့်ပါစေ"...တဲ့။ ဒီရွာကို သူ ပြန်လာဦးမှာတဲ့လား။

ဒေါ် အိမ်မိစိုးဆိုတဲ့..ဘုန်းကြီးရဟန်းကိုတောင် ရှိသေကြောက် လန့်ရကောင်းမှန်း မသိတဲ့ ဆိုးဝါးသောင်းကျန်းလှတဲ့ နာနာဘာဝမကြီး ရှိတဲ့ရွာကို သူ ပြန်လာဦးမှာတဲ့လား။

အဲ့ဒီမေးခွန်းအတွက် သူ့ကိုယ်သူ မသေချာပါ။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၉ )

သူ အိမ်ပေါ်သို့ တစ်လှမ်းချင်း တက်သည်။

ခုထိ အမေ့အရိပ်အယောင် မတွေ့ရသေး။

နောက်ဖေးဆောင်ကို အသာကလေး ကဲကြည့်လိုက်သည်။

လူတွေ ဆူညံစည်ကားလျက် ရှန်းစုရှန်းစုဖြစ်နေတာ တွေ့ရလျှင် သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

အမေ..အမေ..။ အမေ ဘာများဖြစ်လို့လဲ...။

သူ့အိမ်ထဲ စိုးရိမ်ခြင်းများစွာဖြင့် အလောသုံးဆယ်ဝင်ဖို့ ခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြင်လိုက်မိသည်။

သို့သော်...အိမ်အတွင်းခန်းထဲမှထွက်လာသော မိန်းကလေး တစ်ယောက်ကြောင့် ကိုယ်ရှိန်သတ်လိုက်မိသည်။

တအံ့တသြလည်း ဖြစ်သွားမိသည်။

မရခိုင်...နိုင်ကြီးရဲ့ညီမလေး...

အမေ့အိမ်မှာ ဘာလာလုပ်ပါလိမ့်။

"ဟင်...ဦးဇင်းပါလား!"

မိန်းကလေးကလည်း သူ့ကို ရုတ်တရက် တွေ့လိုက်ရတော့ အံ့အားတသင့်ဖြစ်သွားပုံရသည်။

သူ မိန်းကလေးကို အလောသုံးဆယ် မေးလိုက်မိသည်။

"အမေ..အမေ..အဲ..မယ်..မယ်တော်ရော"

"ရှင်"

မိန်းကလေးမှာ မျက်လုံးအဝိုင်းသားနှင့် ရုတ်တရက် ဆက် စပ်မိပုံမပေါ်။

"အမေ..ဪ..အမေ ဒေါ်ငြိမ်းငြိမ်းကိုပြောတာလား ဘုရား"

"ဟုတ်တယ်...မယ်တော့်ကို မေးတာ"

မိန်းကလေး မျက်နှာမှာ ခုမှ ရှင်းလင်းသွားသော်လည်း... အတော်ကလေး အံ့အားသင့်သွားပုံပေါ်သည်။

"ဪ...ဦးဇင်းက အမေဒေါ်ငြိမ်းငြိမ်းရဲ့သားပေါ့နော်"

"ဟုတ်ပါတယ်"

"တကယ်မသိဘူး...အမေကလည်း...နိုင်..အဲ...ဇပ်ည္ တော်မတို့ရွာမှာ ဦးဇင်းရှိနေတာ ပြောမပြဘူး။ အစ်ကိုကလည်း တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မှ မပြောဘူး။ ခု ဦးဖင်းမိန့်တော့မှ သိတာ"

"ဪ.."

သူ့မှာ အမေ့ကို တွေ့ချင်လှပြီ။

အမေ့အကြောင်းတွေ သိချင်လှပြီ။

မိန်းကလေးက ဆွေမျိုးတော်စပ်ပုံ စကားဆက်နေသည်မှာ ပြောမပြီးနိုင်သေး။

"နိုင်..အဲ..တပည့်တော်မက ဒီရွာမှာ ကျောင်းဆရာမ လာလုပ်နေတာလေ ဘုရား။ တပည့်တော်တို့ တောင်ဘက်ရွာမှာက ဆရာတွေ မလိုဘူးဆိုတော့လေ၊ တပည့်တော်မက အမေ့အိမ်မှာပဲ စားနေကျ။ တစ်ခါတလေ ညဥ့်နက်မယ်ဆိုရင်လည်း အမေနဲ့ပဲ အိပ်နေကျ။ အမေက တစ်ယောက်ထဲနေတာဆိုတော့လေ၊ တပည့်တော်မက ဝင်ထွက်စားသောက်နေတာ၊ အမေ့အိမ်က တပည့်တော်မအတွက်တော့ စားအိမ်သောက်အိမ်..."

"ဒါနဲ့ မယ်တော်ရောဟင်!"

မိန်းကလေးရဲ့ ရှည်လျားလှသော စကားများကို သူ စိတ်မရှည်နိုင်တော့ပြီ။ စကားဆုံးအောင် နားမထောင်နိုင်တော့ဘဲ ဖြတ်မေးလိုက်မိတော့မှ...

"အမေ...အမေလေးဟင်"

မိန်းကလေး မျက်နှာမှာ ချက်ချင်းပင် ညှိုးကျသွားကာ...

"အမေ..အမေလေ..အခုလေးတင်.."

ဟင်...

သူ့ရင်ထဲ အပူလုံးကြီး ဝုန်းခနဲ တက်ဆောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ..အမေ..ဘာဖြစ်လဲ!..ဘာဖြစ်လဲ!"

သူ စိုးရိမ်ထိတ်လန့်စွာ အသံကျယ်ကျယ်နှင့် အော်မေးမိတော့သည်။ မိန်းကလေးက သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်လျက်...

ကြောက်လန့်သွားသလို နောက်ကို ဆုတ်လိုက်ရင်းက...

"အ..အမေ..အ..အခုလေးတင်..နေ..နေလို့..မ..မကောင်းလို့တဲ့၊ အဲ့..အဲ့ဒါ..အိပ်..အိပ်.."

"ဟင်...အိပ်နေတာလား!"

"တင်..တင်ပါ့"

"ဩော်...ဒါများ။ ဘာများဖြစ်သလဲလို့ ဦးဖင်းက စိတ်ပူသွားတာ"

သူခုမှပဲ အပူလုံးကြီး ဝုန်းခနဲ ပြန်ကျသွားရတော့သည်။

"ဒကာမလေးက မျက်နှာညှိုးသွားတော့ ဦးဖင်းက စိတ်ပူသွားမိတာပေါ့"

"မျက်..မျက်နှာညှိုးတာက ဦးဖင်းလာတာ သိရရင် အမေဝမ်းသာမှာပဲလို့ တွေးမိပြီး စိတ်မကောင်းလို့ပါဘုရား"

"ဩော်.."

သူ မိန်းကလေးရဲ့စကားကြောင့် သက်ပြင်းရှိုက်မိရပြန်ချေသည်။ အမေ့ခမျာ သားအရင်းက အနားမနေနိုင်တော့..သူစိမ်း မိန်းကလေးကိုပဲ သမီးရင်းချာလို..အားကိုး အဖော်ပြုနေရရှာသည် ထင်ပါရဲ့။ မိန်းကလေးကလည်း အမေ့ကို တွယ်တာနေပုံရသည်။

ကြည့်ရတာ နိုင်ကြီးတို့အမေလည်း ဆုံးရှာပြီ ထင်ပါရဲ့။

တစ်ခါမှ မမြင်မိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...သားဦးဖင်းကြီးပါလား၊ အမေက အိပ်မက်မက်နေတယ် ထင်တာ၊ သားအသံနဲ့ တူပါတယ်လို့"

အမေ အိပ်ခန်းထဲမှ ဖြည်းလေးစွာ ထွက်လာသည်။ သူ့ကိုတွေ့တော့..မျက်ရည်ကြည်များ ဝေ့ဝဲရှာသည်အထိ အမေ ဝမ်းသာအယ်လဲ ဖြစ်နေရှာသည်။

"အမေ့သားက သက်န်းဝတ်နဲ့ သပ္ပာယ်လိုက်တာ၊ အမေဖြင့်ရင်ထဲ အေးသွားတာပဲ၊ သိပ်ကြည်ညိုတာပဲ၊ သာဓု..သာဓု..အမေ့အလိုကို ဖြည့်ဆည်းရှာတဲ့သား၊ ဘုန်းကြီးသထက် ကြီးပါစေ"

"အမေရယ်...အခုပဲ ဘုန်းကြီးနေပြီပဲဟာ"

မိန်းကလေးက အမေ့ကို ခပ်တိုးတိုး ဝင်ပြောသည်။

"ဦးဖင်း မယ်တော့်ကို သတိရလို့လာတာ၊ နေကောင်းရဲ့လား။ အိမ်နောက်မှာ လူတွေအများကြီး တွေ့လိုက်ရတော့...စိတ်တောင်နည်းနည်းပူသွားတယ်၊ ဘာများဖြစ်ပြီလဲလို့"

သူ့ကို ပြုံးပြုံးကြီး လိုက်လိုက်လှဲလှဲ ဧည့်ခံကြည့်ရင်းက အမေ ခေါင်းယမ်းပြသည်။

"နေကောင်းပါတယ် ဦးဖင်းရယ်...၊ လူတွေများနေတာက မနက်ဖြန် အမေ့မွေးနေ့မွေးရက်တိုက်လို့ ဘုန်းကြီးဆွမ်းကပ်ချင်လို့ပါ..၊ ဦးဖင်းတို့ကျောင်းကိုတောင် ဆွမ်းလာကပ်မလို့ပဲ"

"ဪ...နက်ဖြန် မယ်တော့်မွေးနေ့လား!"

အမေ့မွေးနေ့ကို သူမသိ။

အမေ ဘယ်နနှစ်ပြည့်မှန်းလည်း သူမသိ။

အမေ့အပေါ် သူ ဥပေက္ခာပြုထားသလိုမျိုး ဖြစ်ခဲ့ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



"အမေနော်...ဘာခုမှ နေကောင်းပါပြီလဲ၊ အရင်နေ့တွေ ရင်ထဲက အောင့်အောင့်နေတယ်ဆိုလို့ ခိုင်ပဲ ဆေးခန်းလိုက်ပို့ပေး ရတာ၊ ခု ဦးဖင်းကိုတွေ့မှ နေကောင်းတယ် ဖြစ်သွားတာ"

အမေက မိန်းကလေး စူပွပွ ပြောသည်ကို ပြုံးပြသည်။

"မခံမရပ်နိုင်လောက်အောင်မှ မဟုတ်ဘဲ သမီးရယ်"

"အို...ခိုင်ရှိလို့သာပေါ့။ ခိုင်သာမရှိရင် အမေတစ်ယောက်ထဲ ဘယ်လိုလုပ်မလဲ!"

"ဘာပဲဖြစ်ဖြစ် နလုံးဖြစ်တယ်ဆိုရင် ပေါ့ဆလို့တော့ မရဘူး နော် မယ်တော်၊ အီးစီဂျီ ဆွဲကြည့်မှ ဖြစ်မှာပေါ့"

"တပည့်တော်မ ပြောပါတယ်၊ ဦးဖင်းမယ်တော်က ပြောလို့မှ မရတာ"

"ဒကာမလေး...အချိန်အားရင် မယ်တော့်ကို မြို့က အထူးကု ဆေးခန်းတစ်ခုခု လိုက်ပို့ပေးပါလား...ကျေးဇူးတင်ပါတယ်"

"ပို့ပေးပါ့မယ် ဦးဖင်းရယ်...ကျေးဇူးမတင်ရပါဘူး၊ အမေက ပြောလို့မရလို့ပါ"

သူ သက်ပြင်းရှိုက်ကာ အမေ့ကို ကြည့်မိပြန်သည်။

အမေက သူ့မျက်လုံးများရဲ့ အဓိပ္ပါယ်ကို နားလည်သလို အ ပြုံးဖြင့် ခေါင်းညိတ်ပြကာ...

"အမေ့အတွက် မပူပါနဲ့ သားဦးဖင်းရယ်၊ ကဲ...သား..ဘဘုန်း ဆီကြွချေဦး...တွေ့ချင်ရှာမှာ"

"ဟုတ်ကဲ့ မယ်တော်"

သူ ဘဘုန်းကျောင်းကို ဦးတိုက်ရချေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို တွေ့ရတော့ သူ့ရင်ထဲ အေးနေမိသည်။

အမေမြင်ချင်သော သင်္ကန်းဝတ်နှင့် ဦးဇင်းဘဝကို အမေ့အတွက် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ။

အမေ့ပီတိကို မြင်ရတော့ သူလည်းကြည်နူးမိသည်။

သို့သော်...ကျန်းမာရေး မကောင်းချင်သော နွမ်းလျသည့် အမေ့မျက်လုံးများကြောင့် ရင်ထဲတော့ မကောင်းမိ။

ဘဘုန်းနှင့် တွေ့လျှင် သူ့အတွက် ထူးခြားသော စကားတစ်ခုခုတော့ မိန့်မှာသေချာသည်ဟု စိတ်ထဲထင်နေမိသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၀ )

"ဒါ ဆို မင့်ဟာက ထွက်ပြေးလာတာပဲကွယ့်"

"ဘုရား..."

သူ ဘဘုန်းရဲ့ပြတ်သားပြင်းထန်လှသော မှတ်ချက်ကြောင့် အလန့်တကြား "ဘုရား"တလိုက်မိခြင်း ဖြစ်ပါသည်။

ဘဘုန်းကတော့ ဆွေမျိုးလည်း တော်ပြန်၊ ငယ်စဉ်ကထဲက ထိန်းကျောင်းဆူပူဟောက်၊ ရိုက်ဆုံးမတန်လျှင်ပင် ရိုက်ခဲ့ဖူးသည်မို့ ခု လည်း မြင်သည့်အတိုင်း ထင်သည့်အတိုင်း..သူ့ကို ပွင့်ပွင့်လင်းလင်း မိန့်လိုက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဘဘုန်းကိုမို့ သူထွက်လာခဲ့ရသည့် အကြောင်းရင်းအဖြစ်မှန်ကို အမှန်အတိုင်း ဖွင့်ပြီးလျှောက်ရဲခြင်းဖြစ်ပါသည်။

"တကယ်တော့ မင့်ကျောင်းထိုင်ဆရာတော်က မိန့်သလို မင်း တကယ်သတ္တိမရှိပါဘူးကွယ်၊ မင်းဟာ..ငါ့လက်ပေါ်မှာကြီးလာတဲ့ ကလေးပဲ၊ မင်းအကြောင်း ငါသိပ်သိတာပေါ့၊ မင်း ဘယ်လောက် သရဲကြောက်တတ်သလဲဆိုတာ ငါအသိဆုံးပဲ"

ဘဘုန်း မိန့်သမျှက အမှန်တွေချည်းမို့ သူ ခေါင်းငုံ့ မျက်လွှာချ၍နေမိသည်။

"အဲဒီဒေါ် အိမ်စိုးဆိုတဲ့ နာနာဘာဝမကို မင်းကြောက်လို့ ထွက်ပြေးလာခဲ့တာပါ..ဟင်..မဟုတ်ဘူးလား..ပြောစမ်း!"

"မှန်ပါ့ဘုရား...တပည့်တော် ကြောက်လို့ပါဘုရား"

"အေး...အမှန်အတိုင်း ဝန်ခံလိုက်စမ်းပါ၊ မင်း ရဟန်းတန်မဲ့နဲ့များကွယ်၊ ပရလောကသားတစ်ယောက်ကို အရှုံးပေးခံရတယ်လို့..အညံ့ခံခဲ့ရတယ်လို့..ဟင်..မင်း သူ့ကို အနိုင်ပြန်မတိုက်နိုင်ဘူးလား!"

"တပည့်တော်က ဘယ်လို ပြန်တိုက်ရမှာလဲဘုရား၊ တပည့်တော်က ခုမှ ရဟန်းဝတ်တာ ရက်ပိုင်းရယ် ရှိသေးတာ၊ ပါရမီလည်း နု..ဝါလည်း နုသေးပါတယ်ဘုရား"

"ဟယ်...ဆင်ခြေမပေးစမ်းနဲ့၊ ဘဘုန်းက ကလေကဝနည်းတွေနဲ့ ပြန်တိုက်ဖို့ ပြောတာမဟုတ်ဘူး"

"ဘယ်နည်းနဲ့ ပြန်တိုက်ရမှာလဲ ဘုရား"

သူ ဘဘုန်းမျက်နှာတော်ကို အားကိုးတကြီး မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဘုန်း မျက်နှာမှာ သီလ သမာဓိ အရှိန်စော်ဖြင့် ရှင်းလင်း ပြတ်သား၍နေသည်။

"ဘယ်နည်း,ရမလဲ...မေတ္တာနည်းနဲ့ပေါ့၊ မေတ္တာနည်းနဲ့ပဲ ပြန် တိုက်ရမှာပေါ့ မောင်ပဋ္ဌင်းရဲ့၊ ဘယ်သူမှ ဒုက္ခမရောက်တဲ့ အကောင်း ဆုံးသောနည်းဟာ မေတ္တာနည်းပဲပေါ့"

မေတ္တာ...။

မေတ္တာနည်းဆိုပါလား။

"ကြည့်စမ်း...တစ်ရွာလုံးက မင်းကို ရဟန်းတစ်ပါးအနေနဲ့ သူတို့မလုပ်နိုင်တဲ့ကိစ္စကို အားကိုးကြတယ်၊ မင်းက အားကိုးထိုက် အောင် နေရမှာပေါ့"

သူ..သူ..အားကိုးထိုက်အောင် နေရမည်ဆိုပါလား။

"မင်းကို သူတို့က ရဟန်းတစ်ပါးအနေနဲ့ ကြည်ညိုသဒ္ဓါနဲ့ ဆွမ်းလောင်းခဲ့ကြတယ်၊ အဲ့ဒီဆွမ်းကို စားခဲ့ရင် ထိုက်တန်အောင် ရဟန်းတာဝန်ကျေရမှာပေါ့၊ သူတို့အားကိုးတကြီး အကူအညီတောင်း ခံတဲ့ကိစ္စကို ခုလို ရှောင်ဖယ် ထွက်ပြေးလာခဲ့တော့ မင့် ရဟန်းတာဝန် ကျေဦးမတဲ့လား မောင်ပဋ္ဌင်းရဲ့...ဟင်"

တာဝန်...တာဝန်...။

"တာဝန်" ဆိုသော စကားလုံးက သူ့နားစည်အိမ်ထဲ၌ ရှောင် ဖယ်ထွက်ပြေးခဲ့တဲ့လူ ဖြစ်နေပြီလား။

ရဟန်းတာဝန် မကျေပွန်တဲ့သူရော ဖြစ်ခဲ့ပြီလား။

ဟင့်အင်း...။

မဖြစ်စေရ...။



www.burmeseclassic.com

www.burmeseclassic.com



သူ ရဟန်းဝတ်နေသမျှ ကာလပတ်လုံးတော့ တစ်နာရီ တစ်မိနစ် တစ်စက္ကန့်တိုင်းမှာ သူဟာ ဖြူစင်နေစေရမည်...မွန်မြတ်နေစေရမည်။ ရဟန်းပီသစေရမည်။ ရဟန်းတာဝန် ကျေပွန်စေရမည်။

အရင်ဘဝဟောင်းက သူတပါး စိတ်ဒုက္ခဖြင့် တနပ်စား ကြံစည်ခဲ့သမျှ...သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျရအောင် မုသားသုံး လိမ်လည်ခဲ့သမျှ...

ရဟန်းဘဝမှာတော့ သူဟာ ဖြူစင်မြင့်မြတ်စွာ ရဟန်းတာဝန်ကျေသော ရဟန်းပီသသော ရဟန်းတစ်ပါး ဖြစ်စေရမည်။

အို...ရဟန်းတာဝန်သာ မကပါဘူးလေ အမေ့အပေါ်လည်း သားတစ်ယောက်ရဲ့တာဝန် ကျေပွန်စေရဦးမည်။

မုဆိုးမဘဝဖြင့် သူ့အပေါ် အတိုင်းထက်အလွန် တာဝန်ကျေပွန်ခဲ့သော အမေ့အပေါ် သူ တဖန်ပြန်လည်ပေးဆပ်ရပါဦးမည်။

တကယ်တော့...

လောကအပေါ် သူ တာဝန်ကျေပွန်နိုင်အောင် ကြိုးစားရဦးမှာ ဖြစ်သည်။

သူ ပြန်ရပါဦးမည်။

သူ့ကို အားကိုးသော ရွာသားများရှိရာဆီ...။

ဆိုးရွားသောင်းကျန်းကြမ်းတမ်းလှသည်ဆိုသော နာနာဘာဝမကြီး ဒေါ်အိမ်စိုးရှိရာရွာသို့ သူ တစ်ဖန်ပြန်ရပါဦးမည်။

သူပြန်တော့မည်ဆိုတော့ အမေက မျက်နှာသိပ်မကောင်းချင်...။

"ဘဘုန်းကျောင်းမှာ သီတင်းမသုံးတော့ဘူးလား သားပဥ္စင်း

www.burmeseclassic.com



ရယ်" ဟု ပြောရှာသည်။

"ဦးဖင်းမှာ လုပ်ပေးစရာ တာဝန်လေးတစ်ခု ကျန်နေသေးလို့ပါ။ မကြာခင် ဦးဖင်း ပြန်လာခဲ့ပါ့မယ် ဒကာမကြီး"

ထိုသို့ဆိုတော့လည်း ငြိမ်းချမ်းသော အမေက..အပြုံးဖြင့် ခေါင်းညိတ်ရှာပါသည်။

"နေကောင်းအောင် နေပါနော် ဒကာမကြီး၊ ဒကာမလေးရဲ့ စကားကိုလည်း နားထောင်ပါ"

အမေက မိန်းကလေးကို ဖွဖွပြုံးရင်း လှည့်ကြည့်ကာ ခေါင်း ညိတ်ပြသည်။

"ဒကာမလေးကလည်း အမေ့ကို စောင့်ရှောက်ပေးပါနော်.. ကျေးဇူးတင်ပါတယ်"

"တင်ပါ့ဘုရား"

အမေ့ကို နှုတ်ဆက်ပြီးတော့ သူ့ကို အားကိုးတကြီး စောင့်ကြို နေမည်ဖြစ်သည့် ရွာကလေးဆီ သူခြေလှမ်းပြင်ခဲ့သည်။

ရွာကလေးဆီ ဆိုခြင်းထက်...

ဆိုးရွားသောင်းကျန်းလွန်းသည်ဆိုသော..ဒကာမကြီး ဒေါ် အိမ်စိုးရှိရာ သချိုင်းမြေဆီသို့ဆိုလျှင် ပိုမှန်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း ( ၂၁ )

ဘုရား...ဘုရား...။

ဘာတွေဖြစ်ကုန်ပြီလဲ။

တိတ်ဆိတ်ငြိမ်သက်ကာ တစပြင် ပီသစွာ ချောက်ချားစရာကောင်းရမည့် သချိုင်းမြေမှာ..ခုတော့ ဆူညံ စည်ကားလို့နေသည်။

အခေါင်းတင်ထားသော လှည်းတစ်စီး။

လူတစ်စု။

မီးရောင်များ ထိန်ထိန်ညီး နီရဲလျှက်။

အရိုးခေါင်းတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



မြေအိုးတစ်လုံး။

သဲတစ်ဆုပ်။

ဘာတွေလဲ...၊ တစ်ခုခုတော့ မှားယွင်းနေပြီ...။

သူ ခပ်သွက်သွက်လျှောက်ကာ အခင်းဖြစ်ပွားနေသော နေရာဆီသို့ ချဉ်းကပ်လိုက်သည်။

မြတ်စွာဘုရား...။

မလုပ်သင့်တာတွေ လုပ်နေကြပါလား။

မျက်လုံးအစုံလည်း အဆမတန် ပြူးကျယ်ဝိုင်းစက်သွားခဲ့ရသည်။

"ကဲ...ဒေါ်အိမ်စိုး၊ ခုအချိန်ကစပြီး ခင်ဖျားကို ကျုပ်ရဲ့ လက်အောက်ငယ်သားအဖြစ် သဘောထားလိုက်ပြီ၊ ခင်ဖျားဟာ ကျုပ်ရဲ့ တပည့်တပန်းဖြစ်သွားပြီ၊ ခင်ဗျား ဒီရွာမှာမနေရတော့ဘူး၊ ကျုပ်နဲ့ လိုက်ခဲ့ရမယ်၊ ခင်ဗျားကို ကျုပ်ကောင်းကောင်းကျွေးမယ်၊ အမဲသား အစိမ်း နေ့တိုင်းစားရမယ်၊ ကြက်အရှင်လတ်လတ်ရဲ့ လည်ချောင်းသွေးရဲရဲ သောက်ရစေ့မယ်၊ ကျုပ်ခိုင်းစေတာတော့ လုပ်ပေးရမယ်"

ဘုရား...ဘုရား။

သူ အကြိမ်ကြိမ် အခါခါ ဘုရားတ,မိတော့သည်။

သူ စကားပြောနေသောလူကို အသေအချာ ကြည့်လိုက်မိသည်။

ဘိုမောင်...၊ သူ ဒီလူကို အသေအချာ သိပါသည်။

အောက်လမ်းပညာ မတောက်တခေါက်တတ်သော လူယုတ်မိုက် ဘိုမောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဒေါ်အိမ်စိုး၊ ခင်ဗျားကို ကျုပ် နောက်တစ်ခေါက် ထပ်ပြောမယ်၊ ခင်ဗျားဟာ ရွာမှာ သိပ်ခြောက်လှန့်နှောက်ယှက်တယ်လို့ နာမည်ကြီးနေတယ်၊ ခင်ဗျားကို ကျုပ်အမိန့်နဲ့ခေါ်မယ်၊ ခင်ဗျား ကျုပ်နဲ့ အတူ လိုက်ခဲ့ရမယ်၊

ဒီသင်္ချိုင်းမြေမှာ ခင်ဗျားအတွက် ဘာမှ စားသောက်စရာ မရှိဘူး၊ ကျုပ်နဲ့လိုက်ခဲ့ရင် ခင်ဗျားအလှူပယ် စားသောက်ရမယ်၊ ကျုပ်နိုင်းတဲ့အကူအညီကိုပဲ လုပ်ပေးရမယ်...ဟုတ်ပြီလား၊ ကဲ...ဒေါ်အိမ်စိုး အုဲ့ဒီအခေါင်းထဲက ထွက်ခဲ့ချေတော့၊ အခုချက်ချင်း ထွက်ခဲ့လိုက်တော့၊ ကျုပ် ခေါ်နေတယ်"

မာထန်ပြတ်သားလှသော အမိန့်သံရဲ့အဆုံးတွင်...

လှည်းပေါ်မှ အခေါင်းမှာ လှုပ်ယမ်းလာတော့သည်။

အစပိုင်း၌ အသိမသာ။

နောက်...တစထက်တစ လေကြီးမိုးကြီး ကျသကဲ့သို့ တဂုံးဒုံး တဒိုင်းဒိုင်း လှုပ်ယမ်းလွှဲခါနေခဲ့ပြီးလျှင်...

အခေါင်းမှာ ရုတ်ခြည်း ပြန်ငြိမ်ကျသွားခဲ့ပြီး "ဝုန်း"ခနဲ ပွင့်ထွက်သွားခဲ့သည်။

အခေါင်းထဲမှ ရဲရဲနီနေသော မျက်လုံးပြူးကြီးများနှင့် အရှိန်အဟုန် ပြင်းထန်လှစွာ ခုန်ထွက်လာခဲ့သူမှာ ဒေါ်အိမ်စိုးပင်။

အခေါင်းပေါ်မှာ ခါးထောက်လျက် မတ်တတ်ရပ်ကာ... အောက်လမ်းဆရာ ဦးဘိုမောင်ကို ရဲရဲနီနေသော မျက်လုံးကြီးများနှင့် မီးထ,တောက်မတတ် စိန်ခေါ်သလို စိုက်ကြည့်၍နေသည်။

"ကဲ...ထွက်လာပြီလေ၊ ဆိုစမ်း...ဘာကြောင့် ငါ့ကို ခေါ်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ!"

တုန်အက် ခြောက်သွေ့နေသော အသံကြီးမှာ သချိုင်းမြေ၌ ချောက်ခြားစရာ ကောင်းလွန်းလှသည်။

လူ့ဘဝက ရင်းနှီးခဲ့သောသူများပင် နာနာဘာဝမှာ ပြောင်းလဲသွားခဲ့သော ဒေါ်အိမ်စိုး တစ္ဆေမကြီးရဲ့အသံကြောင့် ကြက်သီးတွေ တဖြန်းဖြန်းထ,လျက် အကြောက်ကြီး ကြောက်သွားကြရသည်။

"ဒေါ်အိမ်စိုး...ခင်ဗျား အစားမစားရတာ ကြာပြီမဟုတ်လား ဆာလှရောပေါ့။ ကျုပ်အမဲသားအစိမ်းတွဲ ယူလာတယ်...လတ်လတ်ဆတ်ဆတ်၊ လာ...လာစားချေလှည့် ဒီအိုးထဲမှာ"

အောက်လမ်းဆရာ ဘိုမောင်က ပြောပြောဆိုဆို အမဲသားတွဲ ထည့်ထားသော မြေအိုးကို ဖွင့်ပြသည်။

အောက်သိုးသိုး သွေးညှီနံ့ကြီးမှာ အော်ဂလီဆန်စဖွယ်... ဟောင်းခနဲ ထွက်လာသည်။

သူ ရင်ထဲပျို့လာသည်မို့ တံတွေး,တွေးထုတ်လိုက်မိသည်။

"ငါက အမဲသား စားချင်တာ မဟုတ်ဘူး"

"ပြောစမ်း...ခင်ဗျားက ဘာစားချင်သလဲ!"

"ပိန္နဲသီး"

"ဟင်"

"အလို"

"ဘုရား...ဘုရား"

"အံမယ်လေး...ဘယ်လိုလုပ်ကြမလဲ!"

ဒေါ်အိမ်စိုး တစ္ဆေမကြီးရဲ့...အစွယ်များ ပြူးပြူးနေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ပါးစပ်မှ "ပိန္နဲသီး"ဆိုသည့် စကားကြားလိုက်ရသည်နှင့် ရွာသူရွာသားများအားလုံး အလန့်တကြားဖြင့် အာမေဋိတ် အသီးသီး တ,ကြတော့သည်။

အားလုံးတိုင်ပင်ထားကြသလို..တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကိုယ်စီ ကိုယ့်လည်ပင်းကိုယ် အုပ်ကိုင်လိုက်မိကြသည်။

အားလုံးမှာ...ဒေါ်အိမ်စိုးအား အသေဆိုးနှင့် သေစေသော..အသက်နှင့် ရင်းပြီး ခိုးခူးခဲ့သည့် ပိန္နဲသီးအား စားမိဖူးသူချည်း မဟုတ်ပါလား။

"ပိန္နဲသီးက ဘာလုပ်ဖို့လဲ၊ ဒီမှာ လာစားစမ်းပါ...အမဲသားစိမ်းရှိနေတာပဲ၊ အိုးထဲက ယူစားလှည့်ချေပါ"

အောက်လမ်းဆရာကလည်း အမဲသားအိုးကိုသာ ညွှန်ပြကာ တွင်တွင်ခေါ်ကျွေးသည်။

ဒေါ်အိမ်စိုးမှာ အိုးကို စိုက်ကြည့်ပြီး တစ်လှမ်းချင်း ရွေ့တိုးလာသည်။

မီးရောင်အောက်မှာ...ဒေါ်အိမ်စိုးရဲ့ ပြာနှမ်းဖောင်းကားနေသော အသားအရည်မှာ ပြာတစ်လှည့် နီတစ်လှည့်ဖြင့် ထိတ်လန့်ချင်စဖွယ်ကောင်းနေသည်။

အမဲသားအိုးကို စိုက်ကြည့်နေရာမှ ဒေါ်အိမ်စိုးရဲ့အစွယ်များထွက်ပြူစပြုသည့် ပါးစပ်ထဲမှ မည်းပျစ်ပျစ်ကြီးများ စိမ့်ကျလာသည်။

"သွားရည်တွေတောင် ကျနေပါလား ဒေါ်အိမ်စိုးရဲ့၊ စားစမ်းပါဗျာ...အားရပါးရ စားစမ်းပါ...ဟား...ဟား...ဟား"



www.burmeseclassic.com

www.burmeseclassic.com



အောက်လမ်းဆရာက ဒေါ်အိမ်စိုးကို ကြည့်ရင်း အကြံအစည် အောင်တော့မည်မို့ တဟားဟား အော်ရယ်နေသည်။

"စား…စား…ဒေါ်အိမ်စိုး…စား၊ ခင်ဗျား စားချင်နေတာ ကြာပြီ မဟုတ်လား!"

ဒေါ်အိမ်စိုးမှာ အမဲသားအိုးကို ချက်ချင်းနှိုက်မစား။

စိမ်းစိမ်းကြီးသာ စိုက်ကြည့်လို့နေသည်။

အမဲသားအိုးကို စိုက်ကြည့်၍နေရင်းမှ…ဒေါ်အိမ်စိုး၏ ပုံသဏ္ဌာန်မှာ တစထက်တစ ကြီးမား၍လာသည်။

"ဟယ်!!"

"အံမယ်လေး…ကြောက်စရာကြီး"

"မျက်…မျက်စိများ မှားသလားဟင်…အကြီးကြီးပဲ"

"ဒေါ်အိမ်စိုးကြီးက တစ္ဆေဖြစ်ပြီးမှ တန်ခိုးရှိလာတယ်နော်"

"အဲ့ဒါ ကမ္ဘာဇိဒ္ဓိလို့ ခေါ်တယ်"

အထိတ်တလန့် အသံများကြားမှ…ဒေါ်အိမ်စိုး၏ အက်ကွဲခြောက်ကပ်သော အသံကြီးမှာ ချောက်ခြားဖွယ်ရာ ထိုးဖောက်၍ ထွက်လာခဲ့သည်။

"မစားဘူး…နင့်အမဲသားကို ငါမစားဘူး၊ နင့်အကြံကို ငါ မသိဘူးများ ထင်လို့လား၊ ဟင်း…ဟင်း…ဟင်း"

ဒေါ်အိမ်စိုး၏ရယ်သံများ ကျောပြင်၌ ကြက်သီးများ တဖြန်းဖြန်း ထ,စေလေသည်။

ချောက်ချားဖွယ်ရာ ကောင်းလွန်းလှသော အေးစက်စက် ရယ်သံကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး...အိုး...အိုးကို..."

ဟင်းဟင်း ရယ်နေရင်းမှ ဒေါ်အိမ်စိုးမှာ အမဲသားထည့်ထားသောမြေအိုးကို ခြေထောက်ဖြင့် တက်နင်းကာ ခွဲချလိုက်သည်။

ဒေါ်အိမ်စိုး၏လိပ်ပြာအား မြေအိုးထဲထည့်လှောင်၍ ခေါ်သွားရန် ဥာဏ်ဆင်ထားသော အောက်လမ်းဆရာမှာ...အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားပြီဖြစ်သောအိုးကိုကြည့်ကာ ထောင်းခနဲ ဒေါသထွက်သွားရလေသည်။

တကယ်တော့ အောက်လမ်းဆရာ စီရင်ထားသော အမဲသားစိမ်းမှာလည်း ရွံ့နွံသက်သက် ဖြစ်၍နေသည်။

"ဟင်...တစ္ဆေမကြီး ကျုပ်ကိုစမ်းတယ်ပေါ့...ဟုတ်လား!...ဆရာဘိုမောင်ကို ဘယ်သူကများ မော်ကြည့်ဝံ့လို့တုန်း။ တွေ့ကြသေးတာပေါ့ကွာ...ကိုင်းဟာ...ကိုင်းဟာ"

အောက်လမ်းဆရာမှာ ဘီလူးခေါင်းဖုံးခွက်ထဲမှ သဲများကိုယူကာ ဒေါ်အိမ်စိုးဆီ အဆုပ်လိုက် အဆုပ်လိုက် ကြဲပက်လိုက်သည်။

သဲများမှာဒေါ်အိမ်စိုးကိုထိလိုက်သည်နှင့်...ရဲခနဲ ရဲခနဲ မီးများဖြာထွက်သွားသည်။

ခဏတွင်းချင်း ဒေါ်အိမ်စိုး တစ်ကိုယ်လုံး မီးဟုန်းဟုန်းစွဲလောင်လေပြီ။

ဒေါ်အိမ်စိုးမှာ ပူလောင်လွန်းလှသဖြင့် ဆောက်တည်ရာမရဖြစ်ကာ ပြေးလွှားလျက်ရှိသည်။ ထို့နောက်...

သူ့အခေါင်းထဲ ပက်လက်အနေအထားဖြင့် စန့်စန့်ကြီး ပြန်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ပြန်ထွက်လာလျှင် ကိုယ်၌ စွဲလောင်၍နေသောမီးများ ငြိမ်း၍နေပေပြီ။

"ဪ...ခင်ဗျားကြီးက ပါဝါတော်တော်ထက်တယ်ပေါ့လေ ဟုတ်လား၊ ကဲ...လာထား၊ နောက်ဆုံးနည်း...အမြင့်ဆုံးလက်နက်"

အောက်လမ်းဆရာ ဘိုမောင်မှာ ကိုယ်၌ တစောင်း(စလွယ်သဏ္ဍာန်)ပတ်ထားသော ပုတီးကြီးကို ဆတ်ခနဲ ဖြုတ်ယူလိုက်သည်။

ဒေါ်အိမ်စိုးကို ကြည့်လိုက်သော မျက်လုံးများက မီးဝင်းဝင်း တောက်နေသည်။ ရက်စက်ကြမ်းကြုတ်တော့မည့် မျက်လုံးမျိုး။

ဒေါ်အိမ်စိုးကလည်း ခါးခါးသီးသီးပင် စိမ်းစိမ်းကြီး ပြန်စိုက်ကြည့်၍နေသည်။

"ရော့...သေစမ်း တစ္ဆေမကြီး"

အောက်လမ်းဆရာက ဒေါ်အိမ်စိုးထံ ပုတီးကို လှမ်းပစ်လိုက်သည်။

ဒေါ်အိမ်စိုးမှာ သတိအနေအထားဖြင့် လိမ့်၍ရှောင်လိုက်သော်လည်း...ပုတီးက လိမ့်သည့်ဘက်ကို လိုက်၍ စွပ်လိုက်လေသော အခါ...

"အံမယ်လေး...စွမ်းလိုက်တာနော် ဆရာဘိုမောင်က"

"အေးဟယ်...ရှောင်တဲ့ဘက်ကို လိုက်တာနော်"

ရွာသားများမှာ အောက်လမ်းဆရာကို တသသ ချီးမွမ်းမဆုံး တကယ်လည်း ဆရာဘိုမောင် ပစ်လွှတ်လိုက်သောပုတီးမှာ စွမ်းလှပေသည်။

ဒေါ်အိမ်စိုးတစ်ယောက် ခါတ်လိုက်သကဲ့သို့ ထွန့်ထွန့်လူး



www.burmeseclassic.com

www.burmeseclassic.com



ကာ...မြေပြင်၌ ဒေါ်အိမ်စိုးမှာ လူးလှိမ့်၍နေချေပြီ။

နတ်မှလည်း မခံမရပ်နိုင်သလို တအားအား ကျယ်လောင်စွာ အော်ဟစ်လျက်ရှိသည်။

အားလုံးမှာ ငြိမ်သက်လျက်ရှိကြသည်။

အမှန်အတိုင်း ဝန်ခံရလျှင်မူ ရွာသူရွာသားများအားလုံးရဲ့စိတ် ထဲမှာ ဒေါ်အိမ်စိုးခံရသည်ကို ဝမ်းသာပျော်ရွှင်၍နေကြသည်။

သူတို့အပေါ် အမြဲလို ဗိုလ်ကျအနိုင်ကျင့်ခဲ့သော ဒေါ်အိမ်စိုး ကို ရယ်စရာမှ နှင်ထုတ်ချင်သည်မှာ အားလုံးရဲ့ဆန္ဒပဲ ဖြစ်သည်။

သို့ရာတွင်...

ဒေါ်အိမ်စိုး ခုလို မချိမဆန့် လူးလှိမ့်ကာ ခံစားနေရသည်ကို မကြည့်ရက်နိုင်သူ နှစ်ဦးရှိသည်။

"ဒကာမကြီးဒေါ်အိမ်စိုး"

ဟု တည်ငြိမ်အေးချမ်းသော ပကတိအသံဖြင့်ခေါ်ရင်း သူ ရှေ့ကိုတိုးလိုက်သည်။

အားလုံးက "ဟင်" ခနဲ...။ မထင်မှတ်ထားသော အသံများဖြင့် သူ့ဆီတပြိုင်နက် လှည့်ကြည့်ကြသည်။ ထိုစဉ်...

"အမေ"

ကလေးတစ်ယောက်လို ငိုသံပါကြီးဖြင့် ဒေါ်အိမ်စိုးရှေ့ ပြေး ဝင်သွားသော မောင်မိုး။ ဘယ်သူမှ လှမ်းဆွဲဖို့ အချိန်မရလိုက်...။

သို့သော်...

မောင်မိုးလေးခမျာ ပူလွန်းသည်မို့ အမေ့အနား မကပ်နိုင်။ အမေ့ရှေ့မှာ ဝမ်းလျားထိုးမှောက်ကာ...ကလေးငယ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို သည်းသည်းထန်ထန် ရှိုက်ငိုရှာသည်။

"အမေ..အမေ..အမေ..ဘာဖြစ်လို့ သရဲဖြစ်နေရတာလဲ၊ အမေသေပြီဆို၊ သေရင် ပျောက်သွားရမှာပေါ့၊ သူများတွေ သေရင် ပျောက်သွားကြတာ၊ အမေက ဘာလို့ပြန်ပေါ်လာရတာလဲ...ဟီး"

ခုနက ဒေါ်အိမ်စိုး မရှုမလှ ခံနေရသည်ကို ဝမ်းသာမဆုံး ဖြစ်နေကြသော ရွာသားများမှာ ခုလို မောင်မိုးလေး ငိုကြွေးနေရှာတာ မြင်ရတော့ ဝမ်းမသာနိုင်ကြတော့...။

ရင်ထဲ ဆို့နစ်လာကြရတော့သည်။

"အမေ..အမေ့ကို သူ..သူက ဘာလို့နှိပ်စက်နေရတာလဲ..၊ အမေ့ကို သူတို့ ဘာလို့မသနားတာလဲ၊ သား သနားတယ်၊ အမေ့ကို ဘယ်သူမှ မသနားကြတော့ဘူးလား။ အမေ့ကို သူတို့အားလုံး ရက်စက်ကြတယ်...အဟီး...ဟီး"

ကြွေကြွေကွဲကွဲ အော်ဟစ်ရှိုက်ငိုနေရှာသော မောင်မိုးက လေးကို သူ မကြည့်ရက်တော့။

ရွှေတိုးကာ...

"ဦးဇင်း တကာလေးရဲ့အမေကို သနားပါတယ်"

သူ့စကားသံကို ကြားလိုက်ရလျှင် မောင်မိုးလေးက မျက်ရည်တို့ အိုင်ထွန်းနေသော မျက်လုံးကလေးများဖြင့် သူ့ကိုမော့ကြည့်ရှာသည်။

"ဦးဇင်း..."

သူ သက်ပြင်းတစ်ခုကို လေးလေးပင်ပင် ရှိုက်လိုက်သည်။

"တပည့်တော်ရဲ့အမေကို ကယ်ပါဦး..၊ ကယ်ပေးပါနော်



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်း"

မောင်မိုးလေးမှာ ငိုကြွေးနေရာရာမှ သူ့ဆီ ချက်ချင်းပြေးလာကာ ခြေသလုံးကို ကျပ်နေအောင်ဖက်လျက် အကူအညီတောင်းနေလေတော့သည်။

သူ ဘာလုပ်ရတော့မည်နည်း။

သူ လုပ်ပေးနိုင်တာ တစ်ခုပဲ ရှိပါသည်။

အောက်လမ်းဆရာ ဘိုမောင်နှင့် မျက်နှာချင်းဆိုင်လိုက်ကာ..

"ဦးဇင်း မေတ္တာရပ်ခံပါတယ်၊ ဒီဒကာမကြီးကို ချမ်းသာခွင့်ပေးလိုက်ပါ"

အောက်လမ်းဆရာ ဘိုမောင်က သူ့ကို အသေအချာ စူးစိုက်ကြည့်နေခဲ့ပြီးမှ...

"ဩော်...ဟော်...ဟော်...ဦးဇင်းဆိုတော့ ဘယ်သူလဲ မှတ်ပါတယ်၊ လက်စသတ်တော့ "မောင်"ဆိုတဲ့ ဆရာသမားပါလား၊ ဘယ့်နယ်...သင်္ကန်းဝတ်နဲ့ဆိုတော့လည်း ကြည်ညိုစရာကောင်းသား၊ ဒါက ရော စတန့်သစ်လား ဦးဇင်းရဲ့...ဟင်း...ဟင်း"

သူ ဘာမှပြန်မပြောဘဲ ဘိုမောင့်မျက်နှာကို တည်ငြိမ်စွာသာ စိုက်ကြည့်နေလိုက်သည်။

"ဒီနေရာမှာ ငယ်ကျိုးငယ်နာတွေတော့ မဖေါ်ချင်တော့ပါဘူး၊ ဒါပေမယ့် ဦးဇင်းလည်း ဦးဇင်းအလုပ်လုပ်ချေပါ၊ ဦးဇင်းအလုပ်ကို တပည့်တော် မနှောင့်ယှက်ပါဘူး၊ တပည့်တော်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ပါရစေ"

သူ့ကို မနှောင့်ယှက်ပါနဲ့လို့ ဆက်မပြောရဲ့တမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းရှိုက်လိုက်မိပြန်သည်။

အောက်လမ်းဆရာကိုတော့..သူ ထပ်ပြော၍ ရမည်မထင်တော့။ သူ ဘာဆက်လုပ်ရမည်နည်း။

အကြံအိုက်သွားဆဲ...

စုန်းခနဲ ကြောက်မက်ဖွယ် မြည်ဟည်းသံကြီးနှင့်အတူ ဒေါ်အိမ်စိုးရဲ့ အားကုန်ရုန်းဖြတ်မှုကြောင့် အောက်လမ်းဆရာ၏ ပုတီးမှာ တစ်လုံးစီ ကွဲပြတ်လွင့်စဉ်သွားခဲ့ပြီ။

ဒေါ်အိမ်စိုးသည်လည်း သွေးပျက်ချင်စဖွယ်ကောင်းလောက်အောင် ဒေါသကြီး ခက်ထန်ကာ အောက်လမ်းဆရာရှေ့ ရောက်လာခဲ့ပြီ။

ဘိုမောင်တစ်ယောက် သွေးပျက်တုန်လှုပ်ခဲ့ပြီ။

သူ့မှာ နည်းကုန်ပြီ။

နောက်ဆုံးလက်နက်သည်လည်း မတတ်နိုင်တော့ပြီ။

ဒေါ်အိမ်စိုးမှာ အစွယ်ကြီး ဖြဲကာ တအားအား အော်ရင်းက ပြာနှမ်းဖောင်းကားပြီး လက်သည်းရှည်ကြီးများနှင့် ကြောက်မက်ဖွယ်ကောင်းလှသော လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ဘိုမောင့်ဆီ တရွေ့ရွေ့ ချဉ်းကပ်သည်။ ဘိုမောင် ကြောက်လွန်းသဖြင့် တဆတ်ဆတ်တုန်ကာ ကြောက်ချွေးများ ရွှဲနစ်နေသည်။

အနေအထားက ပြောင်းပြန်ဖြစ်ချေပြီတည့်။

အခုတော့ ဘိုမောင် သားကောင်ပြန်ဖြစ်ရပြီ။

ဘိုမောင်တစ်ယောက် ဒေါ်အိမ်စိုးရဲ့လက်နှစ်ဖက်ကို မျက်လုံးပြူးကြီးများနှင့် စိုက်ကြည့်ကာ နောက်သို့ တရွေ့ရွေ့ ဆုတ်နေသည်။

www.burmeseclassic.com



သို့သော်...အောက်လမ်းဆရာအတွက် သချိုင်းမြေမှာ လွတ်ရာလမ်း ရှိမည်မဟုတ်။

ဘိုမောင့်စိတ်ထဲတွင် ဒေါ်အိမ်စိုးဆိုသည့် တစ္ဆေမကြီးတစ်ယောက်ထဲမဟုတ်...သချိုင်းမြေတစ်ခုလုံးရှိ သရဲတစ္ဆေများအားလုံးက သူ့ကိုဝိုင်းထားသည့်ပမာ ခံစားလာရတော့သည်။

သူ...ဒီတစ္ဆေမကြီးရဲ့လက်ထဲမှာ သေရတော့မည်လား။

ဒေါ်အိမ်စိုးရဲ့လက်ကြီးနှစ်ဖက်မှာ သူ့လည်ပင်းဆီရောက်ရန် တစ်ထွာခန့်သာ လိုတော့လျှင်...

နောက်ဆုံး အားကိုးရာအဖြစ်...

"ဦးဇင်း...ကယ်ပါဦး"

ဦးဇင်းကို အားကိုးတကြီးဖြင့် မျက်စိစုံမှိတ်ကာ တ,မိလေတော့သည်။

"ဒကာမကြီး"

သူ ခေါ်လိုက်လျှင် ဒေါ်အိမ်စိုးရဲ့ပြူးထွက်နီရဲနေသော မျက်လုံးများမှာ သူ့ဘက်လှည့်လာသည်။

"သူ့ကို ချမ်းသာခွင့်ပေးလိုက်ပါ ဒကာမကြီးရယ်"

"ဘာ!!.."

"သူ့ကို ချမ်းသာခွင့် ပေးလိုက်ပါ"

"သူ..သူက ရက်ရက်စက်စက် နှိပ်စက်ခဲ့တာကို ခံနေရတုန်းကတော့ ဦးဇင်းက ကြည့်ရက်ခဲ့တယ်၊ အခု တပည့်တော်မ အလှည့်ရောက်တော့မှ တားမြစ်တယ်ပေါ့"

သူ့ကိုကြည့်သော ဒေါ်အိမ်စိုးရဲ့မျက်လုံးများထဲမှ ခက်ထန်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းလှသော အညိုးအတေးများကို တွေ့မြင်ရသည်။

သူ..ဘိုမောင်နှင့် ဒေါ်အိမ်စိုးကြား ဝင်ရပ်လိုက်ကာ...

"မှန်ပါတယ်...သူနှိပ်စက်ခဲ့တုန်းကလည်း ဦးဇင်း မေတ္တာရပ်ခံခဲ့ပါတယ်၊ သူ နားမထောင်ပါဘူး"

ဒေါ်အိမ်စိုးတစ်ယောက် မဲ့ပြုံးပြုံးလေသည်။

သူ ခေါင်းတဆတ်ဆတ်ညိတ်လျက်...

"ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့၊ ဒကာမကြီးလည်း သူ တစ်ပါးတွေကို ခုလိုမျိုး နှိပ်စက်ခဲ့မိလို့ ပြန်ခံစားရတယ်လို့ နှလုံးသွင်းကြည့်ပါလားကွယ်...

"ဒကာမကြီးက သူ့အပေါ် တုံ့ပြန်ခဲ့မယ်ဆိုရင်၊ ကလဲ့စားချေခဲ့မယ်ဆိုရင်..ဒကာမကြီးတို့နှစ်ယောက်ရဲ့ကြားက သံသရာဟာ ပြီးဆုံးပြတ်တောက်နိုင်ပါ့ဦးမလား...ဘာဖြစ်လို့များ သံသရာကို ဆွဲဆန့်ဦးမှာလဲ!"

တစ်ခွန်းချင်း မိန့်သော သူ့စကားရဲ့အဆုံးတွင် ဒေါ်အိမ်စိုးမှာ အုံ့ဩလောက်စဖွယ် ငြိမ်သက်တွေဝေသွားတာကို မြင်တွေ့လိုက်ရသည်။

"ပြီးတော့ ဘဝဟောင်းမှာ ကျန်ရစ်ခဲ့တဲ့ ဟော့ဒီ မောင်မိုးဆိုတဲ့ သားကိုလည်း ငဲ့ညှာဦးမှပေါ့"

"သား" ဆိုသည့်စကား ကြားလိုက်ရလျှင် ဒေါ်အိမ်စိုးရဲ့မျက်လုံးများ စိမ်းခနဲ လက်သွားခဲ့သည်။

"ဒကာမကြီးရဲ့သားဟာ ဒကာမကြီးအပေါ် သံယောဇဉ်ကြီးရှာပါတယ်၊ သားလေးကို စိတ်မချမ်းသာစေချင်ဘူးလား။ သားလေးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမေ့ကို နာနာဘာဝအဖြစ် မြင်တွေ့ချင်ပါ့မလား။ ကောင်းကင်ပေါ်မှာနေတဲ့ မြင့်မြတ်တဲ့ ဘုံသားအဖြစ်ပဲ တွေ့မြင်ချင်ရှာလိမ့်မပေါ့"

သူ ကောင်းကင်ကို မော့ကြည့်ပြီးပြောလျှင် မောင်မိုးလေးတလည်း သူ့စကားကို ခေါင်းအခါခါ ညိတ်ကာ ထောက်ခံလေ၏။

"လောကကြီးထဲ သူတကာနဲ့မတူဘဲ အားနည်းချတ်ယွင်းချက်နဲ့ ရောက်လာတဲ့သားကို နာနာဘာဝမကြီး တစ္ဆေမကြီးရဲ့သားအဖြစ်တော့ လူကြားထဲ ထပ်ပြီးမညှိုးငယ်ပါစေနဲ့ကွယ်"

ဒေါ်အိမ်စိုး၏မျက်လုံးအိမ်မှာ မည်းနက်သော သွေးရည်စက်များက ဆင်းလာတာ တွေ့လိုက်ရသည်။

"အများတွေ ထပ်မလုပ်ပါနဲ့တော့၊ ဒုက္ခဆင်းရဲများလှတဲ့...နိမ့်ပါးနွံ့ဝေးလှတဲ့ လက်ရှိဘဝက ကျွတ်အောင် ကြိုးစားပါ၊ အလင်းရောင်ဆီ ရောက်အောင်သွားပါ"

"တင်..တင်ပါ့ဘုရား"

ဒေါ်အိမ်စိုးဆီမှ "တင်ပါ့ဘုရား" ဆိုသောစကားကြားရလျှင် သူ အလွန်အမင်း အားတက်သွားရသည်။

သူ အောင်မြင်ပြီတည်း။

ဤရွာအပေါ် အားကိုးခြင်းခံရလောက်သော တာဝန်ကျေပွန်ပြီတည်း။

"ကဲ...ဦးဇင်း အမျှပေးပါမယ်...သာဓုခေါ်ပါ"

"တင်ပါ့"

ဒေါ်အိမ်စိုး သူ့ခြေရင်း၌ ကြုံ့ကြုံ့ရုံ့ရုံ့ ထိုင်ကာ လက်အုပ်ချီ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ပီတိအနန္တ...။

သူ ရဟန်းပြုခဲ့ရကျိုးနပ်ပြီတည်း...။

"ကဲ...ဦးဇင်း ပြုခဲ့သမျှ ဒါန သီလ ဘာဝနာ ကုသိုလ်အဖို့ဘာဂ အားလုံးကို မေတ္တာပို့ အမျှပေးဝေပါတယ်၊ ဒကာမကြီး ဒေါ်အိမ်မိုးနှင့်တကွ ကြားကြားသမျှ မကျွတ်မလွတ်သေးသော သတ္တဝါများအားလုံး အမျှ..အမျှ..အမျှ"

"သာဓု...သာဓု...သာဓု"

ဝေစည်လှသော သာဓုခေါ်သံဖြင့် သချိုင်းမြေတစ်ခုလုံး တုန်ဟည်းသွားခဲ့သည်ဟု သူထင်မိသည်။

ဆိုးရွားလှသည်ဆိုသော...

ကြမ်းတမ်းလှသည်ဆိုသော...

ဒေါ်အိမ်မိုးဆိုသည့် တစ္ဆေမကြီးကို သာဓုခေါ်နိုင်အောင် သူဆောင်ရွက်နိုင်ခဲ့ပြီမို့...

ရဟန်းတစ်ပါးရဲ့တာဝန်တော့ ကျေပွန်ခဲ့ပြီ ထင်ပါရဲ့။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၂ )

ကျောင်းသားတွေအပေါ် သူတာဝန်ကျေခဲ့သော်လည်း…သူ့ကို တစ်ယောက်ထဲ ရှန်းကန်ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သော အမေ့ အပေါ်တော့ သူ တာဝန်မကျေသေး။ အမေ့အတွက်လည်း သူ တစ်ခန် တလှည့် ပြန်လည်ဖြည့်စွမ်း ပေးဆပ်ရပါဦးမည်။

ထို့နောက်တွင်မတော့…

ကျောင်းထိုင်ဆရာတော် ဆွမ်းခံကြွလျှင် ကပ္ပိယကြီးဦးသာ အောင် ကျောင်းသားလေး ဥသြတို့တင်မကတော့ဘဲ နောက်ထပ် ကျောင်းသားတစ်ယောက် ထပ်တိုးခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းသားလေးကတော့...

"ဆွမ်းတော်ဖို့"

ဟူသောအသံကို..ဝေဝေစည်စည် ကျယ်ကျယ်လွင့်လွင့် ဟစ်တတ်သော မောင်မိုးဟူသည့် ချစ်စရာ ကလေးကြီးတစ်ယောက် ပင်။

ဤသို့ဖြင့် တစ်ဝါကျွတ်ခဲ့လျှင်...

ဦးပြည်စိမ်းစိမ်းကို ယောင်ယမ်းပွတ်သပ်ကာ ဆရာတော့် ကျောင်းမှ တစ်လှမ်းချင်း ခြေလှမ်းမှန်မှန်ဖြင့် ထွက်လာသော...

ရှင်လိင်ပြန် လူတစ်ယောက်။

သူ့ကို ကျောင်းဝမှာ အဆင်သင့် စောင့်ကြိုနေသည်မှာ "ဖော်ကြီး" ...ဆိုးဖော်ဆိုးဖက် သူငယ်ချင်း။

"ငါ အမေ့ဆီ အရင်မသွားသေးဘူး သူငယ်ချင်း"

ဖော်ကြီးက အူကြောင်ကြောင်ဖြင့် သူ့ကို ကြည့်သည်။

"ငါ့ကိုယ်ငါ သန့်စင်သေးတယ် မထင်သေးဘူး၊ ငါလုပ်ခဲ့တဲ့ အပြစ်တွေအတွက် ရဲစခန်းသွားပြီး ဖြောင့်ချက်အရင်သွားပေးလိုက်ဦး မယ်၊ ဥပဒေကပေးတဲ့ ထိုက်တန်တဲ့အပြစ်ကို ခံယူပြီးတော့မှပဲ အမေ့ ဆီ အကြွေးဆပ်ဖို့ ပြန်တော့မယ်"

သူ့စကားဆုံးလျှင် ဖော်ကြီးက နှစ်နှစ်ခြိုက်ခြိုက် ပြုံးသည်။

"ဒါဆိုရင်တော့ မင်း အမေ့ဆီ ခုတစ်ခါထဲ တန်းသွားလို့ရပြီ သူငယ်ချင်း"

"ဘယ်လို"

ဒီတစ်ခါ နားရှုပ်ထွေးသွားရသူက သူကိုယ်တိုင်ပင် ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း ရဟန်းဝတ်နေတဲ့အချိန်မှာ ရဲတွေက မင်းခြေလှမ်းကို စောင့်ကြည့်နေခဲ့တာ၊ မင်းက တကယ် ရဟန်းပီသအောင်လည်း နေခဲ့တယ်၊ ရွာသားတွေ လေးစားကြည်ညိုအောင်လည်း နေခဲ့တော့ အချိန်တွေလည်း ကြာခဲ့ပြီမို့ မင်းကိုတိုင်ထားတဲ့သူတွေကလည်း အမှုတွေ ပြန်ပိတ်ပေးလိုက်ကြပြီ၊ မင်းရဲ့အပြစ်တွေကို သာသနာက ဆေးကြော ပေးလိုက်တယ်လို့ပဲ နှလုံးသွင်းလိုက်ပေါ့ကွာ"

သူ အရမ်းကို ပျော်ရွှင်ကြည်နူးသွားရသည်။

ဒါဆို...

သူ ရှင်လိုင်ပြန်ဘဝဖြင့် အမေ့ကိုအရင်ဆုံး ပြေးဦးခိုက်နိုင်ပြီ။ အမေ့ကို သူ ကျွေးမွေး ဆပ်ခွင့်ရပြီလေ။

"သားအတွက် အမေ တစ်သက်လုံး ပင်ပန်းရုန်းကန်ခဲ့သမျှ သားတလှည့် အမေ့ကို ပြန်ပြီးပြုစုပါရစေ၊ လုပ်ကျွေးပါရစေနော် အမေ...သားကို ကျွေးမွေးဆပ်ခွင့်ပြုပါ"

သူ အမေ့ခြေအစုံကို ဦးတိုက်တော့ အမေ မျက်ရည်ကျရှာ သည်။

"သာဓုပါကွယ်...သာဓုပါ...သာဓုပါ"

ပီတိမျက်ရည်များကြားက နူးညံ့ငြိမ်းချမ်းစွာ ပြုံးလဲ့နေသော အမေ့မျက်နှာမှာ ကျက်သရေ ရှိလှပါသည်။

အမေ့ရဲ့မျက်ရည်ဖုံးသော မျက်လုံးကလေးများမှာ ခေါင်းတံ နားဆီသို့ ရွေ့သွားကာ...

"အမေ့ကို ကျွေးမွေးဆပ်တာတော့ ဟုတ်ပါပြီ၊ ကျွေးသစ်



www.burmeseclassic.com

www.burmeseclassic.com



ချဖို့ တာဝန်လည်း ရှိသေးတယ်လေ ငါ့သားရဲ့"

"ဗျာ"

ရွှေ့လျားသွားသော အမေ့မျက်လုံးများရဲ့ ဦးတည်ရာကို လှည့်ကြည့်တော့ ရှက်ပြုံးကလေးနှင့် ခေါင်းငုံ့နေသော..နိုင်..မရနိုင်။

"သားက လုပ်ကျွေးမယ်ဆိုရင်ဖြင့် အမေ နာဖျားမကျန်းတော့ အနီးကပ်ပြုစုမယ့် တိုးတိုးဖော်တိုင်ပင်ဖက် သမီးတစ်ယောက်တော့ လိုသေးတာပေါ့။ မဟုတ်ဘူးလား သမီးနိုင်"

အမေက ကောင်မလေးကို စကားဝိုင်းထဲ ဆွဲသွင်းသည်။

"အို...အမေကလဲ...နိုင်မသိပါဘူး"

ကောင်မလေး ရှက်ဝဲဝဲနှင့် သုတ်ခနဲ ထပြေး၏။

သူ လွင့်ဝဲသွားသော ဆံနွယ်လေးများကို လိုက်ငေးကြည့်မိ၏။

"သမီးနိုင်က အမေ့အပေါ် အရမ်းကောင်းတာ၊ စိတ်ကူးမလွဲနဲ့နော် သား"

သူ ခေါင်းကြီး ငိုက်စိုက်ချကာ ပြုံးမိသည်။

နားထဲမှာ အမေ့ရဲ့ "ကြွေးသစ်..ကြွေးသစ်.." ဆိုသော စကားက ကြော်ငြာစာသားတစ်ခွန်းလို ချိုမြိန်စွာ ပဲ့တင်ထပ်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ရေစက်သိမ်း

သိပ် မကြာခင်မှာပဲ...

သူနှင့်နိုင် ကြည်နူးမြူးမွေ့စွာ လက်ထပ်ခဲ့ကြပါသည်။

မင်္ဂလာဆွမ်းကျွေးပြီးတော့...

ရှာဦး၌ မဏ္ဍာပ်ထိုးကာ ပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ညည့်ခံပွဲ ပြုလုပ်ခဲ့ပါသည်။

အမှတ်မထင်...

လက်ဖွဲ့လက်ခံသော ကောင်တာစားပွဲဆီ အကြည့်ရောက်မိနိုက်..

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ ပိန္နဲသီးကြီးတစ်လုံးကို လှပသော ဖဲကြိုးများဖြင့် ချည်နှောင်ထားသည်ကို မြင်လိုက်ရလျှင် ရင်ထဲ ဒိန်းခနဲဖြစ်ကာ... ကျောရိုးတလျှောက် ကြက်သီးများ တဖြန်းဖြန်း ထ,သွားရပါသည်။

ပိန္နဲသီး...

ပိန္နဲသီး...

သူ့ရဲ့ဒုလ္လဘရဟန်းဘဝ၌ အရေးပါလှသော ပိန္နဲသီး။

သူ မလှမ်းအပြင်သို့ ရေးကြီးသုတ်ပျာ ပြေးထွက်ကြည့်လိုက်လျှင်...

သူ့ကို ကျောပေးလျက် ထွက်ခွာသွားပြီဖြစ်သော အရိပ်တစ်ခုကို မြင်လိုက်ရလေတော့သတည်း။ ။

www.burmeseclassic.com